# ဟကယ်လား ဒုဟည်လား ?

## ပြည်တွင်းစစ်နှင့် လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်စဉ်များဆိုင်ရာ ပတ်သက်သောအမြင်များကို လေ့လာခြင်း


**ရဲဟိန်းအောင်**





SYNERGY
Harmony in our Society

BURMA CIVIL WAR MUSEUM

# တကယ်လား? အတည်လား?

## ပြည်တွင်းစစ်နှင့် လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်စဉ်များဆိုင်ရာ ပတ်သက်သော အမြင်များကို လေ့လာခြင်း

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

**ရဲဟိန်းအောင်**

၂၀၂၂။ ဒီဇင်ဘာလ။
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# အထူးပန်ကြားချက်

ဤလေ့လာမှုတွင် ထည့်သွင်းအသုံးပြုထားသော ဓာတ်ပုံများ၊ မှတ်တမ်းများအတွက် မူရင်းရိုက်ကူးသူ၊ ပြုစုသူများအား လေးလေးနက်နက် အသိအမှတ်ပြုပါသည်။ ကြိုတင်ခွင့်တောင်းရန် ပျက်ကွက်မှုအတွက် တောင်းပန်အပ်ပါသည်။

■

# အမှာစာ

နွေဦးတော်လှန်ရေးကာလ နှစ်နှစ်နီးပါး ကြာလာသည်နှင့်အမျှ တော်လှန်ရေးအင်အားစုများအတွင်း ပြန်လည်သုံးသပ်မှုများနှင့် ဝေဖန်မှုများ မြင့်တက်လာလျက် ရှိသည်။ တော်လှန်ရေး၏ တပ်ဦးတွင်ရှိနေသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ပိုမိုထိရောက် ကောင်းမွန်သော ခေါင်းဆောင်မှု ပေါ်ပေါက်စေရေးနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အား ပိုမိုထိရောက်သည့် မူဝါဒရေးရာ စုဖွဲ့မှုပုံစံများ ပေါ်ပေါက်လာစေရေးတို့အတွက် လူမှုကွန်ရက်မီဒီယာများတွင် တိုက်တွန်းရေးသားချက်များအပေါ် ပြန်လည်တုံ့ပြန် ချေပမှုများလည်း ခပ်စိတ်စိတ် တွေ့လာရသည်။

ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော ဆွေးနွေးငြင်းခုန်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်သည်ဆိုသော်လည်း တစ်ဖက်နှင့်တစ်ဖက် ပြန်လှန် စွတ်စွဲတံဆိပ်ကပ်ခြင်းများသည် မိမိတို့နှင့် သဘောထား ကွဲလွဲသော အင်အားစုများကို ရန်သူအဖြစ် ပုံဖော်ရာရောက်သဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသာ 'ငါနှင့်မတူ ရန်သူ' ဟူသည့် အတွေးအခေါ်ကို ပိုမိုခိုင်မာအားကောင်းစေရန်အတွက် တွန်းအားဖြစ်စေသည်။

ခေတ်အဆက်ဆက် အုပ်ချုပ်သူများသည် မီဒီယာမျိုးစုံကို အသုံးပြုဝါဒဖြန့်၍ ၎င်းတို့နှင့် ဆန့်ကျင်ဘက် အုပ်စုများကို ထိုးနှက်ခဲ့ကြသည်။ ထိုကဲ့သို့ ဝါဒဖြန့်ချိမှုများသည် လူမှုကွန်ယက်မီဒီယာများ တွင်ကျယ်လာပြီးနောက်တွင် လူထုကြားထဲသို့ ပိုမိုရောက်ရှိခဲ့သည်။ လူမှုကွန်ယက်တွင် လူသိများထင်ရှားသူများက ၎င်းတို့လိုလားသော အုပ်ချုပ်သူများ၏ မူဝါဒများကို အမွှန်းတင် ရောင်ပြန်ဟပ်သည့် အရေးအသားများကြောင့်လည်း လူ့အဖွဲ့အစည်းအတွင်း ဆိုးဝါးသည့် အကွဲအပြဲ ဒဏ်ရာဒဏ်ချက်များကို ဖြစ်ပေါ်စေခဲ့သည်။

ယခု သုတေသနစာတမ်းသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အစိုးရအဆက်ဆက် အပါအဝင် လူသိများ ထင်ရှားသူများက ပြည်သူများအား မိမိတို့လိုရာသို့ ပါဝင်လာအောင် ပုံစံမျိုးစုံဖြင့် စည်းရုံးလှုံ့ဆော်ခဲ့သည်များနှင့် ၎င်းလုပ်ဆောင်မှုများကြောင့် လူ့အဖွဲ့အစည်းအတွင်း မည်ကဲ့သို့ ထိခိုက်ခဲ့ကြရသည်ကို လေ့လာသုံးသပ်ထားသည်။

ကျွန်ုပ်တို့၏ တော်လှန်ရေးသည် ဖက်ဆစ်စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များအား ရပ်တန့်ပြီး နစ်နာမှုများအတွက် တရားမျှတမှုရရှိစေရေး ဆောင်ရွက်ရန်တင်မဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသည့် ဖိနှိပ်ခွဲခြားဆက်ဆံမှုများနှင့် အမုန်းတရားများကိုဖြစ်စေသည့် အကြောင်းရင်းများကိုပါ ရပ်တန့်ပြီး အနာဂတ် လူ့အဖွဲ့အစည်းသစ်ကို ပုံဖော်ထုဆစ်ရမည်လည်း ဖြစ်သဖြင့် မဝေးသေးသော အတိတ်ကအမှားများကို သင်ခန်းစာယူပြုပြင်နိုင်ရန် ယခုသုတေသနစာတမ်းကို ထုတ်ဝေရခြင်းဖြစ်သည်။

စာတမ်းအား အစအဆုံးတာဝန်ယူ ပြုစုပေးသော ဆရာ ရဲဟိန်းအောင် (Burma Civil War Museum) အပါအဝင် စာတမ်းဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးခဲ့ကြသော လူမှုကွန်ရက်တွင် လူသိများထင်ရှားသူများနှင့် အသိပညာရှင် အတတ်ပညာရှင်များအား အထူးကျေးဇူးတင်ပါသည်။

**တော်လှန်ရေးသစ္စာဖြင့် . . .**

**သက်ဆွေဝင်း**

**အမှုဆောင်ဒါရိုက်တာ**

**Synergy-လူမှုသဟဇာတ ဖော်ဆောင်ရေးအဖွဲ့**

# စာရေးသူအကြောင်း

ရဲဟိန်းအောင်သည် ၂၀၀၅ ခုနှစ်တွင် နိုင်ငံတကာ ဆက်ဆံရေး ဘာသာရပ်နှင့် ဝိဇ္ဇာဘွဲ့အား ဒဂုံတက္ကသိုလ်မှ ရရှိခဲ့ပြီး၊ ၂၀၀၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ (ဘွဲ့လွန်ဒီပလိုမာ)ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ စတင်၍ မြန်မာ့နိုင်ငံရေးသမိုင်းနှင့် ပတ်သက်သော အချက်အလက် စုဆောင်းမှုများနှင့် သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်၊ လူမျိုးတုန်းသတ်ဖြတ်မှု၊ ဘာသာရေးနှင့် လူမျိုးရေး ပဋိပက္ခများနှင့် ပတ်သက်ပြီး လေ့လာမှုများ ပြုလုပ်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာယဉ်ကျေးမှု သုတေသနအသင်း (Myanmar Cultural Research Society – MCRS) နှင့် ဗမာ့ပြည်တွင်းစစ်ပြတိုက် (Burma Civil War Museum - BCM) တို့၏ ထူထောင်သူလည်း ဖြစ်သည်။

■

# (၁) နိဒါန်း

ဗြိတိသျှတို့၏ ကိုလိုနီပြုကျင့်မှု ရလာဒ်အဖြစ် ပေါ်ထွက်လာခဲ့သော ဗမာပြည်သည် မြေမျက်နှာသွင်ပြင်နှင့် ပထဝီဝင်ဆိုင်ရာ တည်ရှိမှုများအဖြစ် တောင်တန်းဒေသများ၊ မြေပြန့်ဒေသများနှင့် မြစ်ဝကျွန်းပေါ် ဒေသများ ပေါင်းစပ်ပါဝင် ဖွဲ့စည်းထားသော ဒေသတစ်ခုဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။ အဆိုပါ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် အမည်ခေါ်ဆို သတ်မှတ်ထားသည့် ဗမာပြည်အတွင်း ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ နိုင်ငံရေး၊ သမိုင်းကြောင်း နောက်ခံနှင့် ယုံကြည်ကိုးကွယ်မှု စုံလင်ကွဲပြားသော လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများ များစွာ ပါဝင်တည်ရှိလျက် ရှိသည်။

အဆိုပါ ဗမာပြည်အတွင်း လွတ်လပ်ရေး မရရှိမီကပင် နိုင်ငံတည်ထောင်ရေးဆိုင်ရာ အတွေးအခေါ်နှင့် အယူဝါဒ မတူညီမှုများကြောင့်လည်းကောင်း၊ လူမျိုးစုများ၏ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ရေးဆိုင်ရာ လိုအပ်ချက်များကြောင့်လည်းကောင်း ပြည်တွင်းစစ်စတင် ဖြစ်ပွားခဲ့သည်။ ယခု ၂၀၂၂ ခုနှစ်အထိဆိုလျှင် လွတ်လပ်ရေး ရပြီးချိန်မှ စတင်၍ နှစ်ပေါင်း ၇၄ နှစ်တိုင်အောင် ပြည်တွင်းစစ်ပွဲများမှာ ဗမာပြည်အတွင်း ချုပ်ငြိမ်းခဲ့ခြင်း မရှိခဲ့ပေ။ ဗဟိုအစိုးရအနေဖြင့် ဗမာပြည်အား အုပ်ချုပ်ခဲ့သော အရပ်သားအစိုးရ ၂၂ နှစ်ကာလ[1] နှင့် စစ်အာဏာရှင်အုပ်ချုပ်ရေး ၅၂ ကာလ[2] အတွင်း၌လည်း ဤပြည်တွင်းစစ်ပြဿနာကို ခိုင်မာမှန်ကန်သည့် နိုင်ငံရေး နည်းလမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ခြင်း မရှိပေ။ ပြည်ထောင်စုအစိုးရ (သို့) ဗဟိုအစိုးရများအနေဖြင့်လည်း ခေတ်အဆက်ဆက် အရပ်သားအစိုးရများနှင့် စစ်အာဏာရှင် အစိုးရများသည် ပြည်တွင်းစစ်အတွင်း လှုပ်ရှားပါဝင် တိုက်ခိုက်နေကြသော လက်နက်ကိုင် တော်လှန်ရေး အစု

1 ၁၉၄၈ - ၅၈ ဖ ဆ ပ လ အစိုးရ။ ၁၉၆၀ - ၆၂ ပြည်ထောင်စု အစိုးရ၊ ၂၀၁၁ - ၂၀၁၆ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရအဖွဲ့။ ၂၀၁၆ - ၂၀၂၁ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရအဖွဲ့။

2 ၁၉၅၈ - ၆၀ အိမ်စောင့်အစိုးရ။ ၁၉၆၂ - ၁၉၇၄ တော်လှန်ရေး ကောင်စီအစိုးရ။ ၁၉၇၄ - ၁၉၈၈ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ။ ၁၉၈၈ - ၁၉၉၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ၁၉၉၇ - ၂၀၁၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။ ၂၀၂၁ - ယနေ့အချိန်အထိ မြန်မာစစ်တပ်မှ တိုင်းပြည်အာဏာကို သိမ်းယူရန် ကြိုးစားလျက်ရှိသည်။

အဖွဲ့များအား သောင်းကျန်းသူများ၊ အဖျက်သမားများ အဖြစ်သာ ယူဆသတ်မှတ်ခဲ့ကြသည်။ ဤကဲ့သို့ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု ရရှိခြင်း မရှိခဲ့ပေ။

ဗမာပြည်သည် စုံလင်ကွဲပြားသော လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများ ပါဝင်တည်ရှိနေသော တိုင်းပြည် တစ်ခု ဖြစ်သည်။ သို့သော်လည်း နိုင်ငံရေးစနစ်များ၊ အုပ်ချုပ်ရေးပုံစံများ၊ ပညာရေး၊ စာပေနှင့် ယဉ်ကျေးမှု ဆိုင်ရာ ကိစ္စရပ်များတွင်မှု ဤစုံလင်ကွဲပြားမှုနှင့် ပတ်သက် ၍ ကောင်းမွန်သော အသိပညာပေးမှုများ၊ တန်ဖိုးထား လုပ်ဆောင်မှုများ၊ အပြန်အလှန် နားလည်မှုနှင့် အပြန် အလှန် ယုံကြည်လေးစားမှု တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အစိုးရအသီးသီးမှ ပျက်ကွက်ခဲ့ ကြသည်။ ထိုအစား မြန်မာဘာသာစကား၊ မြန်မာလူမျိုး ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာ ယုံကြည်မှုအပေါ်တွင်သာ နိုင်ငံ၏ အဓိက မဏ္ဍိုင်အဖြစ် သတ်မှတ်တည်ဆောက်ခဲ့ ကြပြီး လူမျိုးကြီးဝါဒကို အခြေပြုခဲ့သည်။ အစိုးရအဆက် ဆက်သည်လည်း စုံလင်ကွဲပြားသော လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများကို လျစ်လျူရှုခြင်း၊ ဗဟု လူ့အဖွဲ့ အစည်းထက် လူမျိုးတစ်မျိုးကိုသာအခြေပြုသည့် နိုင်ငံ တည်ဆောက်မှုကိုသာ အလေးထားခြင်း၊ ဖက်ဒရယ် ပြည်ထောင်စုကို အမှန်တကယ်တည်ဆောက်ရန် ပျက်ကွက် ခြင်းများသည် ဗမာပြည်၏ အခြေခံပြဿနာများအဖြစ် နှစ်ပေါင်းများစွာ တည်ရှိခဲ့ပြီး ပြည်တွင်းစစ်၏ အခြေခံ ကိစ္စရပ်များတွင်လည်း ဤအချက်များမှာ အဓိကကျလျက် ရှိသည်။

စုံလင်ကွဲပြားမှုကို လက်ခံအခြေပြု၍ နိုင်ငံ တည်ဆောက်ရန် ပျက်ကွက်ခြင်းများနှင့်အတူ ဗမာပြည် အတွင်း လူမျိုးရေးနှင့် ဘာသာရေး ပဋိပက္ခများသည် လည်း အကြိမ်ပေါင်းများစွာ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ စ၍ ယနေ့အချိန်အထိ လူမျိုးရေးနှင့် ဘာသာရေး ပဋိပက္ခပေါင်း အကြိမ် ၁၀၀ ဝန်းကျင်အထိ ဖြစ်ပွားခဲ့ပြီး ဖြစ်ရပ်အများစုမှာ အစ္စလာမ် ဘာသာဝင်များအပေါ် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်းမှ အာဏာသိမ်းယူခဲ့သည့် အချိန်မှစ၍ အစ္စလာမ်ဘာသာဝင်များ (မွတ်ဆလင်များ) အပေါ် ရန်လိုဆန့်ကျင်သည့် သဘောထားများသည် အစိုးရ အာဏာပိုင်များမှစ၍ လူ့အဖွဲ့အစည်းအထိ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိလာခဲ့သည်။ ထိုအချိန်မှစ၍ အစ္စလာမ်ဘာသာဝင်များ (မွတ်ဆလင်များ) အပေါ် အမုန်းစကားဖြင့်လည်းကောင်း၊ အချက်အလက် အမှား များဖြင့်လည်းကောင်း ရန်လိုဆန့်ကျင်မှုများသည် အစိုးရ ပုံနှိပ်ထုတ်ဝေမှုများ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် ဘာသာရေးခေါင်းဆောင်များ၏ တရားပွဲများနှင့် ကျောင်း စာသင်ခန်းများအထိပါ ပြန့်နှံ့တည်ရှိခဲ့သည်။ ထိုအခြေ အနေများနှင့် ပတ်သက်၍ အစိုးရအဆက်ဆက်မှ အရေး ယူရန်နှင့် တားဆီးရန် ပျက်ကွက်ခဲ့ကြသည်။

ဤရန်လိုမုန်းတီးမှုများ၏ အားအကောင်းဆုံး အချိန်မှာ ၂၀၁၂ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း အမြင့်မားဆုံးသော ရောက်ရှိခဲ့ပြီး သတင်းမီဒီယာများနှင့် လူမှုမီဒီယာများတွင်ပါ အကျယ်ပြန့်ဆုံး ဖြစ်ခဲ့သည်။ အစ္စလာမ်ဘာသာဝင်များနှင့် အဆက်အဆံမလုပ်ရန်၊ ဈေးရောင်းဈေးဝယ် မပြုရန်၊ နိုင်ငံရေးအရ ပါဝင်မှုကို ကန့်သတ်ရန် အစရှိသည့် နယ်ပယ်အစုံ ကန့်သတ်ဖိနှိပ်မှု များကို တရားဝင် ဥပဒေများပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း၊ တခြားသော တရားမဝင် နည်းလမ်းများဖြင့်လည်းကောင်း လုပ်ကိုင်ခဲ့ကြသည်။ ဤလှုပ်ရှားမှုများအတွင်း ထိုအချိန် က အစိုးရအဖြစ် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြသူ များသာမက အသိပညာရှင်များ၊ စာရေးဆရာနှင့် သတင်း မီဒီယာများ၊ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်နှင့် အစ ရှိသော ဖျော်ဖြေရေးကဏ္ဍတွင် ပါဝင်နေသူများပင် ပါဝင် ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြည်တွင်းစစ်နှင့် ဘာသာရေး လူမျိုးရေး ပဋိပက္ခများ ဖြစ်ပွားနေမှုများအတွင်း မြန်မာစစ်တပ်သည် လည်း လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများပေါ်တွင် ဆိုးရွားပြင်းထန်သော ရာဇဝတ်မှုများကို အဓိက ကျူးလွန် ဆောင်ရွက်ခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေး အင်အားစု များအား တိုက်ခိုက် ချေမှုန်းမှုအတွင်း လက်နက်မဲ့ အရပ်သား ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ရပ်ရွာအိုးအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများ၏ ဘဝနေထိုင်မှုနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဖျက်ဆီးခြင်း အစရှိသည်တို့ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန် ခဲ့ကြသည်။ ထို့အပြင် မြန်မာမဟုတ်သော လူမျိုးစုများ နေထိုင်ရာ ဒေသများတွင်လည်း အမျိုးသမီးများအပေါ်

ဦးတည်ပစ်မှတ်ထား၍ မုဒိမ်းကျင့်မှုကို လက်နက်သဖွယ် အသုံးပြုတိုက်ခိုက်ပြီး မုဒိမ်းမှုပေါင်းများစွာကို ကျူးလွန်ခဲ့ကြသည်ကို တွေ့ရှိရသည်။[3] ဤကျူးလွန်မှုများသည် နိုင်ငံတကာအဆင့် ရာဇဝတ်မှုများ ဖြစ်သည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအဖြစ် စွပ်စွဲမှုများ ရှိခဲ့သည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း ကျူးလွန်သော ပြင်းထန်ဆိုးရွားသည့် ရာဇဝတ်မှုတစ်ခုဖြစ်သော လူမျိုးတုန်း သတ်ဖြတ်မှုဖြစ်စဉ်သည်လည်း ဗမာပြည်အတွင်း ဖြစ်ပေါ်ခဲ့သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးစုများ အပေါ်တွင် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

ရိုဟင်ဂျာလူမျိုးစုများသည် အာရကန်ဒေသ[4] အတွင်း လွန်ခဲ့သောနှစ်ရာပေါင်းများစွာကပင် အခြေချနေထိုင်ခဲ့သော လူမျိုးစုများဖြစ်သည်။ အာရကန်ဒေသသည် ၁၇၈၄ ခုနှစ်တွင် မြန်မာလူမျိုးတို့၏ ကုန်းဘောင်မင်းဆက်မှ ဘုရင်တစ်ပါးဖြစ်သော ဘိုးတော်ဘုရား၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။[5] ထိုအချိန်မှစ၍ အာရကန်ဒေသသည် ဗမာပြည်၏လက်အောက်သို့ ရောက်ရှိခဲ့ပြီး အာရကန်ဒေသအတွင်းရှိ လူမျိုးစုများ၏ ကံကြမ္မာသည်လည်း ဗမာပြည်၏ စစ်အာဏာရှင်များ အပါအဝင် အစိုးရအဆက်ဆက်၏ အဆုံးအဖြတ်အောက်သို့ ရောက်ရှိလာခဲ့ရသည်။

ရိုဟင်ဂျာလူမျိုးစုများသည် ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီမှ အာဏာသိမ်းယူခဲ့သည့် အချိန်မှစ၍ သိသာထင်ရှားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စတင်ခံစားခဲ့ရသည်။ နိုင်ငံသားဆိုင်ရာ ဖြစ်တည်မှုများ အပါအဝင် နိုင်ငံရေးဆိုင်ရာအရ ကန့်သတ်ခံရမှုများကို ရိုဟင်ဂျာလူမျိုးစုများ ကြုံတွေ့ခံစားလာခဲ့ရသည်။ ရိုဟင်ဂျာလူမျိုးစုများ၏ ဖြစ်တည်မှု အခြေခံဖြစ်သော လူမျိုးစုအမည်ဖြစ်သည့် 'ရိုဟင်ဂျာ'ဟူသော အမည်နာမကိုပင် ကန့်သတ်လာခဲ့ပြီး အိမ်နီးချင်း တစ်ဖက်နိုင်ငံမှ တရားမဝင် ခိုးဝင်ရောက်ရှိလာသည့် 'ဘင်္ဂါလီ' လူမျိုးများအဖြစ် ပုံဖော်ခဲ့မှုကို အစိုးရအဆက်ဆက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ရသည်။ ပြင်းထန်ဆိုးရွားသည့် ဖြစ်စဉ်တစ်ခုအဖြစ် ၁၉၇၈ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သည်။ ထိုအချိန်က အစိုးရအဖြစ် တည်ရှိနေသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ (မ ဆ လ) လက်ထက်တွင် နဂါးမင်းစီမံချက် ခေါင်းစဉ်ဖြင့် ရိုဟင်ဂျာလူမျိုးများကို ရခိုင်ပြည်နယ်အတွင်းမှ မောင်းနှင်ထုတ်ခဲ့ခြင်းဖြစ်ပြီး၊ ထိုနှစ်အတွင်းမှာပင် ဟင်္သာစီမံကိန်းဖြင့် ရိုဟင်ဂျာလူမျိုးများအား ပြန်လည်လက်ခံခဲ့ရသည်။[6] ထို့နောက် ၁၉၈၂ ခုနှစ်တွင် မ ဆ လ အစိုးရမှ နိုင်ငံသားဥပဒေတစ်ရပ်ကို အသစ်ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဥပဒေတွင် လူမျိုးရေးနှင့် ဘာသာရေးများကို ခွဲခြားသည့် အမြင်များနှင့် သွေးစစ်မှုဖြင့် နိုင်ငံသားဖြစ်မှုကို အခြေခံသော အမြင်များကို ထည့်သွင်းထားသည်။[7]

ထိုကဲ့သို့ ရိုဟင်ဂျာလူမျိုးစုများအား ဒုတိယအကြိမ် မောင်းနှင်ထုတ်ခြင်းကို ၁၉၉၁ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြသည်။ ၁၉၈၈ခုနှစ် လူထုအရေးတော်ပုံအား ဖြိုခွင်းဖိနှိပ်၍ စစ်အာဏာသိမ်းယူခဲ့သော ဗိုလ်ချုပ်မှူးကြီး စောမောင်၏ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ပြည်သာယာစစ်ဆင်ရေးအနေဖြင့် သိန်းနှင့်ချီသော ရိုဟင်ဂျာလူမျိုးစုများအား ရခိုင်ပြည်နယ်အတွင်းမှ ဒုတိယအကြိမ်မောင်းနှင်ထုတ်ခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်အတွင်း ရိုဟင်ဂျာလူမျိုးစုများအနေဖြင့် မြန်မာစစ်တပ်၏

3 - ။ (၂၀၀၂)။ မုဒိမ်းကျင့်ခွင့်လိုင်စင် - မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲအတွင်း မြန်မာစစ်အစိုးရ အသုံးပြုလျက်ရှိသည့် လိင်အကြမ်းဖက်မှု။ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်နှင့် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဖလှယ် လှုပ်ရှားဆောင်ရွက်ရေးအသင်း။ ချင်းမိုင်။

4 အာရကန်ဒေသသည် ၁၉၇၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့သည်။

5 Martin Smith။ (၂၀၂၀)။ အာရကန် (ရခိုင်ပြည်နယ်) မြန်မာနိုင်ငံ အနောက်ဘက်ဒေသမှ ပဋိပက္ခမြေ။ Transnational Institute။

6 ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့။ (၁၉၇၈)။ ဟင်္သာစီမံချက်နှင့် ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့သို့ တင်ပြချက်။ (၁၉၇၈ ခု ဇူလိုင်လ ၂၄ ရက်)။ လျှို့ဝှက်။ လက်နှိပ်စက်မူ။

7 ရဲဟိန်းအောင်။ (၂၀၂၀)။ ခွဲခြားကန့်သတ်မှု၏ ရင်းမြစ်များ [မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေ) အား ဆန်းစစ်ခြင်း]။ ရန်ကုန်၊ မြန်မာ့ယဉ်ကျေးမှု သုတေသနအသင်း။

သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခံရခြင်း အပါအဝင် တခြားသော နည်းလမ်းပေါင်းစုံဖြင့် ညှင်းပန်းနှိပ်စက်မှုများကို ရင်ဆိုင်ခဲ့ကြရသည်။[8] ထိုသို့ ရခိုင်ပြည်နယ်မှ လူဦးရေ သိန်းနှင့်ချီသော ရိုဟင်ဂျာလူမျိုးစုများ ထွက်ပြေးရခြင်းနှင့် ပတ်သက်၍ နဝတ အစိုးရကမူ ငြင်းဆန်ခဲ့ပြီး ရိုဟင်ဂျာ လူမျိုးများမှာ သူတို့သဘောဆန္ဒဖြင့်သာ ထွက်ခွာသွားခဲ့ခြင်းဖြစ်သည့်သဘောကို နိုင်ငံတော်ပိုင် သတင်းစာများတွင် ဖော်ပြခဲ့ကြသည်။[9] နောက်ပိုင်းတွင် နဝတ အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့အကြားတွင် နှစ်နိုင်ငံ သဘောတူညီမှုစာချုပ်များချုပ်ဆို၍ ရိုဟင်ဂျာ လူမျိုးစုများအား ပြန်လည် လက်ခံမှုများ ဆောင်ရွက်ခဲ့သည်။[10] ထိုသို့ ပြန်လည်လက်ခံခဲ့သော်လည်း ရိုဟင်ဂျာလူမျိုးစုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ခွဲခြားဆက်ဆံမှုများအား ဗမာအစိုးရအဆက်ဆက်မှ ဆက်လက်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် ငြင်းဆန်ခြင်း အပါအဝင် အခြေခံ လူ့အခွင့်အရေး ရပိုင်ခွင့်များနှင့် ပတ်သက်၍ ရိုဟင်ဂျာလူမျိုးစုများအား ဦးတည်ပစ်မှတ်ထားသည့် ဒေသန္တရ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းကာ ကန့်သတ်ခွဲခြားမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။[11]

ထိုသို့ ရိုဟင်ဂျာလူမျိုးစုများအပေါ် ရည်ရွယ်ချက်ရှိရှိ ခွဲခြားဖိနှိပ်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် မြန်မာအစိုးရများမှ ရိုဟင်ဂျာလူမျိုးစုများ ဗမာပြည်အတွင်းမှ ပျောက်ကွယ်သွားစေရန် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ဆောင်ရွက်ခြင်းများ ဖြစ်သောကြောင့် နိုင်ငံတကာမှနေ၍ ဤဖြစ်စဉ်အား ရိုဟင်ဂျာလူမျိုးစုများအပေါ် လူမျိုးတုန်း သတ်ဖြတ်ခြင်းပြစ်မှုအဖြစ် စွပ်စွဲပြစ်တင်မှုများ ဆောင်ရွက်လာခဲ့သည်။ ရိုဟင်ဂျာလူမျိုးစုများအပေါ် ဤကျူးလွန်မှုများသည် ရခိုင်ပြည်နယ်၌ ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ နောက်ပိုင်းတွင် အရှိန်အဟုန် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့သည်။ ဗမာပြည်အတွင်း ရိုဟင်ဂျာနှင့် အစ္စလာမ် ဆန့်ကျင့်ရေး လှုပ်ရှားမှုများ ပိုမိုအားကောင်းလာခဲ့သည်။ ဤလှုပ်ရှားမှုများအတွင်း အစွန်းရောက် အမျိုးသားရေး အုပ်စုများသာမက ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများပါ ပါဝင်ခဲ့ကြသည်။ ထိုအချိန်က အစိုးရအဖြစ် တည်ရှိနေသော သမ္မတဦးသိန်းစိန် ခေါင်းဆောင်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ထိန်းသိမ်းမှုများ လုပ်ဆောင်ခဲ့ခြင်း မရှိသည့်အပြင် အားပေးထောက်ခံမှုများကိုပါ တိုက်ရိုက် (သို့) သွယ်ဝိုက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းတွင်မူ ရိုဟင်ဂျာလူမျိုးစုများ၏ အခြေအနေသည် အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရသည်။ ARSA (Arakan Rohingya Salvation Army) ဆိုသည့် အဖွဲ့မှ ရခိုင်ပြည်နယ်ရှိ ရဲကင်းစခန်း ၃၀ အား ဝင်ရောက်တိုက်ခိုက်သည်ဟူသော စွပ်စွဲချက်ဖြင့် မြန်မာစစ်တပ် နယ်မြေရှင်းလင်းစစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ထိုစစ်ဆင်ရေးအတွင်း မြန်မာစစ်တပ်မှ ရိုဟင်ဂျာလူမျိုးစုများနေထိုင်သည့် ကျေးရွာပေါင်းများစွာအား မီးရှို့ဖျက်ဆီးခံရခြင်း၊ ရိုဟင်ဂျာ အရပ်သား ပြည်သူများကို သတ်ဖြတ်ခြင်းနှင့် မုဒိမ်းပြုကျင့်ခြင်း အစရှိသည့် ပြင်းထန်ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက် ဆောင်ရွက်ခဲ့ကြသည်။ ရိုဟင်ဂျာလူမျိုး တစ်သန်းနီးပါးသည်လည်း အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒုက္ခသည်အဖြစ် ပြေးဝင်ခိုလှုံခဲ့ရသည်။ မြန်မာစစ်တပ်၏ ဤသို့ ကျူးလွန်မှုများနှင့် ပတ်သက်၍ ထိုအချိန်က အစိုးရအဖြစ် တာဝန်ယူထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရမှုလည်း မြန်မာစစ်တပ်နှင့် အတူရပ်တည်ခဲ့သည်ကို တွေ့ရသည်။

ထိုသို့ ရိုဟင်ဂျာလူမျိုးစုများအပေါ် ရည်ရွယ်ချက်

8 . (1996). The Rohingya Muslims. Ending a Cycle of Exodus? Human Rights Watch, September 1996. P – 12.

9 ။ (၁၉၉၂)။ ရိုဟင်ဂျာ ပြဿနာနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒုက္ခသည်များ ပြဿနာအပေါ် လေ့လာချက်စာတမ်း။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ဗဟိုကော်မတီဌာနချုပ် (သုတေသနဌာနခွဲ)။ စာ-၃၀။

10 Joint Statement by the foreign ministers of Bangladesh and Myanmar issued at the conclusion of the offcial visit of the Myanmar foreign minister to Bangladesh from 23 - 28 April 1992 ။ အောက်ပါ link တွင် download ရယူနိုင်ပါသည်။ https://www.networkmyanmar.org/ESW/Files/1992-Bangladesh-Myanmar-MOU.pdf

11 - ။ (၂၀၁၄)။ ခွဲခြားဖိနှိပ်သော မူဝါဒများ (မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာမူဆလင်များအပေါ် မတရားဖိနှိပ်သော နိုင်ငံတော်၏ မူဝါဒများကို အဆုံးသတ်ခြင်း)။ Fortify Rights။

ရှိရှိ လူမျိုးတုန်းသတ်ဖြတ်ရန် စီမံဆောင်ရွက်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာအဆင့် တရားရုံးများတွင် ဗမာအစိုးရအနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးမှ ဗမာနိုင်ငံသည် လူမျိုးပြုတ်သတ်ဖြတ်မှု ပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ ကွန်ဗန်းရှင်း (**Convention on the Prevention and Punishment of the Crime of Genocide)** ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ ထိုတရားစွဲဆိုမှုတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရမှ မြန်မာစစ်တပ်နှင့် အတူရပ်တည်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သွားရောက်၍ အမှုရင်ဆိုင်ခဲ့သည်။

အထက်ပါ အခြေအနေများအရ နှစ်ပေါင်းစွာ ပြည်တွင်းစစ်၊ ဘာသာရေးနှင့် လူမျိုးရေးပဋိပက္ခ၊ လူမျိုးတုန်း သတ်ဖြတ်မှုနှင့် စစ်အာဏာသိမ်းမှုများကြားတွင် နှစ်ပေါင်း ၇၀ နှစ်မြုပ်လျက်ရှိသော ဗမာပြည်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပိုမိုဆိုးရွားသည့် နိုင်ငံရေးဆိုင်ရာ ဖြစ်ရပ်တစ်ခုနှင့် ထပ်မံ ကြုံတွေ့ခဲ့ရပြန်သည်။ ထိုဖြစ်ရပ်မှာ လူမျိုးတုန်းသတ်ဖြတ်မှု အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ တာဝန်အရှိဆုံးဟု စွပ်စွဲခြင်းခံထားရသူ မြန်မာစစ်တပ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဦးဆောင်မှုဖြင့် မြန်မာစစ်တပ်မှ နိုင်ငံတော် အာဏာသိမ်းယူရန် ကြိုးပမ်းဆောင်ရွက်မှုဖြစ်သည်။ ဤအာဏာသိမ်းရန် ကြိုးပမ်းမှုများ ပြည်သူလူထု၏ ဦးဆောင်မှုဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများဖြင့် ကန့်ကွက်မှုများ ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း မြန်မာစစ်တပ်မှ အဆိုပါ ပြည်သူများ၏ ကန့်ကွက်ဆန္ဒပြမှုများအပေါ် ပြင်းပြင်းထန်ထန် ပစ်ခတ်နှိမ်နင်းခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် တုံ့ပြန်ခဲ့ကြသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ယခုအခါတွင် မြန်မာစစ်တပ်၏ အာဏာသိမ်းယူရန် ကြိုးပမ်းမှုကို ခုခံခြင်းနှင့် မိမိတို့၏ လုံခြုံစွာ ဆက်လက်ရပ်တည်နိုင်ရန်အတွက် လက်နက်ကိုင် တော်လှန်မှုများကို ဆောင်ရွက်လျက် ရှိနေသည်။

■

# (၂) လေ့လာမှုအကြောင်းအရင်းနှင့် နည်းလမ်း


ဗမာပြည်အတွင်း ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီမှ နိုင်ငံတော် အာဏာသိမ်းယူခဲ့သည့် ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် သတင်းလွတ်လပ်ခွင့်များ စတင်ကန့်သတ်ခံခဲ့ရသည်။ ပုဂ္ဂလိက သတင်းစာထုတ်ဝေမှုများ ကန့်သတ်ခံခဲ့ရခြင်း၊ အစိုးရများ၏ ဆင်ဆာစနစ် ကန့်သတ်ချက်များ၊ စာပေစိစစ်ရေးအဖွဲ့၏ တင်းကျပ်မှုများ အစရှိသည့် မီဒီယာလွတ်လပ်ခွင့် ဖိနှိပ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုသို့ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိပိုင်ခွင့်တို့အပေါ် အစိုးရများ၏ ထိန်းချုပ် ကန့်သတ်မှုများအတွင်း ဗမာပြည်ရှိ သတင်းစာများ၏ အခန်းကဏ္ဍသည် ပြည်သူလူထုကို သတင်းအချက်အလက် ပေးပို့ခြင်းဆိုသည့် အခြေအနေမှ အစိုးရများ၏ ဝါဒဖြန့်ချိရေး လုပ်ငန်းအဖြစ်သာ တည်ရှိခဲ့သည်။

တခြားသော သတင်းအချက်အလက် ဖြန့်ချိသည့် နည်းလမ်းများမှာ ရေဒီယို အစီအစဉ်များနှင့် ရုပ်မြင်သံကြား အစီအစဉ်များဖြစ်သည်။ ရေဒီယို အသံလွှင့်လုပ်ငန်းသည် ကိုလိုနီခေတ်ကပင် စတင် ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရရှိခြင်း မရှိမီက ဗမာ့အသံအဖြစ် ထုတ်လွှင့်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင်မူ မြန်မာ့အသံအဖြစ် အမည်ပြောင်းခဲ့သည်။ မြန်မာ့အသံ ရေဒီယိုသည် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်တွင် နိုင်ငံတော်ပိုင် အသံလွှင့်ဌာနအဖြစ် တည်ရှိခဲ့သည်။ ရုပ်မြင်သံကြား အစီအစဉ်များကိုလည်း ၁၉၈၀ ပြည့်နှစ်တွင် စတင်ထုတ်လွှင့်ခဲ့ပြီး နိုင်ငံပိုင် 'မြန်မာရုပ်မြင်သံကြား' အဖြစ် ရုပ်တည်ခဲ့သည်။[12] ဤ ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုများသည်လည်း သတင်းစာများနည်းတူ အစိုးရများ၏ ဝါဒဖြန့်ချိရေး အစီအစဉ်များအဖြစ်သာ တည်ရှိခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလအတွင်း န ဝ တ မှ နိုင်ငံတော်အာဏာ သိမ်းယူပြီးနောက်ပိုင်းတွင် သတင်းအချက်များ ထုတ်ဝေဖြန့်ချိခွင့်နှင့် ပတ်သက်၍ ပိုမိုတင်းကျပ်မှုများ ရှိလာခဲ့ပြီး အစိုးရများ သိစေခြင်သည့် အချက်အလက်များကိုသာ ပြည်သူထံ ဝါဒဖြန့်ချိရေးအတွက် တင်ပြရမှုများသာ လုပ်ဆောင်ခဲ့ရသည်။ အစိုးရပိုင် သတင်းစာများဖြစ်သည့် လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ (နောင်တွင် မြန်မာ့အလင်းသတင်းစာ)နှင့် ကြေးမုံသတင်းစာတို့သည် ဗမာဘာသာဖြင့်လည်းကောင်း၊ The New Light of Myanmar (နောင်တွင် The Global

12 https://mrtv.gov.mm/mm/about-mrtv

New Light of Myanmar) သတင်းစာမှ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ထုတ်ဝေခဲ့ပြီး၊ မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့သည်သာ ပြည်သူများအတွက် သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးအတွက် ထိုအချိန်က တည်ရှိခဲ့သည်။ န ဝ တ အစိုးရလက်ထက်တွင် မြန်မာစစ်တပ်ပိုင် ရုပ်မြင်သံကြားအစီအစဉ်အဖြစ် မြဝတီရုပ်မြင်သံကြားကို ၁၉၉၅ ခုနှစ်တွင် စတင်ထုတ်လွှင့်ခဲ့ပြီး မြဝတီသတင်းစာအား ၂၀၁၁ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့


ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ (3-7-2003) (၃၉၂၀)

ကတညုတာ တော် မင်္ဂလ မုတ္တမံ။
သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ဘယ်လာရုစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃
၂၀၀၃ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားအာရ်၊လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကျော – ရေမျက်နီ – ဂန့်ဂေါ၊ ယောနယ်မှပြည်သူများ ရထားစီး၍ မြန်မာပြည်အနှံ့ ခရီးဆန့်နိုင်တော့မည်
ပုံညာတောင်ကိုကျော်ဖြတ်၍ နိုင်ငံတကာအဆင့်မီ ရထားလမ်းဖောက်

ကွင်းဆင်းလေ့လာရေးသားသူ – ခရမ်းစိုးမြင့်၊ ဓာတ်ပုံမှတ်တမ်းတင် – ရေချမ်းမြင့်

ရန်ကုန် ဇူလိုင် ၂
၂၀၀၃ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ကဖြစ်သည်။ ကြေးမုံသတင်းအဖွဲ့သည် စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်၏အနောက်ဘက် မကွေးတိုင်း ယောဒေသဟုခေါ်သည့် ပုံတောင်၊ ပုံညာတောင်တန်းများအပေါ်သို့ ရောက်ရှိနေကြသည်။

ဂုဏ်ပြု

ထိုသို့ရောက်ရှိနေခြင်းမှာ ပခုက္ကူ–ဂန့်ဂေါ–ကလေးသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော ရထားလမ်းပိုင်း၌ ပါဝင်သည့် ပုံညာတောင် ဥမင်ရထားလမ်းကြီး အရှေ့မှအနောက် တိုးလျှိုပေါက် ပေါက်သွားပြီး ဥမင်ချဉ်းကပ်ရထားလမ်း ၂ဒ မိုင်ကိုလည်း ဖောက်လုပ်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ အောင်မြင်မှုအကြောင်း သတင်းကောင်းကို ဂုဏ်ပြုသတင်းဆောင်ပါး ရေးသားတင်ပြနိုင်ရန်ဖြစ်သည်။

ဤနေရာတွင် ကြေးမုံသတင်းသမားက အနည်းငယ်ရေးသားတင်ပြလိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဘက်စုံ၊ ကဏ္ဍစုံ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကိုင်းရင်းသားစည်းလုံးညီညွတ်မှု စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ပုံညာတောင် ဥမင်အနောက်ဘက်အပိုင်း ဥမင်ချဉ်းကပ်ရထားလမ်းများကို မြန်မာ့မီးရထားက ဖောက်လုပ်လျက်ရှိရာ မျက်မြင်ဒေသတွင် တောင်ကြားဖြတ်ကျော် သံလမ်းခင်းလုပ်ငန်းများ ပြီးစီးနေသည်ကို ဇွန် ၁၅ ရက်က ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်စောင်ရေ
၂၂၃၉၅၇

(၁၆)ကြိမ်မြောက်
ကျောက်မျက်နှင့် ကျောက်စိမ်း
ရောင်းချပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂
ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၃)ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၅ရက်မှ ၈ရက် အထိ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၅ရက်မှ ၇ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ် ၈ရက်တွင် Bargain and Auction စနစ်ဖြင့် ရောင်းချခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။ ဝယ်ယူလိုသူများသည် ဩဂုတ်၂ရက်မှစ၍ မှတ်ပုံတင်ကြေး နိုင်ငံသားကျပ် ၄၀၀၀၊ နိုင်ငံခြားသား အမေရိကန်ဒေါ်လာ ၂၀နှင့်အတူ မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်သည်။

လာရောက်အပ်နှံ

ပုဂ္ဂလိက ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇူလိုင် ၁၄ ရက်မှ ၂၄ ရက်အတွင်း လာရောက်အပ်နှံနိုင်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် သုည ဒသမ ၄ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းချရပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ စာမျက်နှာ ၈ ကော်လံ ၅ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပုံ (၁)။ ။ အစိုးရဝါဒ ဖြန့်ချိမှုဆိုင်ရာ ဆောင်ပုဒ်များနှင့် ကြေးမုံ နေ့စဉ်ထုတ် သတင်းစာ (ဇူလိုင်လ ၃ ရက် ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေသည်။)

သည်။ ထိုသို့ ဗမာပြည်အတွင်း သတင်းအချက်အလက် ရပိုင်ခွင့်များ ကာလရှည်ကြာစွာ ကန့်သတ်ခံရချိန်တွင် ပြည်သူများသည် နိုင်ငံရေးသတင်းများကို သိရှိနိုင်ရန် BBC, RFA, VOA, DVB အစရှိသော နိုင်ငံတကာမှ ဗမာဘာသာစကားဖြင့် ထုတ်လွှင့်သော ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို နားထောင်ကြည့်ရှုခြင်းဖြင့် သတင်းအချက်အလက် ရယူခဲ့ကြသည်။ မြန်မာစစ်အာဏာရှင်များကမူ အဆိုပါ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များသည် သတင်းအချက်အလက် အမှားများကို ထုတ်ပြန်နေခြင်းသာဖြစ်ကြောင်း အမြဲတစေ စွပ်စွဲမှုများ ပြုလုပ်ခဲ့ကြသည်။

ကြေးမုံသတင်းစာ စာမျက်နှာ ၂၀ ၂၈-၆-၂၀၀၈

**လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -**

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
**VOA လိမ်နေသည်**
**RFA ရန်တိုက်ပေးနေသည်**

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

**ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်**

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

**ပို့ဆောင်**

လေဘေးသင့် ဒေသများ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိ၊စစ်သည်များ စစ်ရေယာဉ်များဖြင့် လေဘေးသင့် မြို့နယ်များရှိ ကျေးရွာများအရောက် သောက်သုံးရေများ ဖြန့်ဝေပို့ဆောင်ပေးစဉ်။ (သတင်းစဉ်)



**အင်အားပြင်းထန်သော ငလျင် ကပ္ပလီပင်လယ်ကို ဗဟိုပြု၍ လှုပ်**

နေပြည်တော် ဇွန် ၂၇

၂၀၀၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ မြန်မာစံတော်ချိန် ၁၈ နာရီ ၁၂ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၅၀၀ ခန့်ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အတည်ပြုချိန် ၁း၁၀

**ပုံ (၂)။ ။ နိုင်ငံတကာ သတင်းဌာနများနှင့် ပတ်သက်သော အစိုးရ၏အမြင်**
**(ဇွန်လ ၂၈ ရက်၊ ၂၀၀၈ ခုနှစ်ထုတ် ကြေးမုံသတင်းစာ)**

၂၀၀၈ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပြီးနောက်ပိုင်း အထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ပြီး အရပ်သားအစိုးရများကို အာဏာလွှဲပြောင်းပေးသည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရလက်ထက်တွင် သတင်းစာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်များနှင့် ပတ်သက်၍ အနည်းငယ်သော ဖြေလျှော့မှုများ စတင်ခဲ့သည်။ ပုဂ္ဂလိကပိုင် သတင်းစာများအား ပြန်လည်ထုတ်ဝေခွင့်ကို ၂၀၁၃ ခုနှစ်တွင် စတင်ခွင့်ပြုခဲ့သည်။ သို့သော်လည်း ပုဂ္ဂလိက သတင်းစာများမှာ စီးပွားရေးအရ ရေရှည် ရပ်တည်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ထို့အပြင် အင်တာနက်မှ သတင်းအချက်အလက် ရပိုင်ခွင့်များကိုလည်း ကန့်သတ်မှုများ ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မိုဘိုင်းဖုန်း ဆင်းကတ်တန်ဘိုးများကို လျှော့ကျစေသည့် ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ပြီး ဗမာပြည်အတွင်းရှိ ပြည်သူအများအပြားသည် မိုဘိုင်းဖုန်း ဆင်းကတ်များဖြင့် အင်တာနက် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် မိုဘိုင်းဖုန်းဆင်းကတ် အသုံးပြုမှု ၂. ၈ သန်းသာ ရှိသော်လည်း ၂၀၁၈ ခုနှစ်တွင်မူ မိုဘိုင်းဖုန်း ဆင်းကတ် အသုံးပြုမှုပေါင်း ၅၆. ၈ သန်းခန့်ရှိပြီး ထိုစဉ်ကရှိသော ဗမာပြည် လူဦးရေ အရေအတွက်ထက် ပိုမိုများပြားသော ပမာဏဖြစ်သည်။ ထိုသို့ မိုဘိုင်းအင်တာနက် ရရှိနိုင်မှု အခြေအနေတွင် ဗမာပြည်မှ အင်တာနက်သုံးစွဲမှု အများဆုံးမှာ လူမှုမီဒီယာများတွင် ဖြစ်ပြီး Facebook သုံးစွဲမှုမှာ အများဆုံးဖြစ်သည်။[13] ပင်မ သတင်းအချက်အလက် ဖြန့်ချိသည့် နည်းလမ်းများထက် Facebook မှတစ်ဆင့် သတင်းအချက်အလက် ရယူသည့်နည်းလမ်းသည် ပြည်သူများအတွက် ပိုမိုလက်လှမ်းမီပြီး သက်တောင့်သက်သာဖြစ်သည့် အခြေအနေအဖြစ် ပြောင်းလဲသုံးစွဲလာခဲ့ကြသည်။

ပင်မ သတင်းအချက်အလက်ဖြန့်ချိမှု နည်းလမ်းများဖြစ်သည့် သတင်းဌာနများနှင့် ရုပ်မြင်သံကြား အစီအစဉ်များသည်လည်း သုံးစွဲမှုအများဆုံး လူမှုမီဒီယာဖြစ်သည့် Facebook ပေါ်တွင် သတင်းတင်ဆက်ခြင်းဖြင့် ပုံစံပြောင်းလဲခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ထိုသို့ Facebook သုံးစွဲမှု မြင့်မားလာခြင်းနှင့်အတူ Facebook ပေါ်တွင် ပုံမှန်စာရေးသားခြင်း၊ သတင်းအချက်အလက် ဖြန့်ချိခြင်းနှင့် အခြားသော အနုပညာနယ်ပယ်မှ ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှ ၎င်းတို့၏အမြင်များကို တင်ပြခြင်းများကို လုပ်ဆောင်လာခဲ့ကြသည်။ ၎င်းတို့မှ သတင်းအချက်အလက်များကို ရယူစောင့်ကြည့်သည့် ပြည်သူ (သို့) ပရိတ်သတ်များ၏ လက်ခံခြင်းနှင့် ထောက်ခံအားပေးခြင်းများကြောင့် ဗမာပြည်ရှိ Facebook သုံးစွဲသူများအကြား ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများဟု သတ်မှတ်ခြင်းခံရသူများ ပေါ်ထွက်လာခဲ့သည်။

ဗမာပြည်အတွင်း Facebook သုံးစွဲသူများအကြား ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများဟု သတ်မှတ်ခြင်းခံရသူများသည် နောက်ခံလုပ်ကိုင်သည့် အလုပ်အကိုင် ကွဲပြားမှုများ ရှိသည်။ စာရေးဆရာများ၊ သတင်းစာဆရာများ၊ မော်ဒယ်လ်နှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ အစီအစဉ်တင်ဆက်သူများ၊ နိုင်ငံရေးသမားများ အစရှိသဖြင့် ပုံစံမျိုးစုံဖြင့် ကွဲပြားသည်ကို တွေ့ရှိရသည်။ ဤလေ့လာမှုသည် တချို့သော ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှ Facebook တွင် ဖြန့်ချိခဲ့သော သတင်းအချက်အလက်များပေါ်တွင် မူတည်၍ နိုင်ငံရေးဆိုင်ရာ အမြင်များကို လေ့လာဆန်းစစ်နိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ လေ့လာမှုပြုလုပ်ရာတွင် နိုင်ငံရေးဆိုင်ရာ အမြင်နှင့် ပတ်သက်သည့် ကိစ္စရပ် ၂ ခုဖြစ်သော ပြည်တွင်းစစ်နှင့် ပတ်သက်သော အမြင်နှင့် ရိုဟင်ဂျာလူမှုိးစုများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ပတ်သက်သော ဖော်ပြချက်များအပေါ်တွင်သာ သုံးသပ်လေ့လာထားခြင်းဖြစ်သည်။

နိဒါန်းတွင် ဖော်ပြခဲ့သည့် အချက်အလက်များအတိုင်း ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် အားကောင်းလာသည့် ရိုဟင်ဂျာနှင့် အစ္စလာမ်ဘာသာဝင်များအပေါ် ဆန့်ကျင်မှုများသည်လည်း ဗမာပြည်အတွင်း လူသုံးအများဆုံး လူမှုမီဒီယာဖြစ်သည့် Facebook ပေါ်မှ

13 Aiden Moe ။ (၂၀၂၁)။ Facebook ကို အသုံးပြု၍ စနစ်တကျ ချိတ်ဆက်ဆောင်ရွက်သော ဝါဒဖြန့်ချိမှုများအား လေ့လာချက်။ Independent Journal of Burmese Scholarship. Vol 1.

တဆင့်လှုံ့ဆော်မှုများသည်လည်း အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။ ဤသို့ ရိုဟင်ဂျာနှင့် အစ္စလာမ်ဘာသာဝင်များအပေါ် အမုန်းတရားအခြေခံသည့် တိုက်ခိုက်မှုများ ဖြစ်ပေါ်စေရန် အမုန်းစကားများဖြင့် ဝါဒဖြန့်ချိမှုများကို Facebook မှတစ်ဆင့်ပျံ့နှံ့မှုများ ရှိခဲ့ခြင်းဖြစ်သည်။[14] ထိုသို့ အမုန်းတရား ဖြန့်ချိမှုများတွင် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများ၏ အခန်းကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လျက်ရှိသည်။

ဤလေ့လာမှုသည် အဆိုပါ ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများ၏ ပြည်တွင်းစစ်နှင့် ရိုဟင်ဂျာ လူမျိုးစုများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် သက်ဆိုင်သည့် ဖော်ပြချက်များအား လေ့လာထားခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာစစ်တပ်မှ နိုင်ငံတော်အာဏာ သိမ်းယူရန် ကြိုးစားခဲ့မှုနောက်ပိုင်း ပေါ်ထွက်လာသည့် နွေဦးတော်လှန်ရေးကာလအတွင်း ၎င်းတို့၏ အထက်ပါ ကိစ္စရပ်များနှင့် ပတ်သက်၍ ပြောင်းလဲလာသော အမြင်များ ရှိ/မရှိအပေါ် သုံးသပ်ထားပါသည်။ လေ့လာမှုပြုရာတွင် Social Media နှင့် ပတ်သက်သော လေ့လာစောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များ၊ အချက်အလက်စုဆောင်းမှုများအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ နိုင်ငံရေးဆိုင်ရာ အမြင်များနှင့် ပတ်သက်၍ ပြောင်းလဲမှု ရှိ/မရှိ တိုင်းတာနိုင်ရန်အတွက် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများ တချို့အပါအဝင်၊ တတ်ကြွလှုပ်ရှားသူများနှင့် သုတေသီများ အပါအဝင် ပုဂ္ဂိုလ်ဆယ်ဦးခန့်နှင့် သုတေသနဆိုင်ရာ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ လေ့လာမှု ဘာသာရပ်၏ ထိလွယ်ရှလွယ်မှု အခြေအနေနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များအရ တွေ့ဆုံမေးမြန်းခဲ့သူများ၏ အချက်အလက်များနှင့် မှတ်ချက်များကို အမည်ဖော်ပြခြင်း မရှိဘဲ အသုံးပြုထားခဲ့ပါသည်။

စိန်ခေါ်ချက်တချို့နှင့် အကန့်အသတ်များအဖြစ် လေ့လာမှု အစီရင်ခံစာအတွင်း ဖော်ပြထားသော အချက်အလက်များသည် နမူနာပုံစံအဖြစ်သာ ဖော်ပြခြင်းဖြစ်သည်။ ဤဖော်ပြမှုများအတွင်း ပါဝင်သူများသည်သာ ဤသို့သော အမုန်းစကားနှင့် အမြင်များကို တင်ပြခဲ့ခြင်းမဟုတ်ပေ။ ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှ ဖော်ပြချက်ပေါင်းများစွာကို ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ပြောင်းလဲလာသော အမြင်များကို သုံးသပ်ဖော်ပြရာတွင်လည်း ဥပမာများအဖြစ်သာ ဖော်ပြခြင်းဖြစ်ပြီး သုတေသနကောက်ယူမှု၏ လက်လှမ်းမမီသော အခြေအနေများလည်း ရှိနိုင်ပါသည်။ ဤလေ့လာမှု အစီရင်ခံစာကို ပြုစုသည့် Synergy (Social Harmony Organization) နှင့် Burma Civlil War Museum အနေဖြင့် အနာဂတ်လူ့အဖွဲ့အစည်းကို ပြန်လည်ထူထောင်ရာတွင် လူ့အခွင့်အရေးနှင့် လူမှုသဟဇာတဖြစ်မှုသည် အရေးကြီးသော ကိစ္စရပ်တစ်ခုအဖြစ် ခံယူထားပြီး ဖြစ်ပေါ်ခဲ့သော အခြေအနေများအား ပြန်လည်သုံးသပ်မှုများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ရင်း ဖြစ်ပါသည်။ ဤလေ့လာမှုတွင် ပါရှိသော ဖော်ပြချက်များသည် ကျူးလွန်ခံခဲ့ရသူများ (သို့မဟုတ်) နစ်နာသူများ၏ တရားမျှတမှု ပြန်လည်ရယူရေး ကိစ္စရပ်များနှင့် ပတ်သက်၍ တစ်စုံတစ်ရာအတားအဆီး ဖြစ်စေမည် မဟုတ်ပေ။ ထို့အပြင် ပြည်သူများ၏ လူ့အခွင့်အရေးအရ ရရှိပိုင်ခွင့်ဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအပေါ်တွင် တန်းဖိုးထား လေးစားပြီး အကန့်အသတ်ဖြစ်စေရန် ရည်ရွယ်ရင်း မရှိပေ။

■

14 Prasse-Freeman, Elliott. (2021). Hate Bait, Micro-publics, and National(ist) Conversations on Burmese Facebook. Independent Journal of Burmese Scholarship. Vol 1.

# (၃) ပြည်တွင်းစစ် နှင့် ဝါဒဖြန့်ချိရေး

## (၃၊ ၁) ပြည်တွင်းစစ်

လွတ်လပ်ရေးရရှိပြီးသည့် အချိန်မှစ၍ ဗမာပြည် နိုင်ငံရေးသမိုင်းကြောင်းသည် ပြည်တွင်းစစ်နှင့် ခွဲခြား၍ မရပေ။ ပြည်တွင်းစစ်နှင့် ပတ်သက်သော အချက်အလက်များကို နားလည် သဘောပေါက်မှသာလျှင် ဗမာပြည်၏ နိုင်ငံရေးသမိုင်းကြောင်းကို နားလည်နိုင်မည်ဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ ၂၀ မိနစ်ခန့်မှစ၍ ဗမာပြည်သည် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရရှိခဲ့သည်။ အမှန်စင်စစ်မူ လွတ်လပ်ရေး ရရှိခြင်း မရှိခင်ကာလကပင် ဗမာပြည်အတွင်း၌ လက်နက်ကိုင် တော်လှန်ရေးများ စတင်ပေါ်ပေါက်နေခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေး မရရှိခင် အချိန်ကပင် သခင်စိုး ဦးဆောင်သည့် ကွန်မြူနစ်ပါတီ ဗမာပြည် (အလံနီ)၊ အာရကန်ဒေသတွင် ဦးစိန္တာနှင့် ဘုံပေါက်သာကျော် အပါအဝင် ရခိုင်ခေါင်းဆောင်များ၏ ပျောက်ကြားတပ်ဖွဲ့များနှင့် မူဂျာဟစ် လက်နက်ကိုင် တော်လှန်ပုန်ကန်မှုများ ပေါ်ပေါက်နေခဲ့ပြီ ဖြစ်သည်။[15]

လွတ်လပ်ရေး ရရှိပြီး ၂ လကျော် အကြာတွင်လည်း သခင်သန်းထွန်း ဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ (အလံဖြူ) သည်လည်းကောင်း၊ ၁၉၄၈ ခုနှစ် ဇူလိုင်လတွင် ပြည်သူ့ရဲဘော် (ရဲဘော်ဖြူ)များသည်လည်းကောင်း အသီးသီး လက်နက်စွဲကိုင် တော်လှန်မှုများကို ပြုလုပ်ခဲ့ကြသည်။ ထိုနှစ်အတွင်း၌ပင် မြန်မာစစ်တပ် (တပ်မတော်)၏ တပ်ရင်း(၁) နှင့် တပ်ရင်း(၃) တို့သည်လည်း လက်နက်ကိုင်တော်လှန်ရေး အတွင်းသို့ ပါဝင်လာခဲ့သည်။ ထိုသို့ မြန်မာစစ်တပ် (တပ်မတော်)မှ တပ်ရင်းများ တောခိုခြင်းကို သစ္စာဖောက်မှုအဖြစ် မြန်မာစစ်ခေါင်းဆောင်များက ရှုမြင်ကြသည်။[16]

တစ်ဖက်တွင်လည်း လူမျိုးစုများ၏ လက်နက်ကိုင်တော်လှန်ရေးများမှာလည်း စတင်လာခဲ့ပြီ ဖြစ်သည်။ ဗမာပြည် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်တွင် ထိုစဉ်အချိန်က ဗမာပြည်တွင် ဒုတိယ လူဦးအများဆုံးဖြစ်သော ကရင်လူမျိုးများသည်လည်း ၎င်းတို့အား ကရင်ပြည်ပေးရန် တောင်းဆိုမှုများ ပြုလုပ်လာကြသည်။ ကရင်လူထုမှ နေ၍

15 ရဲဘော်သစ်မောင်။ (၁၉၉၁)။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း (၁)၊ (လွတ်လပ်ရေးမရမီကာလများ)။ ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး။

16 - ။ (၁၉၄၉)။ မြန်မာနိုင်ငံတော်နှင့် ဆူပူသောင်းကျန်းမှုများ။ ရန်ကုန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ။

၎င်းတို့၏ လိုလားချက်များနှင့် ပတ်သက်၍ ကရင်လူထုဆန္ဒပြပွဲကို ၁၉၄၈ ခု ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တစ်ပြည်လုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းစွာ ကျင်းပခဲ့ကြသည်။ အဆိုပါ ဆန္ဒပြပွဲတွင် ကရင်ပြည်သူများ၏ လိုလားချက်အဖြစ် တောင်းဆိုချက် ၄ ခုကို တင်ပြတောင်းဆိုခဲ့သည်။ ၎င်းတို့မှာ-

(၁) ကရင်ပြည် ချက်ခြင်းပေး၊

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ၊

(၃) လူမျိုးရေး အဓိကရုန်း အလိုမရှိ၊

(၄) ပြည်တွင်းစစ် အလိုမရှိ စသည်တို့ ဖြစ်သည်။[17]

ထိုသို့ ငြိမ်းချမ်းစွာတောင်းဆိုမှုများ ပြုလုပ်ခြင်း၊ ဖ ဆ ပ လ အစိုးရနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သော်လည်း ကရင်ပြည်သူများ၏ တောင်းဆိုချက်များမှာ လျစ်လျူရှုခြင်းသာ ခံခဲ့ရသည်။ ထို့အပြင် ဖ ဆ ပ လ အစိုးရအနေဖြင့် ကရင်တပ်ဖွဲ့များထံမှ လက်နက်များ သိမ်းယူခြင်း၊ တချို့သော မြို့များရှိ KNDO (Karen National Defence Organization) နှင့် MNDO (Mon National Defence Organization) တို့မှ ကရင်နှင့် မွန်ခေါင်းဆောင်များကို ဖမ်းဆီးခြင်း၊ ကရင်ကျေးရွာများကို တိုက်ခိုက်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထိုအခြေအနေတွင် ကရင်တပ်ဖွဲ့များမှလည်း ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၇ နှင့် ၂၈ ရက်နေ့များတွင် တောင်ငူနှင့် ပုသိမ်မြို့များကို ပြန်လည်တိုက်ခိုက်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဖ ဆ ပ လ အစိုးရတပ်များမှ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကေအဲန်ယူ (ဗဟို) ရုံးသို့ သွားရောက်တိုက်ခိုက်ပြီး မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ထိုဖြစ်စဉ်တွင် ကရင်အမျိုးသား ၁၀ ဦးခန့် သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ အင်းစိန်ရှိ KNDO ဗဟိုစခန်းနှင့် သမိုင်းရှိ KNDO စခန်းများကိုလည်း ဖ ဆ ပ လ အစိုးရတပ်များမှ တိုက်ခိုက်ခဲ့ပြီး ထိုနေ့တွင်ပင် KNDO နှင့် MNDO အဖွဲ့များအား မတရားအသင်းအဖြစ် ထုတ်ပြန် ကြေညာခဲ့သည်။ ဤကဲ့သို့သော အခြေအနေတွင် ကရင်လူမျိုးများအဖို့ အသက်ရှင်သန်နိုင်ရန်အတွက် ပြန်လည်ခုခံ တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ရသည်။ ကေအဲန်ယူ ခေါင်းဆောင်များမှလည်း တစ်တိုင်းပြည်လုံးရှိ ကရင်လူမျိုးများအား ဖ ဆ ပ လ အစိုးရကို ပြန်လည် ခုခံတိုက်ခိုက်ရန်အတွက် အမိန့်ပေး ညွှန်ကြားခဲ့သည်။ သို့ဖြင့် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကရင်လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့ပြီး ကရင်တော်လှန်ရေးနေ့အဖြစ် အသိအမှတ်ပြုသတ်မှတ်ထားခဲ့ကြသည်။ ကရင်လူမျိုးတို့၏ လက်နက်ကိုင် တော်လှန်ရေးနှင့်အတူ မွန်လူမျိုးတို့၏ လက်နက်ကိုင် တော်လှန်ရေး စတင်ပေါ်ပေါက်ခဲ့သည်။ ၁၉၄၉ ခုနှစ် အတွင် ကရင်နီလူမျိုးစုများ၏ လက်နက်ကိုင် တော်လှန်ရေးသည်လည်း စတင် ပေါ်ပေါက်ခဲ့ပြန်သည်။[18]

ဤသည်မှစ၍ ရှမ်း၊ ကချင်၊ ကယန်း၊ ရခိုင်၊ ပအိုဝ့်၊ ချင်း၊ တအာန်း စသည့် လူမျိုးစုများသည်လည်း အမျိုးသားရေး တန်းတူခွင့် အခြေခံပေါ်မှနေ၍ လက်နက်ကိုင်တော်လှန်မှုများသည် ပါလီမာန်ဒီမိုကရေစီခေတ် (၁၉၄၈ - ၆၂)၊ တစ်ပါတီအာဏာရှင်ခေတ် (၁၉၆၂ - ၈၈) ခုနှစ် ကာလများအတွင်း ဆက်လက်ပေါ်ပေါက်လာခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ပါလီမာန်ဒီမိုကရေစီခေတ်မှ ဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင်သည့် ပါလီမာန်ဒီမိုကရေစီပါတီ (PDP) ၏ လက်နက်ကိုင်တော်လှန်ရေး ပေါ်ပေါက်လာခဲ့သည်။ ပါလီမာန်ဒီမိုကရေစီပါတီ၏ လက်နက်ကိုင် တော်လှန်ရေး လှုပ်ရှားမှုသည် ဆယ်စုနှစ်တစ်နှစ်နီးပါး တည်ရှိခဲ့ပြီးနောက်ပိုင်းတွင် ခေါင်းဆောင်များမှ ဗိုလ်ချုပ်နေဝင်း၏ မဆလ အစိုးရထံတွင် လက်နက်ချ အလင်းဝင်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ရပ်တန့်သွားခဲ့ရသည်။[19]

၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ၈၈၈၈ လူထုအရေးတော်ပုံကြီးသည် မ ဆ လ အစိုးရ၏ တစ်ပါတီအာဏာရှင်စနစ်ကို ချုပ်ငြိမ်းသွားစေခဲ့သည်။ သို့သော်လည်း မြန်မာစစ်တပ်အနေဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ထပ်မံ အာဏာသိမ်းပိုက်ခဲ့ပြီး စစ်အာဏာရှင် အုပ်ချုပ်ရေးအောက်သို့ ဗမာပြည်အား ထပ်မံ၍ ရောက်ရှိစေခဲ့ပြန်သည်။ လူထုအရေးတော်ပုံ

17 ဖူးစကောလယ်တော။ ( )။ ကရင့်တော်လှန်ရေး သမိုင်း။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (ဗဟို) စည်းရုံးရေးနှင့် ပြန်ကြားရေးဌာန (သမိုင်းကော်မတီ)။

18 ၎င်း။

19 ဝင်းတင်ထွန်း။ (၂၀၁၀)။ ဗမာပြည်နိုင်ငံရေးပါတီ အဖွဲ့အစည်း အသင်းအပင်းများ အညွှန်း။ နေ့သစ်အင်အားစုမှ ထုတ်ဝေဖြန့်ချိသည်။

အတွင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ဦးဆောင်တိုက်ပွဲဝင်ခဲ့သော ကျောင်းသားများ၊ လူငယ်များနှင့် ပြည်သူလူထုအား မြန်မာစစ်တပ်မှ စစ်အာဏာ သိမ်းယူချိန်တွင် သွေးချောင်းစီး ပစ်ခတ်သတ်ဖြတ်မှုများကို ပြုလုပ်ခဲ့သည်။ ထို့အပြင် အာဏာသိမ်းယူပြီးသည့်နောက်တွင်လည်း အဆိုပါ ကျောင်းသား၊ လူငယ်နှင့် ပြည်သူများကို ပစ်မှတ်ထား ဖမ်းဆီးအရေးယူမှုများ နှိပ်စက်ညှဉ်းပန်းမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် အများစုမှာ လူမျိုးစုတော်လှန်ရေး အင်အားစုများမှ ထိန်းချုပ်ထားသည့် လွတ်မြောက်နယ်မြေများသို့ သွားရောက် ခိုလှုံခဲ့ရသည်။ ထို့နောက် မြန်မာစစ်တပ်ကို တော်လှန်တိုက်ခိုက်နိုင်ရန်အတွက် လက်နက်ကိုင်တော်လှန်ရေးအတွက် စုဖွဲ့ပြင်ဆင်ခဲ့ကြသည်။ ထို့နောက် ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျောင်းသားတပ်မတော်အဖြစ် ထင်ရှားသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး - မကဒတ (All Burma Student's Democratic Front – ABSDF) ကို ထူထောင်၍ ဗမာပြည်၏ ပြည်တွင်းစစ်အတွက် လက်နက်ကိုင်တော်လှန်ရေး အစုအဖွဲ့တစ်ခုအဖြစ် ပါဝင်လာခဲ့သည်။

ဗမာပြည်ပြည်တွင်းစစ်၏ ထူးခြားသော အချိုးအကွေ့တစ်ခုမှာ ၁၉၈၉ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုကွဲမှုပင်ဖြစ်သည်။ ဗမာပြည်နှင့် တရုတ်နိုင်ငံနယ်စပ် ရှမ်းပြည်နယ်အတွင်း အခြေစိုက်ထားသော ဗမာပြည်ကွန်မြူနစ်ပါတီ လက်အောက်တွင်ရှိသည့် လူမျိုးစုတပ်များ၏ ပုန်ကန်မှုများသည် ၁၉၈၉ ခုနှစ်အတွင်း ပေါ်ပေါက်လာခဲ့သည်။ အဆိုပါ အခြေအနေအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီမှာ ပြိုကွဲခဲ့ရပြီး လူမျိုးစု လက်နက်ကိုင်တော်လှန်ရေး အင်အားစု အသစ်များအဖြစ် ပေါ်ထွက်လာခဲ့သည်။[20] ထင်ရှားသော လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများ ဖြစ်သည့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (United Wa State Party - UWSP)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (Myanmar National Democratic Alliance Army – MNDAA) နှင့် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးပါတီ (National Democratic Alliance Army – NDAA) တို့ ဖြစ်ကြသည်။

လူမျိုးစုတော်လှန်ရေးလမ်းကြောင်းမှ ဗမာပြည်တွင်းစစ်အတွင်းသို့ ထပ်မံ ပေါ်ပေါက်ဝင်ရောက်လာသော အဖွဲ့အစည်းတစ်ခုမှာ ရခိုင်ပြည်သူများ၏ တော်လှန်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရခိုင်အမျိုးသားအဖွဲ့ချုပ်(Union League of Arakan/ Arakan Army –ULA/AA) ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် တရုတ်ပြည်နယ်စပ်တွင် စတင်ဖွဲ့စည်းခဲ့သော ULA/AA သည် ရခိုင်ပြည်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မတ်လတွင် ပလက်ဝမြို့နယ်အတွင်း၌ မြန်မာစစ်တပ်နှင့် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။[21] ၂၀၁၉ ခုနှစ်မှစ၍ ယနေ့အထိ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်း ULA/AA မှ မြန်မာစစ်တပ်ကို ခြိမ်းခြောက်နိုင်သည့် တိုက်ပွဲကြီးများ ဆင်နွှဲနိုင်ခဲ့ပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍများကို ဆောင်ရွက်နိုင်သည်အထိ အောင်မြင်မှုများ ရရှိခဲ့သည်။

ဤသည်မှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာစစ်တပ်မှ နိုင်ငံတော်အာဏာကို သိမ်းယူရန် ကြိုးစားနေသည့် အချိန်ကာလမတိုင်ခင်အထိ ဗမာပြည်ပြည်တွင်းစစ် အခင်းအကျင်းကို အကျဉ်းမျှ တင်ပြခြင်းဖြစ်သည်။ လွတ်လပ်ရေး မရရှိခင်ကပင် ပေါ်ထွန်းခဲ့သော လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှာ များပြားကျယ်ပြန့်ပြီး တော်လှန်ရေး အဖွဲ့အစည်းများအတွင်း စုပေါင်း၍ တပ်ပေါင်းစုများဖွဲ့စည်း၍ မြန်မာစစ်တပ်နှင့် အစိုးရအပေါ် တော်လှန်ခဲ့ကြသည်။ ဗမာပြည် ပြည်တွင်းစစ်အတွင်းရှိ တော်လှန်ရေး အဖွဲ့အစည်းများနှင့် ပတ်သက်၍ သုံးသပ်ကြည့်ပါက **နိုင်ငံထူထောင်မှုဆိုင်ရာအမြင်၊ နည်းလမ်းနှင့် အယူဝါဒအပေါ် အခြေခံသော တော်လှန်မှုများ** (ကွန်မြူနစ်ပါတီ ဗမာပြည်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော် (ရဲဘော်ဖြူ)၊ ပါလီမန်ဒီမိုကရေစီပါတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး စသည်ဖြင့်) နှင့် **လူမျိုးစုအခြေခံ၍ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်**

20 Smith, Martin. (1999). Burma: Insurgency and the Politics of Ethnicity. Bangkok: White Lotus.

21 မောင်မောင်စိုး။ (၂၀၂၀)။ ရခိုင်စစ်ပွဲနှင့် သူ၏ဇာတ်ကောင်များ (အပိုင်း ၁)။ https://burma.irrawaddy.com/article/2020/06/11/224399.html

**ပြည်ထောင်စု တည်ထောင်ရေးအတွက် တော်လှန်မှုများ** (ကရင် အမျိုးသား အစည်းအရုံး၊ ကချင်လွတ်လပ်ရေး အဖွဲ့ချုပ်၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၊ ရခိုင်အမျိုးသား အဖွဲ့ချုပ် စသည်ဖြင့်) ဟူ၍ ခွဲခြားနိုင်ပါသည်။

ထိုကဲ့သို့ နှစ်ပေါင်း ၇၀ ကျော်ကြာ ပြည်တွင်းစစ်အတွင်း ငြိမ်းချမ်းရေး ဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသော်လည်း တော်လှန်ရေး အင်အားစုများအလိုရှိသည့် နိုင်ငံရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်သည့် ဆွေးနွေးပွဲမျိုး ပေါ်ပေါက်နိုင်ခဲ့ခြင်း မရှိပေ။ အာဏာရှင်စနစ်နှင့် လူမျိုးကြီးဝါဒကို ဆက်လက် ကိုင်စွဲထားသော မြန်မာအစိုးရအဆက်ဆက်သည် နိုင်ငံရေးဆိုင်ရာ ဖြေရှင်းမှုများအစား လက်နက်ချရေးနှင့် တော်လှန်ရေး အင်အားစုများကို ကန့်သတ်ပိတ်ပင်ရေး အမြင်များဖြင့်သာ ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသည်။[22] အထူးသဖြင့် မြန်မာစစ်တပ်အနေနှင့် တော်လှန်ရေး အဖွဲ့အစည်းများအား သောင်းကျန်းသူများအဖြစ်သာ တောက်လျှောက် ရှုမြင်ရပ်တည်ခဲ့သည်။ ဤအခြေအနေသည် ဗမာပြည်၏ ပြည်တွင်းစစ် သက်ဆိုးရှည်နေရသော အကြောင်းအရင်းခံတစ်ခုလည်း ဖြစ်သည်။

## (၃၊ ၂) ဝါဒဖြန့်ချိရေးပုံစံများ

ဗမာပြည်အတွင်း ဖြစ်ပွားနေသော ပြည်တွင်းစစ်အခြေအနေများနှင့် ပတ်သက်၍ တိုင်းပြည်၏အာဏာကို ချုပ်ကိုင်ထားသော အစိုးရများ (အာဏာရှင်အစိုးရများအပါအဝင်) နှင့် မြန်မာစစ်တပ်တို့မှ ဝါဒဖြန့်ချိရေး လုပ်ငန်းများကိုလည်း စိုက်လိုက်မတ်တတ် လုပ်ကိုင်ခဲ့ကြသည်ကိုလည်း တွေ့ရှိရသည်။ အစိုးရ (သို့) စစ်တပ်တို့မှ ၎င်းတို့၏ နိုင်ငံရေးအရ ဆုပ်ကိုင်ထားသော အာဏာဖြင့် ပြည်တွင်းစစ်နှင့် ပတ်သက်သော ဇာတ်ကြောင်းများကို ဖန်တီးခြင်းနှင့် ၎င်းတို့မှ အမြဲတစေ မှန်ကန်ပြီး တော်လှန်ရေးဆောင်ရွက်နေသူများမှာ မှားယွင်း၍ လမ်းလွဲရောက်နေသူများ အဖြစ်ပုံဖော်သည့် ဝါဒဖြန့်ချိရေး ပုံစံမျိုးစုံကို အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရသည်။

ပါလီမန် ဒီမိုကရေစီခေတ်တွင်လည်း ကွန်မြူနစ်ဝါဒီ တော်လှန်ရေးသမားနှင့် ပတ်သက်၍ တုံ့ပြန် ဝါဒဖြန့်ချိမှုများ ပြုလုပ်သည့်အနေဖြင့် ထိုစဉ်က ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးနုမှ ‘လူထုအောင်သံ’ အမည်ရှိ ပြဇာတ်တစ်ပုဒ်ကို ရေးသားခဲ့သည်။ ထိုပြဇာတ်ကို စာအုပ်အဖြစ် ထုတ်ဝေခြင်း၊ စင်တင်ကပြခြင်းများကို တစ်နိုင်ငံလုံးအနှံ့တွင် ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ကျောင်းသုံးစာအုပ်အဖြစ်ပြဋ္ဌာန်းခြင်း၊ ရေဒီယိုမှ အသံလွှင့်ခြင်း၊ ရုပ်ပြကာတွန်းစာအုပ်အဖြစ် ထုတ်ဝေခြင်းနှင့် အမေရိကန် အစိုးရ၏ အကူအညီနှင့် ရုပ်ရှင်အဖြစ် ရိုက်ကူးခြင်းများကိုပါ ဆောင်ရွက်ခဲ့သည်။[23] ဝန်ကြီးချုပ်ဦးနု၏ ၁၉၅၅ ခုနှစ်အတွင်း အမေရိကန် ပြည်ထောင်စုသို့ သွားရောက်ခဲ့သော ခရီးစဉ်အတွင်း ကယ်လီဖိုးနီးယားပြည်နယ်၊ ပက်ဆာနဒီးမြို့တွင် သူကိုယ်တိုင် ရေးသားထားသည့် ‘လူထုအောင်သံ’ ပြဇာတ် ကပြဖျော်ဖြေသည်ကို ကြည့်ရှုခဲ့ရသည်ဟု သိရှိရသည်။[24] ဤ ‘လူထုအောင်သံ’ ပြဇာတ်၊ စာအုပ်နှင့် ရုပ်ရှင်များသည် ပြည်တွင်းစစ်အတွင်း ဖ ဆ ပ လ အစိုးရ၏ သဘောထားကို ပေါ်လွင်စေပြီး နိုင်ငံရေးအရ အဖြေရှာရမည့်အစား ကွန်မြူနစ်များအား ဆိုးသွမ်းသောင်းကျန်းသူများအဖြစ် ပုံဖော်ထားခြင်းပင်ဖြစ်သည်။

22 ၁၉၆၃ ပြည်တွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ မှတ်တမ်းများနှင့် ၂၁ ရာစု ပင်လုံညီလာခံမှတ်တမ်းများတွင် လေ့လာနိုင်ပါသည်။

23 ကြယ်နီသစ်။ (၂၀၁၇)။ ဗမာပါလီမန် အစိုးရရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး ဝါဒဖြန့်ပုံနှင့် အမေရိကန်ပါဝင်မှု။ ဆေးမင်တံ စာစောင်။ အတွဲ (၂)၊ အမှတ် (၂)။

24 https://lostfootsteps.org/my/history/prime-minister-u-nus-visit-to-the-united-states




ပုံ (၃)။ ဖ ဆ ပ လ ဝန်ကြီးချုပ် ဦးနု၏ ကွန်မြူနစ်ဆန့်ကျင်ရေး 'လူထုအောင်သံ' ပြဇာတ်အား ရုပ်ပြကာတွန်းအဖြစ်လည်း ထုတ်ဝေခဲ့သည်။




ပုံ (၄)။ ဖ ဆ ပ လ ဝန်ကြီးချုပ် ဦးနု၏ ကွန်မြူနစ်ဆန့်ကျင်ရေး 'လူထုအောင်သံ' ပြဇာတ်အား အမေရိကန်အစိုးရ၏ ထောက်ပံ့မှုဖြင့် ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့သည်။ 'လူထုအောင်သံ' ရုပ်ရှင်ပိုစတာ။

ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့၏ တစ်ပါတီအာဏာရှင် အုပ်ချုပ်ရေး ကာလများတွင်လည်း စာနယ်ဇင်းကဏ္ဍနှင့် ရုပ်ရှင်ထုတ်လုပ်ရေး အပါအဝင် အနုပညာကဏ္ဍများ တွင်ပါ အစိုးရမှ ထိန်းချုပ်မှုများ လုပ်ဆောင်ခဲ့သည်။ မ ဆ လ ၏ ဆိုရှယ်လစ်ဝါဒကို ထောက်ခံရေးသားသော ရုပ်ရှင်များနှင့် စာအုပ်၊ စာပေများ ထုတ်လုပ်မှုကို မျက်နှာသာပေးမှုများ ပြုလုပ်ခဲ့သည်။ ၁၉၈၈ ခုနှစ် န ဝ တ မှ အာဏာသိမ်းပြီး နောက်ပိုင်းတွင် ပိုမို တင်းကျပ်သော မီဒီယာ ဖိနှိပ်မှုများကို ပြုလုပ်လာခဲ့သည်။ တစ်ဆက်တည်းတွင် ၈၈၈၈ လူထု အရေးတော်ပုံ၊ ဒီမိုကရေစီအရေး လှုပ်ရှားမှုများနှင့် လက်နက်ကိုင် တော်လှန်မှုများနှင့် ပတ်သက်ပြီး သောင်းကျန်းသူများ၊ အဖျက်သမားများ စသည်ဖြင့် အနုတ်သဘောဆောင် သော မဟုတ်မမှန် ဝါဒဖြန့်ချိမှုများကို လုပ်ဆောင်ခဲ့ကြ သည်။

ရုပ်မြင်သံကြားထုတ်လွှင့်မှုများ ရှိလာသောကြောင့် မြန်မာရုပ်မြင်သံကြားအစီစဉ်အပါအဝင်၊ မြန်မာ့အသံနှင့် နိုင်ငံပိုင် သတင်းစာများကို အသုံးပြု၍ ဝါဒဖြန့်ချိမှုများကို ပြုလုပ်ခဲ့သည်။ အာဏာသိမ်းပြီးနောက်တွင် လူထုအရေး တော်ပုံအတွင်း မှတ်တမ်းတင်ထားသော အချက်အလက် များကို အသုံးပြု၍ ‘သမိုင်းရေစီး လှိုင်းကြီး လေထန် ဖြစ်ရပ်မှန်’ အမည်ရှိ မှတ်တမ်းရုပ်ရှင်ကို ထုတ်လွှင့် ပြသမှုများ ပြုလုပ်ခဲ့သည်။ ‘သမိုင်းရေစီး လှိုင်းကြီး လေထန် ဖြစ်ရပ်မှန်’ မှတ်တမ်းရုပ်ရှင်သည် လူထုအရေး တော်ပုံကြီးသည် ကွန်မြူနစ်များ၊ အာဏာရူးများနှင့် မင်းမဲ့ဝါဒီများ၏ လုပ်ဆောင်မှုဖြစ်ပြီး မြန်မာစစ်တပ် အနေဖြင့် ၎င်းတို့ထံမှ တိုင်းပြည်ကို အာဏာသိမ်းခြင်းဖြင့် ကယ်တင်ခြင်းဖြစ်ကြောင်း ပုံဖော်ထားခြင်းဖြစ်သည်။




**ပုံ (၅)။ နဝတ မှ ထုတ်လွှင့်ခဲ့သော ‘သမိုင်းရေစီး လှိုင်းကြီး လေထန် ဖြစ်ရပ်မှန်’**

ထို့အပြင် နဝတ၏ အာဏာသိမ်းမှုအတွင်း ဖမ်းဆီးသတ်ဖြတ်ခြင်းများကြောင့်လည်းကောင်း၊ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ဖြင့် နဝတ ကို ဆန့်ကျင်ရန် ဖွဲ့စည်းလာသည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး-မကဒတ (All Burma Student's Democratic Front – ABSDF) နှင့် ၎င်းတို့ကို ထောက်ပံ့ကူညီနေသော ကရင်အမျိုးသားအစည်းအရုံးတို့ နာမည်ဖျက် တိုက်ခိုက်ရန်အတွက် 'ပါပီမ' အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတစ်ခုကို ရိုက်ကူးခဲ့သည်။ 'ပါပီမ' ဇာတ်လမ်းကို ရုပ်မြင်သံကြားအစီအစဉ်မှ အကြိမ်ကြိမ် ထုတ်လွှင့်သည်။ ထိုဇာတ်လမ်းတွင်လည်း ထိုခေတ်က နာမည်ကြီး ထင်ရှားသော သရုပ်ဆောင်များ ပါဝင်ခဲ့ကြသည်။


တခြားထင်ရှားသော ဝါဒဖြန့်ချိရေး ရုပ်မြင်သံကြားဇာတ်လမ်းတခုမှာမူ နာမည်ကျော် ရုပ်ရှင်မင်းသားတစ်ဦးဖြစ်သူ ညွန့်ဝင်း ဦးဆောင်ပါဝင် သရုပ်ဆောင်ထားသော 'အဖေနှင့်သားများ' ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သည်။ ဤဇာတ်လမ်းတွင် မြန်မာစစ်တပ်ကို ဗဟိုပြု၍ လူမျိုးစုများနှင့် လူငယ်များ၏ ဆိုးသွမ်းသောင်းကျန်းနေမှုကို ထိန်းသိမ်းနိုင်ရန်အတွက် အာဏာသိမ်းယူရခြင်းဖြစ်သည် ဆိုသော အမြင်ကို နိမိတ်ပုံဖော်ပြထားခြင်း ဖြစ်သည်။ နာမည်ကျော် အဆိုတော် ချစ်ကောင်း၏ နောက်ခံ ဇာတ်ဝင်သီချင်းနှင့်အတူ 'အဖေနှင့် သားများ' ရုပ်မြင်သံကြားဇာတ်လမ်းသည် ဗမာပြည်သူများကြားထဲတွင် ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိခဲ့သည်။



ပုံ (၆)။ နဝတ မှ ထုတ်လွှင့်ခဲ့သော 'ပါပီမ' ရုပ်မြင်သံကြားဇာတ်လမ်းမှ သရုပ်ဆောင် ခင်စိုးပိုင်




ပုံ (၇)။ နဝတ မှ ထုတ်လွှင့်ခဲ့သော 'အဖေနှင့် သားများ' ရုပ်မြင်သံကြားဇာတ်လမ်းမှ သရုပ်ဆောင် ညွန့်ဝင်း




**ပုံ (၈)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် 'ပြည်ထောင်စုသစ္စာ' ဇာတ်ကား ပိုစတာ**

ထို့အပြင် န၀တ အစိုးရမှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အသရေပျက်စေရန် သရော်လှောင်ပြောင်သော ရုပ်မြင်သံကြားဇာတ်လမ်းတို တစ်ပုဒ်ကိုလည်း ထုတ်လွှင့်ခဲ့သည်။ ထိုဇာတ်လမ်းတိုတွင် ပါဝင်သရုပ်ဆောင်ခဲ့သူများကို ပြည်သူများက ဆန့်ကျင်ခဲ့ကြသည်။ ပါဝင်သရုပ်ဆောင်ခဲ့သူများအနက်မှ ဇာတ်ပို့သရုပ်ဆောင် ဒေါ်ဂွက်ထော်၏ နေအိမ်အား ခဲဖြင့် ပစ်ပေါက်ခြင်း ခံခဲ့ရသည်။[25]

န၀တ အစိုးရလက်ထက်မှ စတင်၍ အစိုးရအဆက်ဆက်အထိ မြန်မာစစ်တပ်၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ထောက်ခံတင်ပြမှုများ၊ လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဒီမိုကရေစီအရေး လှုပ်ရှားမှုများကို ဆန့်ကျင် တင်ပြမှုများကို ထည့်သွင်းထားသည့် ရုပ်ရှင်များ ရုပ်မြင်သံကြားဇာတ်လမ်းများကို အများအပြား ရိုက်ကူး ထုတ်လွှင့်ခဲ့ကြသည်။ နှစ်စဉ် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း/ပါတီ၏ နှစ်ပတ်လည် အထိမ်းအမှတ်ဇာတ်လမ်းများအဖြစ် ရိုက်ကူးခဲ့ကြခြင်း ဖြစ်ပြီး ဒါရိုက်တာများ၊ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းများဖြစ်သည့် စင်ရော်မောင်မောင်၊ တင်သန်းဦး၊ မြသန်းစံ၊ ပန်ချီစိုးမိုး၊ ငြိမ်းမင်းနှင့် မင်းခိုက်စိုးစံတို့မှာ ထိုဇာတ်ကားများကို အဓိက ရိုက်ကူးသူများ ဖြစ်ခဲ့ကြသည်။ မြန်မာစစ်တပ်နှင့် ပတ်သက်သော ပုံဖော်ရိုက်ကူးမှုများတွင် 'ဝေလည်းမွှေး၊ ကြွေလည်းမွှေး'၊ 'အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ'၊ 'အညတရ မိုးကောင်းကင်'၊ 'နှလုံးသားနဲ့ စစ်တာဝန်'၊ 'ရဲဘော်ဆက်လုပ်'၊ 'သူရဲကောင်းတို့ ပျော်ရာမြေ'၊ 'အမိမြေမှ သားကောင်းများ'၊ 'အပြာရောင်သစ္စာ'၊ 'သံယောဇဉ်အနား နှလုံးသား ဗဟိုပြု'၊ 'ပြည်ထောင်စုသစ္စာ'၊ 'ငါတို့သည်' နှင့် 'စစ်ကိုမုန်း၍ တိုက်ခဲ့သည်' အစရှိသည့် ရုပ်ရှင်[26]နှင့် ရုပ်မြင်သံကြားဇာတ်လမ်းများလည်း ပါဝင်သည်။

25 ဝင့်ထည်။ (၂၀၀၇)။ မင်းသားကြီး ဦးထွန်းဝေတို့ထုံး နှလုံးမူကြစေချင်။ http://drlunswe.blogspot.com/2007/09/blog-post_8174.html

26 CT ။ (၂၀၂၀)။ စစ်တပ်အာဏာသိမ်းဝါဒဖြန့် 'အဖေနှင့် သားများ' ရုပ်ရှင်တပ်မတော်က ထုတ်လွှင့်မည်။ https://myanmar-now.org/mm/news/4901




**ပုံ (၉)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် 'စစ်ကိုမုန်း၍ တိုက်ခဲ့သည်' ဇာတ်ကား ပိုစတာ**

အဆိုပါ မြန်မာစစ်တပ်အား ထောက်ခံအားပေး ဝါဒဖြန့်ချိပေးသည့် ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းများအတွင်း ပါဝင်သရုပ်ဆောင်ခဲ့ကြသူများ တွင် နာမည်ကျော်မင်းသား၊ မင်းသမီးနှင့် ဇာတ်ပို့ဇာတ်ရံ ပေါင်း များစွာ ပါဝင်ခဲ့ကြသည်။ တချို့သော အခြေအနေ များတွင် မြန်မာ့ရုပ်ရှင်လောက၏ အမြင့်ဆုံးဆုဖြစ်သော အကယ်ဒမီရုပ်ရှင်ထူးချွန်ဆု ရရှိနိုင်ရန်အတွက်လည်း မြန်မာစစ်တပ်အား ထောက်ခံအားပေးသည့် ဇာတ်လမ်း များကို ရိုက်ကူးခဲ့ကြသည်ကို တွေ့ရသည်။ ၁၉၉၄ ခုနှစ် ၄၃ ကြိမ်မြောက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် 'ဝေလည်း မွှေး ကြွေလည်းမွှေး' ဇာတ်ကားဖြင့် အမျိုးသားဇာတ်ပို့ ဆုကို ကျော်ဟိန်း၊ ၂၀၀၀ ခုနှစ်တွင် ၄၉ ကြိမ်မြောက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် 'ငရဲသား' ဇာတ်ကားဖြင့် ဒါရိုက်တာဆုနှင့် အမျိုးသားဇာတ်ဆောင်ဆုကို သီဟတင်စိုး နှင့် ဇာတ်ကားဆုအဖြစ် ခင်စပယ်ဦးရုပ်ရှင်၊ ၂၀၀၃ ခုနှစ်တွင် ၅၂ ကြိမ်မြောက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် 'သူးမွဲထ သစ္စာ' ဇာတ်ကားဖြင့် ရုပ်ရှင်တည်ဖြတ်ဆုကို ဦးမြင့်ခိုင်နှင့် ရုပ်ရှင်အသံဆုအဖြစ် ခင်စပယ်ဦးအဖွဲ့၊ ၂၀၁၃ ခုနှစ်တွင် ၆၂ ကြိမ်မြောက် ရုပ်ရှင်ထူးချွန်ဆု ပေးပွဲတွင် 'ကြယ်စင်မော်ကွန်း' ဇာတ်ကားဖြင့် နောက်ခံ တေးဂီတဆုကို စန္ဒရားတင်ဝင်းလှိုင်နှင့် ၂၀၁၇ ခုနှစ်တွင် ၆၆ ကြိမ်မြောက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် 'ကွမ်းလုံ ရက် ၄၀' ဇာတ်ကားဖြင့် နောက်ခံတေးဂီတဆုကို စန္ဒရား တင်ဝင်းလှိုင် တို့မှ အသီးသီးရရှိခဲ့ကြသည်။ အဆိုပါ ထူးချွန်ဆုရ ရုပ်ရှင်များသည် တော်လှန်ရေးအဖွဲ့အစည်း များပတ်သက်၍ သိက္ခာချ ဝါဒဖြန့်ချိရေးဆိုင်ရာ ရုပ်ရှင်

ဇာတ်လမ်းများဖြစ်ပြီး မြန်မာစစ်တပ်ဘက်မှ နိုင်ငံရေးနှင့် သမိုင်းကြောင်းအမြင်များကို အခြေခံ၍ ပြည်သူကို တစ်ဖက်သတ် မှိုင်းတိုက်ထားသည့် ဇာတ်လမ်းများဖြစ်သည်ကို လေ့လာမှုအရ တွေ့ရှိရသည်။




ပုံ (၁၀)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် 'ဝေလည်းမွှေး ကြွေလည်းမွှေး' ဇာတ်ကား ပိုစတာ




ပုံ (၁၁)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် 'ကြယ်စင်မော်ကွန်း' ဇာတ်ကား ပိုစတာ



ပုံ (၁၂)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် ‘ကွမ်းလုံ ရက် ၄၀’ ဇာတ်ကား ပိုစတာ




ပုံ (၁၃)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတခုဖြစ်သည့် ‘ကွမ်းလုံ ရက် ၄၀’ ဇာတ်ကားမှ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မင်းမော်ကွန်း။




Not Secure — burmesetoday.blogspot.com

## ကွမ်းလုံ ရက် ၄၀ ရိုက်ဖို့ တာဝန်ကြီးတယ် ဆိုတဲ့ မင်းမော်ကွန်း

‘ကွမ်းလုံ ရက် ၄၀ ’ ဇာတ်ကားသည် ယခင်ရိုက်ကူးဖူး သည့် တပ်မတော်ကားများနှင့် မတူဘဲ သမိုင်းအမှန်ကို ရိုက်ကူး ခြင်းဖြစ်သောကြောင့် တာဝန်ကြီး ကြောင်းမင်းမော်ကွန်းက ပြောသည်။

“ကျွန်တော် အရှေ့မှာရိုက်ခဲ့ တဲ့ တပ်မတော်ကားတွေက ဇာတ်လမ်းဖန်တီးထားတဲ့ ဇာတ်ကား တွေ။ အခုကားက တကယ့်သမိုင်းကိုရိုက်ရမယ့် ကားဖြစ်တဲ့အတွက် တာဝန်ကြီးတယ်လို့ ခံစားရပါ တယ်” ဟု ၎င်းက ပြောသည်။

ယင်းဇာတ်ကားတွင် ဗိုလ် ကြီးသူရအေးရွှေ၏ နေရာ၌ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ပြီး သူ့ရဲ ကောင်းတစ်ယောက်၏ နေရာတွင် ပါဝင်သရုပ်ဆောင်ရခြင်း ဖြစ်သောကြောင့် ပြင်ဆင်မှုများ ပြုလုပ်သွားရမည်ဟု ၎င်းက ဆို သည်။



burmesetoday.blogspot.com

‘ကွမ်းလုံ ရက် ၄၀ ’ ဇာတ်ကားသည် ယခင်ရိုက်ကူးဖူး သည့် တပ်မတော်ကားများနှင့် မတူဘဲ သမိုင်းအမှန်ကို ရိုက်ကူး ခြင်းဖြစ်သောကြောင့် တာဝန်ကြီး ကြောင်းမင်းမော်ကွန်းက ပြောသည်။

“ကျွန်တော် အရှေ့မှာရိုက်ခဲ့ တဲ့ တပ်မတော်ကားတွေက ဇာတ်လမ်းဖန်တီးထားတဲ့ ဇာတ်ကား တွေ။ အခုကားက တကယ့်သမိုင်းကိုရိုက်ရမယ့် ကားဖြစ်တဲ့အတွက် တာဝန်ကြီးတယ်လို့ ခံစားရပါ တယ်” ဟု ၎င်းက ပြောသည်။

ယင်းဇာတ်ကားတွင် ဗိုလ် ကြီးသူရအေးရွှေ၏ နေရာ၌ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ပြီး သူ့ရဲ ကောင်းတစ်ယောက်၏ နေရာတွင် ပါဝင်သရုပ်ဆောင်ရခြင်း ဖြစ်သောကြောင့် ပြင်ဆင်မှုများ ပြုလုပ်သွားရမည်ဟု ၎င်းက ဆို သည်။

“ဘောက်ထော်က မှတ် တမ်းရုံးထဲမှာ တပ်သားသစ်တွေ၊ အရာရှိတွေနဲ့အတူ PT ပြေးတာ၊ တန်းစီတာ၊ တပ်မတော်သားတွေ လုပ်ရတဲ့ စည်းကမ်းတွေ အကုန် လုံးကို မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သွားပြီး လေ့ကျင့်နေ တယ်” ဟု ကွမ်းလုံရက် ၄၀ ဇာတ် ကားပြင်ဆင်မှုနှင့် ပတ်သက်၍ မင်းမော်ကွန်းကပြောသည်။

ယင်းဇာတ်ကားတွင် မင်း မော်ကွန်းနှင့်အတူ အခြားနာမည် ကြီး သရုပ်ဆောင်များစွာ ပါဝင် မည်ဖြစ်ပြီး ဒါရိုက်တာ ပန်းချီစိုး မိုးက ၂၀၁၅ တွင် ကျရောက်မည့် နှစ် (၇၀) ပြည့် တပ်မတော်နေ့အ ထိမ်းအမှတ် ဂုဏ်ပြုဇာတ်ကား အဖြစ် ရိုက်ကူးသွားမည်ဖြစ် သည်။

by 7day

**ပုံ (၁၄၊ ၁၅)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် ‘ကွမ်းလုံ ရက် ၄၀’ ဇာတ်ကားနှင့် ပတ်သက်၍ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မင်းမော်ကွန်း၏ ပြောကြားချက်။**

မြန်မာစစ်တပ်၏ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ စီစဉ်ရိုက်ကူးခဲ့သည် ကွမ်းလုံ ရက် ၄၀ ရုပ်ရှင်ဇာတ်လမ်းတွင်ပါဝင် သရုပ်ဆောင်ခဲ့သော အကယ်ဒမီ မင်းမော်ကွန်းကမူ ‘ကျွန်တော် အရှေ့မှာ ရိုက်ခဲ့တဲ့ တပ်မတော်ကားတွေက ဇာတ်လမ်းဖန်တီးထားတဲ့ ဇာတ်ကားတွေ။ အခုကားက တကယ့်သမိုင်းကို ရိုက်ရမယ့်ကားဖြစ်တဲ့အတွက် တာဝန်ကြီးတယ်လို့ ခံစားရကြောင်းနှင့် အဆိုပါဇာတ်ကားတွင် ဗိုလ်ကြီး သူရအေးရွှေနေရာ၌ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ပြီး သူ့ရဲကောင်းတစ်ယောက်၏ နေရာတွင် ပါဝင်သရုပ်ဆောင်ရခြင်း ဖြစ်သောကြောင့် ပြင်ဆင်မှုများပြုလုပ်သွားရမည်’ ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

## ကြယ်စင်မော်ကွန်းနဲ့အကယ်ဒမီရခဲ့ရင် လိပ်ပြာသန့်တယ်ဆိုတဲ့လူမင်း

WEDNESDAY, AUGUST 20, 2014　ME　NO COMMENTS

From : .. 7day



ကြယ်စင်မော်ကွန်းဇာတ် ကားတွင် သရုပ်ဆောင်ခဲ့သော ဇာတ်ရုပ်သည် ကိုယ်တိုင်အားရ ကျေနပ်သော ဇာတ်ကောင်တစ်ခု ဖြစ်သောကြောင့် ယင်းဇာတ်ရုပ် နှင့် အကယ်ဒမီဆုရရှိခဲ့ပါက လိပ် ပြာသန့်ကြောင်း လူမင်း ကပြော သည်။

"ကြယ်စင်မော်ကွန်းမှာ ကိုယ့်ကိုယ်ကိုယ် သရုပ်ဆောင် တာလည်းအားရတယ်။ အစ်ကို အစည်းအရုံးဥက္ကဋ္ဌအနေ နဲ့လော ကအတွက်ဆောင်ရွက်တာက တစ်ပိုင်းပဲ။ ဒါပေမဲ့ ကိုယ့်ရဲ့မိခင် ပင်မတပ်ရင်းက သရုပ်ဆောင်ပဲ လေ။ သရုပ်ဆောင်အတွက်ကို ဘယ်လောက် အပင်ပန်းခံခဲ့တယ်။ ဘယ်လောက်အထိကြိုးစားခဲ့တယ်၊ နောက်ပြီး ကိုယ့်သရုပ် ဆောင်ချက်ကို တစ်ယောက် တည်းကြည့်ရတာမှမဟုတ်တာ။ ပညာရှင်တွေရော ပရိသတ်တွေ ရော ကြည့်ပြီးသားဆိုတော့ ရ သင့်ရထိုက်လို့ရမယ်ဆိုရင်လည်း အဲဒီအပေါ်မှာ ကိုယ့်လိပ်ပြာကိုယ် လုံပါ တယ်"ဟု ၎င်းကပြောသည်။

ကြယ်စင်မော်ကွန်းဇာတ် ကားသည် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်းကိုရိုက်ကူးတင်ပြ ထားသည့် ဇာတ်ကားတစ်ကား ဖြစ်ပြီး ဒါရိုက်တာပန်းချီစိုးမိုးက ရိုက်ကူးပုံဖော်ထားကာ နိုင်ငံပိုင် ရုပ်သံလိုင်းများမှ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းအနေဖြင့်ပြသ ခဲ့သော်လည်း ယင်းရုပ်ရှင်ရုံတင်ပြသရာတွင်ရက်တိုးပြသခဲ့ရ သည်။

ထို့အပြင် ကြယ်စင်မော် ကွန်းဇာတ်ကားသည် ၂၀၁၃ခုနှစ် အတွက် ရုပ်ရှင်ထူးချွန်ဆုပထမ အဆင့်ရွေးချယ်ရေး အဖွဲ့က ဆန်ခါတင် ရွေးချယ်ခဲ့သော ရုပ်ရှင်ခြောက်ကားတွင်လည်း ပါဝင်လျက်ရှိသည်။

ရုပ်ရှင်အစည်းအရုံးအနေဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ရာနူန်းပြည့်ကျင်းပခွင့်ရရှိခဲ့၍ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ တစ်ဦးအနေဖြင့် အခမ်းနားဆုံးကျင်းပနိုင်ရန် စဉ်းစားထားကြောင်း ၎င်းကဆိုသည်။

ရုပ်ရှင်အစည်းအရုံးရွေး ကောက်ပွဲအတွက်လည်းလုပ်ငန်း စဉ်များဆက်လက်ဆောင်ရွက် လျက်ရှိပြီး ရုပ်ရှင် လောကသား များကို ချပြနိုင်မည့်ရုပ်ရှင်ဥပဒေ မူကြမ်းအတွက်လည်း နောက်ဆုံး အဆင့်ရေးဆွဲမှုများ ပြုလုပ် နေ ကြောင်း ၎င်းကဆိုသည်။

**ပုံ (၁၆)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် 'ကြယ်စင်မော်ကွန်း' ဇာတ်ကားနှင့် ပတ်သက်၍ ရုပ်ရှင်သရုပ်ဆောင် လူမင်း၏ ပြောကြားချက်။**

၂၀၁၃ ခုနှစ်တွင် ရုံတင်ပြသခဲ့သော မြန်မာစစ်တပ် ဝါဒဖြန့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သော 'ကြယ်စင်မော်ကွန်း' ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ရုပ်ရှင်သရုပ်ဆောင် လူမင်းကလည်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရခြင်းအပေါ် အားရကျေနပ်မှုရှိပြီး၊ ယင်းဇာတ်ရုပ်နှင့် အကယ်ဒမီရခဲ့ပါက လိပ်ပြာသန့်ကြောင်းလည်း ပြောကြားခဲ့သည်။ 'ကြယ်စင်မော်ကွန်း' ရုပ်ရှင်ဇာတ်ကား ဒါရိုက်တာဖြစ်သူ ပန်းချီစိုးမိုးမှလည်း ဤဇာတ်ကားသည် စစ်ကားသက်သက်မဟုတ်ဘဲ သမိုင်းအထောက်အထားများ ပါဝင်ခြင်း၊ တစ်ဖက်သက် ပေါ်လစီဆန်ဆန် ရိုက်ပြမှုများ မဟုတ်ခြင်း၊ နိုင်ငံတော်မှ ပံ့ပိုးမှုကြောင့် ခမ်းနားထည်ဝါစွာ ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။[27] မြန်မာစစ်တပ်၏ ဝါဒဖြန့်ချိရေး ဇာတ်ကားတစ်ကားဖြစ်သော 'စစ်ကိုမုန်း၍ တိုက်ခဲ့သည်' ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သော စိုးမြတ်နန္ဒာမှလည်း လောက်ကိုင်ဒေသတွင် ဖြစ်ပွားခဲ့သော တကယ့်ဖြစ်ရပ်မှန်ကို ရိုက်ခြင်းဖြစ်ကြောင်း၊ စိတ်ထဲပါလို့ကို ရိုက်ခြင်းဖြစ်ကြောင်း ဖော်ထုတ်ပြောကြားခဲ့သည်။[28]

မြန်မာစစ်တပ်၏ ဝါဒဖြန့် ဇာတ်ကားများတွင် ခေတ်အလိုက် ထင်ရှားကျော်ကြား လူသိများပြီး ပြည်သူလူထုအပေါ် လွှမ်းမိုးနိုင်သည့် ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းနှင့် အတတ်ပညာပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များ အမြောက်အများ ပါဝင်ခဲ့ကြသည်။ မြန်မာစစ်တပ်၏ ဖိအားပေးမှုဒဏ်ကို ခံရနိုင်သည်ဆိုသည့် စိုးရိမ်မှုကြောင့် ပါဝင်ခဲ့ရသူများရှိသလို မြန်မာစစ်တပ်နှင့် အစိုးရများ၏ မျက်နှာသာပေးမှုကြောင့် ဆက်စပ်ရရှိလာနိုင်မည့် အကျိုးစီးပွားများကို မျှော်လင့်မှုကြောင့် ပါဝင်မှုလည်း ရှိကြသည်။ အထူးသဖြင့် ရုပ်ရှင်ဇာတ်လမ်းများဖြစ်ပါက အကယ်ဒမီ ရုပ်ရှင်ထူးချွန်ဆု ရရှိနိုင်သည့် အခြေအနေသည်လည်း မြင့်မားသော မက်လုံးတစ်ခုဖြစ်သည်။ တချို့သော အခြေအနေများတွင် အဆိုပါရုပ်ရှင်များတွင် ပါဝင်ခဲ့သောသူများအနေဖြင့် မြန်မာစစ်တပ်နှင့် အစိုးရအဆက်ဆက် တစ်ဖက်သတ် ဖန်တီးထားသော နိုင်ငံရေးနှင့် သမိုင်းကြောင်း အမြင်များကို ခိုင်ခိုင်မာမာ ယုံကြည်ခြင်းကြောင့်လည်း ဤရုပ်ရှင်များ ဇာတ်လမ်းများတွင် ပါဝင်ခဲ့ကြခြင်းဖြစ်သည်။



**ပုံ (၁၇)။ မြန်မာစစ်တပ် ဝါဒဖြန့် ဇာတ်ကားတစ်ခုဖြစ်သည့် 'စစ်ကိုမုန်း၍ တိုက်ခဲ့သည်' ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်နေသော ရုပ်ရှင်သရုပ်ဆောင် စိုးမြတ်နန္ဒာ။**

27 'ကြယ်စင်မော်ကွန်း' ရုပ်ရှင်ဇာတ်ကား ပေါ်လစီကားလား။ http://blog.irrawaddy.com/2014/12/blog-post_9.html

28 'စစ်ကိုမုန်း၍ တိုက်ခဲ့သည်' ဇာတ်ကားနဲ့ ပတ်သက်ပြီး ပြောလာတဲ့ စိုးမြတ်နန္ဒာ။ https://old.mmload.com/news/16402

## (၃၊ ၃) မြန်မာစစ်တပ်၏ ဝါဒဖြန့်ချိရေးတွင် ပါဝင်ခြင်း

မြန်မာစစ်တပ်အပါအဝင် အစိုးရအဆက်ဆက်မှ ပြည်တွင်းစစ်နှင့် ပတ်သက်သော ဝါဒဖြန့်ချိမှုများကို ဆောင်ရွက်ရာတွင် အများပြည်သူမှ အလေးထားသော လူသိ ထင်ရှားသူများကို အသုံးပြုခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရုပ်မြင်သံကြားဇာတ်လမ်းများနှင့် ရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်ခြင်း၊ သီချင်းများနှင့် ဂီတ ဖျော်ဖြေပွဲများကျင်းပခြင်းတို့ အပါအဝင် စာအုပ်စာတမ်း များ ရိုက်နှိပ်ဖြန့်ချိခြင်းများလည်း ပါဝင်သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် အင်တာနက်သုံးစွဲသူများ ကျယ်ပြန့်လာမှုနှင့်အတူ လူမှုမီဒီယာဖြစ်သော facebook အသုံးပြုသူများ ကျယ်ပြန့်လာမှုနှင့်အညီ facebook ကိုလည်း ဝါဒဖြန့်ချိရေး နည်းလမ်းတစ်ခုအနေဖြင့်လည်း အသုံးပြုလာခဲ့သည်။ အဆိုပါ မြန်မာစစ်တပ်ဝါဒဖြန့်မှု ရုပ်ရှင်များ၊ ရုပ်မြင်သံကြားဇာတ်လမ်းများ၊ သီချင်းများကို facebook တွင် ပျံ့နှံ့စေရန် ဆောင်ရွက်ခြင်းနှင့် ထင်ပေါ် ကျော်ကြား လွှမ်းမိုးနိုင်သူများ၊ လူသိများထင်ရှားသော ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များနှင့် စာရေးဆရာ များ အပါအဝင် မြန်မာစစ်တပ်၏ အမြင်ရှုထောင့်မှ တစ်ဆင့် ပြည်တွင်းစစ်နှင့်ပတ်သက်သော ဖော်ပြချက်များ ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မျှဝေခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တချို့သော ဖြစ်စဉ်များ သည် အာဏာရှိသောသူများဖြစ်သည့် မြန်မာစစ်တပ်နှင့် အစိုးရ၏ ဖိအားကြောင့် ဆောင်ရွက်ခြင်းများလည်း ရှိသလို တချို့မှာမူ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင် သည့် အကျိုးအမြတ်များ ရရှိလိုမှုကြောင့်နှင့် ကိုယ်ကိုတိုင် အဆိုပါ ဝါဒဖြန့်ချိရေးများအပေါ်တွင် နှစ်လိုလက်ခံမှု ကြောင့်လည်း ဖြစ်သည်။ ထင်ရှားသည့် ဥပမာတစ်ရပ် အနေဖြင့် မြန်မာစစ်တပ်နှင့် MNDAA အဖွဲ့တို့ကြား တွင် ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော လောက်ကိုင် စစ်ပွဲနှင့် ပတ်သက်၍ ဖြစ်သည်။ အဆိုပါ စစ်ပွဲနှင့် ပတ်သက် ၍ မြန်မာစစ်တပ်မှ တခြားသော ဝါဒဖြန့်ချိမှုများ နည်းတူ facebook တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ သည်ကို တွေ့ရှိရသည်။ facebook တွင် လူသိများ ထင်ရှားသူများနှင့် ရုပ်ရှင်သရုပ်ဆောင်များမှတစ်ဆင့် အားပေးထောက်ခံမှုများရအောင် ဆောင်ရွက်ခြင်း ဖြစ် သည်။


ထိုစဉ်အချိန်က facebook တွင် လူသိများ ထင်ရှား သူများနှင့် ရုပ်ရှင်သရုပ်ဆောင်များမှ မြန်မာစစ်တပ်ကို အားပေးထောက်ခံသည့် ဖော်ပြချက်များ၊ လှူဒါန်းမှုများ နှင့် အတူရုပ်တည်မှုများကို ပြည်သူများပါ ပါဝင်လာစေ ရန် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်မှုများကို ဆောင်ရွက်ခဲ့ ကြသည်။ ထင်ရှားသည့် လှုပ်ရှားမှုတစ်ခုအနေဖြင့် တိုက်ပွဲများ ဖြစ်ပွားနေသည့် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (ရမခ) ၏ အမှတ်တံဆိပ်အား facebook profile အဖြစ် တင်ကြခြင်း ဖြစ်သည်။ ဤလှုပ်ရှားမှုတွင် မြန်မာစစ်တပ် အသိုင်းအဝိုင်းမှစပြီး ထင်ရှားကျော်ကြား သူများ အပါအဝင် facebook သုံးစွဲသော ပြည်သူများ အထိ ပါဝင်ခဲ့ပြီး မြန်မာစစ်တပ်၏ အောင်မြင်သော လှုပ်ရှားမှုဟု သတ်မှတ်နိုင်သည်။





**ပုံ (၁၈)။ facebook profile အဖြစ် အသုံးပြုခဲ့ကြသော မြန်မာစစ်တပ် အရှေ့မြောက်ပိုင်း တိုင်း စစ်ဌာနချုပ် (ရမခ)၏ အမှတ်တံဆိပ်။**

မြန်မာစစ်တပ်နှင့် MNDAA တပ်ဖွဲ့များကြား တိုက်ပွဲ ဖြစ်ပွားနေသည့် လောက်ကိုင်ဒေသရှိ တပ်မတော် သားနှင့် စစ်ဘေးရှောင်များအတွက် အနုပညာရှင်များမှ သွားရောက်အားပေးကူညီသည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ ထိုအစီအစဉ်ကို ရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်သူ ဝေဠုကျော်၏ သွေးမေတ္တာ ပရဟိတအသင်းမှ ဦးဆောင်စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် မြန်မာစစ်တပ် မှ တပ်မတော်သားများနှင့် အတူရှိနေကြောင်း ပြသသည့် အနေဖြင့် အနုပညာရှင်များမှ လက်မှတ်ထိုးထားသည့်

စာများပါ ပေးပို့ခဲ့ကြသည်။ ရုပ်ရှင်သရုပ်ဆောင် ရဲအောင်၊ မေသန်းနု၊ ခိုင်သင်းကြည်နှင့် ကျော်ကျော်ဗိုလ်တို့၏ မြန်မာစစ်တပ်အား အားပေးသည့် စာများကို ရေးသားခဲ့ကြပြီး ၎င်းတို့ကို ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်၏ facebook စာမျက်နှာတွင် တင်ပြထားသည်ကို တွေ့ရှိခဲ့ရသည်။[29] ထို့အပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှပင် လောက်ကိုင်တိုက်ပွဲတွင် မြန်မာစစ်တပ်နှင့် အတူရပ်တည်ကြောင်း၊ အချုပ်အခြာအာဏာထိပါးမှုကို ကာကွယ်ခြင်းဖြစ်သည့်အတွက် မြန်မာစစ်တပ်နှင့် အတူရပ်တည်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရသည်။









**ပုံ (၁၉၊ ၂၀၊ ၂၁၊ ၂၂)။ ရုပ်ရှင်သရုပ်ဆောင် ရဲအောင်၊ မေသန်းနု၊ ခိုင်သင်းကြည်နှင့် ကျော်ကျော်ဗိုလ်တို့၏ မြန်မာစစ်တပ်အား အားပေးသည့် စာများ။ (ခိုင်သင်းကြည်၏ facebook)**

29 ကိုးကန့်တိုက်ပွဲဝင် တပ်မတော်သားများကို ရုပ်ရှင်သရုပ်ဆောင်များ အားပေး။ https://burmese.dvb.no/archives/81873

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

# MYANMAR MOTION PICTURE ORGANIZATION

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်နယ်မြေတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုကာကွယ်ရန်အတွက် မွန်မြတ်သည့်စိတ်ဓာတ်ဖြင့် မိမိအသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်နေသော တပ်မတော်သားများ၊ တိုက်ပွဲဝင်ရင်း နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့သော တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများနှင့် အဆိုပါတပ်မတော်သားများ၏မိသားစုဝင်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လေးစားဂုဏ်ယူစွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်တိုက်ခိုက်နေသော ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းပါဝင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်သည့် လုပ်ရပ်များကို ခုခံတွန်းလှန်တိုက်ခိုက်နေသည့် မြန်မာ့တပ်မတော်၏ဆောင်ရွက်မှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထောက်ခံအပ်ပါသည်။

၄။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**ပုံ (၂၃)။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ လောက်ကိုင်တိုက်ပွဲတွင် မြန်မာစစ်တပ်နှင့်အတူ ရပ်တည်ကြောင်း၊ အချုပ်အခြာအာဏာထိပါးမှုကို ကာကွယ်ခြင်းဖြစ်သည့်အတွက် မြန်မာစစ်တပ်အား ထောက်ခံကြောင်း ကြေညာချက်**

ထို့အပြင် မြန်မာစစ်တပ်မှ လူမျိုးစု တော်လှန်ရေးတပ်ဖွဲ့များနှင့် ဖြစ်ပွားသော တိုက်ပွဲများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ရာတွင်လည်းကောင်း၊ ဝါဒဖြန့်ချိမှုနှင့် စည်းရုံးရေးလုပ်ကိုင်ရာတွင် ထိုသို့ ထင်ရှားကျော်ကြားသူများ ပူးပေါင်း၍ လုပ်ကိုင်ခဲ့ကြသည်။ တချို့သော ဖြစ်စဉ်များတွင် ၎င်းတို့၏ facebook account များတွင် ပုံများနှင့် တွဲဖက်၍ မြန်မာစစ်တပ်ကို အားပေးထောက်ခံသော အမှာစကားများကို တင်ဆက်ဖြန့်ချိခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ တချို့သော အမျိုးသမီး သရုပ်ဆောင်များသည်လည်း ထိုကဲ့သို့သော လှုပ်ရှားမှုများတွင် လိုလိုလားလား ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရသည်။







ပုံ (၂၄၊ ၂၅)။ အမျိုးသမီးသရုပ်ဆောင်များဖြစ်သည့် သင်ဇာဝင့်ကျော်နှင့် ယဉ်လတ်တို့၏ မြန်မာစစ်တပ်အား အားပေးထောက်ခံသည့် အမှာစကားများ







ပုံ (၂၆ နှင့် ၂၇)။ အမျိုးသမီးသရုပ်ဆောင်များဖြစ်သည့် ဆောင်းယွန်းစံနှင့် ဖြူဖြူထွေးတို့၏ မြန်မာစစ်တပ်အား အားပေးထောက်ခံသည့် အမှာစကားများ



**ပုံ (၂၈)။ နေပြည်တော် တပ်ကုန်းမြို့တွင် ရှေ့တန်းပြန် စစ်သည်များကို NLD ပါတီဝင်တချို့ ကြိုဆိုနေကြစဉ်။ (Popular News Journal)**

အဆိုပါ ရုပ်ရှင်အနုပညာရှင်များကဲ့သို့သော နိုင်ငံရေး၊ သမိုင်းနှင့် ပြည်တွင်းစစ်ဆိုင်ရာများနှင့် အလှမ်းဝေးသောသူများမှ မြန်မာစစ်တပ်အပေါ် ထောက်ခံမှုများကို ဆောင်ရွက်ကြရာတွင် အကျိုးစီးပွား အခြေခံနှင့် အမှန်တကယ် လက်ခံယုံကြည်ခြင်းကြောင့်ဟု ယေဘုယျ သုံးသပ်နိုင်သည်။ သို့သော်လည်း နိုင်ငံရေး အသိုင်းအဝိုင်းများနှင့် နိုင်ငံရေးပါတီများမှလည်းကောင်း၊ စာရေးဆရာများအပါအဝင် တခြားသော တတ်သိပညာရှင်များမှ ပါဝင်ဆောင်ရွက်ခြင်းသည်မူ ၎င်းတို့၏ နိုင်ငံရေးနှင့် သမိုင်းကြောင်းဆိုင်ရာ အမြင်များပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်ဟု လေ့လာမှုများအရ သုံးသပ်ပါသည်။ ထင်ရှားသော ဥပမာအဖြစ်ဖော်ပြရလျှင် နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ရှေ့တန်းပြန် စစ်သည်များကို NLD ပါတီဝင်များမှ ကြိုဆိုခဲ့မှုများနှင့် ထင်ရှားသော စာရေးဆရာတစ်ဦးဖြစ်သူ သရဝဏ် (ပြည်) မှ ကရင်အမျိုးသား အစည်းအရုံးနှင့် ကရင့်တော်လှန်ရေးအပေါ်တွင် နှိမ့်ချစော်ကားသည့် အရေးအသားများ တင်ပြခြင်းတို့ဖြစ်သည်။ ဤဖြစ်စဉ်များသည် ၎င်းတို့၏ နိုင်ငံရေးနှင့် သမိုင်းကြောင်းဆိုင်ရာ ခံယူချက်များအရ ၎င်းတို့အမြင်များကို တင်ပြခြင်း ရပ်တည်လုပ်ကိုင်ခြင်းမျိုးဖြစ်သည်။




ပုံ (၂၉)

**Tharawon Pyay**
1 hr ·

အာဏာသိမ်းတော့မလိုသတင်းတွေထွက်လာတော့ စိုးရိမ်တဲ့သူအချို့ကပြောကြတယ်၊ဒီရက်ထဲည ဘက်အိမ်မှာမနေနဲ့ တခြားမှာသွားရှောင်နေပါပေါ့ ။ ကိုယ်ကလည်းခေါင်းမာတယ် ငါဥပဒေနဲ့မညီတာ ဘာမှလုပ်မထားလို့ဘာမှ တိမ်းရှောင်စရာမလိုဘူး ပေါ့ ။ ကိုယ်ပြေးချင်ရင် သြဇီမှာလည်း နိုင်ကျဉ်း တွေ ABSDF တွေအသိတွေ ကူညီမယ့်သူတွေအများ ကြီး၊အမေရိကမှာလည်း ကိုအောင်ဝေးတို့အဖွဲ့ရှိနေ တာပဲ၊ အင်္ဂလန်မှာလည်းကျွန်တော့အသိတွေအများ ကြီး ၊နောက်ဆုံးထိုင်းကိုပြေးရင်တောင်စာရေးဆရာ ကိုမင်းဒင်တို့ရှိတာပဲ။ သို့သော် ဘယ်မှမသွားချင် ဘူး ။ဒီမြေမှာပဲနေမယ် ၊ဒီမြေမှာပဲသေမယ် ။

အဲဒီလို ဖြစ်နေတုန်း KNU က ကြေငြာတယ် စစ်အာဏာသိမ်းရင် မခံဘူး ပြည်သူလူထုဘက်ကနေ သူတို့ခံချမယ်တဲ့ ၊ ကြိုက်ပြီ ။ဒါဆိုပြေးချင်းပြေးရင် KNU ဆီပြေးမယ် ။ KNUကသူတို့ထဲဝင်ရင်မြေတစ်ကွက်ရယ်၊သေနတ်တစ်လက်ရယ်၊လိုင်စင်မဲ့ကား တစ်စီးရယ်ပေးမယ်လို့ စာပေဟောပြောပွဲသွားတုန်း ကြားဖူးတယ်။ မြိုင်ကလေး ၊ဘားအံဘက်က ကရင်မလေးတစ်ယောက်နဲ့လက်ထပ်လိုက်ပြီး တော်လှန်ရေးဆက်လုပ်လိုက်ရင် ကောင်းပြီပေါ့။ သခင်စိုးကြီးတောင်တော်လှန်ရေးလုပ်ရင်း အလန်းလေးတွေနဲ့ယူသေးတာပဲ။ အိမ်က ခေါင်ခေါင်ကြီး ကိုတော့ တောထဲမှာတော်လှန်ရေးလုပ်နေပါတယ် ညာပြောလိုက်မယ် ။ ၁၀ နှစ်လောက်ကြာမှ အလင်းဝင်လိုက်ရင် ရာထူးနေရာတွေလဲရမယ်။

← Tharawon Pyay

အဲဒီလို ဖြစ်နေတုန်း KNU က ကြေငြာတယ် စစ်အာဏာသိမ်းရင် မခံဘူး ပြည်သူလူထုဘက်ကနေ သူတို့ခံချမယ်တဲ့ ၊ ကြိုက်ပြီ ။ဒါဆိုပြေးချင်းပြေးရင် KNU ဆီပြေးမယ် ။ KNUကသူတို့ထဲဝင်ရင်မြေတစ်ကွက်ရယ်၊သေနတ်တစ်လက်ရယ်၊လိုင်စင်မဲ့ကား တစ်စီးရယ်ပေးမယ်လို့ စာပေဟောပြောပွဲသွားတုန်း ကြားဖူးတယ်။ မြိုင်ကလေး ၊ဘားအံဘက်က ကရင်မလေးတစ်ယောက်နဲ့လက်ထပ်လိုက်ပြီး တော်လှန်ရေးဆက်လုပ်လိုက်ရင် ကောင်းပြီပေါ့။ သခင်စိုးကြီးတောင်တော်လှန်ရေးလုပ်ရင်း အလန်းလေးတွေနဲ့ယူသေးတာပဲ။ အိမ်က ခေါင်ခေါင်ကြီး ကိုတော့ တောထဲမှာတော်လှန်ရေးလုပ်နေပါတယ် ညာပြောလိုက်မယ် ။ ၁၀ နှစ်လောက်ကြာမှ အလင်းဝင်လိုက်ရင် ရာထူးနေရာတွေလဲရမယ်။
နောက်မယားနဲ့လည်း ကလေး ၃ယောက်လောက်ရမယ် ။ ခေါင်ခေါင်ကြီးကိုတဖြည်းဖြည်းချော့မော့ပြောမယ် ။အတွေးထဲမှာအရာရာဟာအဆင်ပြေလို့ အိပ်မက်ထဲမှာ ကရင်မလေးနဲ့ရတဲ့ကလေးတောင် ရှင်ပြုပွဲလုပ်နေပြီ။ ဖြုန်းဆို ကြေညာချက်ထွက်လာတယ်၊

မသိမ်းတော့ဘူး
မဖျက်တော့ဘူး
စောင့်ရှောက်တော့မယ်တဲ့
ငါကွာ ၊ နင့်မေကလွှား
စိတ်ကူးတွေ အကုန်ပျက်ပါပြီ။

Like Share

1.6K

**ပုံ (၂၉၊ ၃၀၊ ၃၁)။ စာရေးဆရာ သရဝဏ် (ပြည်)၏ facebook တွင် ရေးသားခဲ့သည့် ကရင်အမျိုးသား အစည်းအရုံးနှင့် ကရင့်တော်လှန်ရေးအား နှိမ့်ချစော်ကားသည့် အရေးအသား**

■

# (၄) လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ အမြင်များ

ရိုဟင်ဂျာလူမျိုးစုများသည် ဗမာပြည်အတွင်း ကုန်းဘောင်မင်းဆက်၏ ကိုလိုနီပြုကျင့်မှုကြောင့် ပါဝင်လာသည့် အာရကန်ပြည်တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အခြေချနေထိုင်ခဲ့ကြသော လူမျိုးစုများဖြစ်သည်။ ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် သမိုင်းကြောင်းအစဉ်အလာရှိခဲ့သော ရိုဟင်ဂျာလူမျိုးစုများသည် ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီမှ နိုင်ငံတော်အာဏာ သိမ်းယူပြီး ချိန်မှစ၍ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုအချိန်မှစ၍ ရိုဟင်ဂျာလူမျိုးစုများ၏ တည်ရှိ ဖြစ်တည်မှုအား အစိုးရအဆက်ဆက်မှ မေးမှိန်ဖျောက်ဖျက်လာခဲ့ကြပြီး နောက်ပိုင်းတွင် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဗမာပြည်အတွင်းသို့ တရားမဝင်ဝင်ရောက်လာကြသည့် ခိုးဝင်ဘင်္ဂါလီများအဖြစ် အစိုးရအဆက်ဆက်မှ သတ်မှတ်မှုများ ဆောင်ရွက်လာခဲ့သည်။

ရိုဟင်ဂျာလူမျိုးစုများ၏ လူ့အခွင့်အရေးများကို ကန့်သတ်ခြင်း၊ နိုင်ငံသားအဖြစ် အသိအမှတ်မပြုလိုခြင်း၊ နိုင်ငံသားအခွင့်အရေးမရအောင် ဆောင်ရွက်ခြင်း၊ နိုင်ငံရေးလုပ်ငန်းများတွင် ကိုယ်စားပြုခွင့်နှင့် ပါဝင်ခွင့်မရ အောင် အစိုးရ အဆက်ဆက်မှ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြသည်။ ထို့အပြင် ၁၉၇၈၊ ၁၉၉၂ နှင့် ၂၀၁၇ ခုနှစ်များတွင် ဗမာပြည်အတွင်းမှ အလုံးအရင်းလိုက် ထွက်ပြေးသွားစေရန်အတွက် မြန်မာအစိုးရများမှ မောင်းနှင်ထုတ်မှုများ ပြုလုပ်ခဲ့သည်။[30] ထိုဖြစ်စဉ်များအတွင်း ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ရိုဟင်ဂျာလူမျိုးစုများအား အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း၊ ရိုဟင်ဂျာအမျိုးသမီးများ (ကလေးငယ်များ အပါအဝင်) အား မုဒိမ်းကျင့်ခြင်း စသည်တို့ကိုလည်း မြန်မာစစ်တပ်မှ ဦးဆောင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်မှုများတွင် အစိုးရမှ ထိန်းသိမ်းရန်၊ တားဆီးရန်နှင့် ကျူးလွန်သူများကို အပြစ်ပေး အရေးယူမှုများ ပြုလုပ်ရန် ပျက်ကွက်ခဲ့သည်။ ထို့အပြင် ၂၀၁၇ ခုနှစ် ဖြစ်စဉ်များတွင် စစ်တပ်၏ ကျူးလွန်မှုများနှင့် ပတ်သက်၍ အစိုးရအဖွဲ့မှ ပူးပေါင်းပါဝင်မှုများ ရှိခြင်း၊ ထောက်ခံမှုများ ဆောင်ရွက်ခြင်း၊ ကျူးလွန်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ ဖော်ထုတ်ပြောဆိုမှုများ ရှိလာပါက ကာကွယ်ငြင်းဆိုခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

30 ၁၉၇၈, ၁၉၉၂ နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရိုဟင်ဂျာလူမျိုးစုများအား အစုလိုက်အပြုံလိုက် မောင်းနှင်ထုတ်မှုနှင့် ပတ်သက်သော အကြောင်းအရာ အကျဉ်းချုပ်အား နိဒါန်းတွင် ဖော်ပြထားပါသည်။

ထို့အပြင် နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံရေးသမားများအပြင် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများနှင့် ပူးပေါင်း၍ ရိုဟင်ဂျာလူမျိုးစုများသည် တစ်ဖက်နိုင်ငံမှ ခိုးဝင်လာခဲ့သူများ၊ နိုင်ငံ၏ လုံခြုံရေးအတွက် ထိပါးနှောင့်ယှက်နေသူများ၊ ဗမာပြည်အား အစ္စလာမ်ဘာသာ လွှမ်းမိုးနိုင်ရန် ဆောင်ရွက်နေသူများ၊ အကြမ်းဖက်သမားများအဖြစ် ပုံဖော်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် ရိုဟင်ဂျာလူမျိုးစုများအပေါ် ထိုသို့ ကျူးလွန်မှုများသည် အပြည်ပြည်ဆိုင်ရာအဆင့် ရာဇဝတ်မှုများဖြစ်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် လူမျိုးတုန်း သတ်ဖြတ်မှုဖြစ်ကြောင်း နိုင်ငံတကာအဆင့် တရားခုံရုံးများနှင့် အဖွဲ့အစည်းများ ထုတ်ဖော်ပြောဆိုခြင်း၊ ကန့်ကွက်ခြင်းနှင့် တရားစွဲဆိုမှုများ ဆောင်ရွက်လာသည့် အခါများတွင်လည်း မြန်မာအစိုးရမှ ငြင်းဆိုခဲ့ပြီး ပြည်သူလူထုကို ထိုသို့ ဂျီနိုဆိုက်ငြင်းပယ်သူများ ဖြစ်လာစေရန် သွေးထိုးလှုံဆော်မှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။ ဤသို့ လှုံ့ဆော် ဆောင်ရွက်မှုများတွင် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှလည်း တစ်တပ်တအားဖြင့် ပါဝင်ခဲ့ကြသည်။

## (၄-၁) ဘင်္ဂါလီ၊ အကြမ်းဖက်သမား၊ ခိုးဝင်လာသူများ

ရိုဟင်ဂျာလူမျိုးစုများ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့် လူမျိုးတုန်း သတ်ဖြတ်ခံရမှုဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ ဖော်ထုတ်ရေးသားမှုများနှင့် ဆွေးနွေးပြောဆိုမှုများ ပြုပါက ၂၀၂၁ ခုနှစ် မတိုင်မီကာလက ပထမဆုံး ငြင်းဆိုခံရမည့်အရာမှာ ရိုဟင်ဂျာများသည် ဗမာပြည်မှမဟုတ်ဘဲ အိမ်နီးချင်း ဘင်္ဂါလားဒေ့ရှ်နိုင်ငံမှ ခိုးဝင်ရောက်ရှိလာသူများ ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် လူမျိုးတုန်း သတ်ဖြတ်ခံရမှုဆိုင်ရာ ကိစ္စများကို ဦးတည်မည်မဟုတ်ဘဲ အထက်တွင်တင်ပြထားသော ကျိုးကြောင်းမဲ့ ပြောဆိုချက်များနှင့်သာ တုံ့ပြန်လေ့ရှိခဲ့သည်။ ဤအခြေအနေသည် လူမှုမီဒီယာ (အထူးသဖြင့် facebook) မှစ၍ ပညာရပ်ဆိုင်ရာ အဝန်းအဝိုင်းအတွင်းရှိ ဆွေးနွေးပွဲများတွင်လည်းကောင်း၊ နိုင်ငံရေးပါတီများအကြားတွင်လည်းကောင်း ရင်ဆိုင် ကြုံတွေ့ရခြင်းဖြစ်သည်။ ရိုဟင်ဂျာများသည် ဗမာပြည်မှမဟုတ်ဘဲ တိုင်းပြည်ကို နယ်မြေဖွဲ့ထုတ်ရန် ကြိုးစားနေသူများနှင့် အစ္စလာမ်ဘာသာဖြင့် လွှမ်းမိုးဝါးမျိုးရန် ကြိုးစားနေသူများဖြစ်ကြောင်း ပြောဆိုချက်များမှာလည်း အားကောင်းခဲ့သော တုံ့ပြန်ချက်များဖြစ်ခဲ့သည်။

ရိုဟင်ဂျာလူမျိုးစုများ တည်ရှိမှုနှင့် ပတ်သက်၍ ခိုင်မာသော သက်သေ အထောက်အထားများ ဖော်ထုတ်ပြသပါကလည်း သမိုင်းအတုအလိမ်များဟူ၍လည်းကောင်း၊ အနောက်နိုင်ငံ (သို့) OIC (Organization of Islamic Cooperation) မှ ထောက်ပံ့ကြေးယူပြီး တိုင်းပြည်ကို ပြိုကွဲအောင်ဆောင်ရွက်နေသူများအဖြစ် စွပ်စွဲမှုများလည်း ရှိခဲ့သည်။ ရိုဟင်ဂျာလူမျိုးစုများ၏ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ဖော်ထုတ်ပြောဆိုသူများအား ဒေါ်လာစားများအဖြစ်လည်းကောင်း၊ ရိုအရေး လုပ်စားသူများ၊ နိုင်ငံသစ္စာဖောက်များအဖြစ် အမည်တပ် စွပ်စွဲခဲ့ကြသည်။ ထိုသို့ စွပ်စွဲသူများတွင် မြန်မာစစ်တပ်နှင့် ၎င်းတို့ကို ထောက်ခံသူများ၊ အမျိုးသားရေး အစွန်းရောက် အုပ်စုများအပြင်၊ နိုင်ငံရေးသမားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာရေးဆရာများ၊ အနုပညာရှင်များ၊ ထင်ပေါ်ကျော်ကြား လွှမ်းမိုးနိုင်သူများ၊ အရပ်ဘက်အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပါဝင်လုပ်ကိုင်နေကြသူများနှင့် တချို့သော လူ့အခွင့်လှုပ်ရှားသူများအထိ ပါဝင်ခဲ့ကြသည်။

ရိုဟင်ဂျာလူမျိုးစုများ ဗမာပြည်အတွင်း တည်ရှိနေမှုနဲ့ ပတ်သက်ပြီး ဗမာပဒေသရာဇ်ခေတ် ကုန်ဘောင်းမင်းဆက် ဘုရင်တပါးဖြစ်သည့် ဗဒုံမင်း (ဘိုတော်ဘုရား) လက်ထက်လောက်ပင် ဖော်ပြချက်များရှိနေခဲ့သည်။ အဆိုပါ ဖော်ပြချက်မှာ Asiatick Society မှ ၁၇၉၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ၎င်းတို့၏ ပဉ္စမမြောက်စာစောင်တွင် ဖော်ပြထားခြင်းဖြစ်သည်။ ထိုစာစောင်ပါ ဖရန်စစ် ဘူချာနန် (Francis Buchanan) ၏ 'ဗမာပြည်အတွင်း ပြောဆိုကြသည့် တချို့သော ဘာသာစကားများ၏ ဝေါဟာရများအား နှိုင်းယှဉ်လေ့လာခြင်း' [31] ဆိုသည့် စာတမ်းတွင် ဗမာပြည်ရှိ တချို့သော လူမျိုးစုများ၏ အပြောဘာသာစကားများမှ ဝေါဟာရ နှိုင်းယှဉ်လေ့လာမှု

31 Buchanan, Francis (1799). A Comparative Vocabulary of Some of the Languages Spoken in the Burma Empire. Asiatic Researches 5. 219 - 240.

များကို ဖော်ပြထားခြင်းဖြစ်သည်။ ရိုဟင်ဂျာ လူမျိုးစုများနှင့် ပတ်သက်ပြီး ဖော်ပြချက်အနေနှင့် အချက် ၃ ချက် တွေ့ရှိရသည်။

(၁) မဟာမက်ဒင် (အစ္စလာမ်ဘာသာဝင်များအား ရည်ညွှန်းသည့် အသုံးအနှုန်း) များသည် ရိုဗင်ဂေါ် (Rovingaw) ဟုခေါ်ပြီး၊ ပါရှန်းများမှ ရကန် (Rekan) ဟုခေါ်သည့် အာရကန်ဒေသတွင် အခြေချနေထိုင်ကြသည်။

(၂) အာရကန်ဒေသတွင် နှစ်ပေါင်းရှည်ကြာ အခြေချနထိုင်ကြသည် မဟာမက်ဒင်များ၏ ဘာသာစကားနှင့် ပတ်သက်၍ ဖော်ပြထားသည်။ အဆိုပါ မဟာမက်ဒင်များသည် ၎င်းတို့ကို၎င်းတို့ ရိုအင်ဂါ (Rooinga) လို့ခေါ်ကြပြီး၊ အာရကန်၏ ဒေသခံများ ဖြစ်ကြသည်။


(၃) လူမျိုးစုများတိုင်းတွင်ရှိသော အခြေခံဝေါဟာရများဖြစ်သည့် နေ၊ လ၊ ကြယ်၊ ရေ၊ မီး၊ အမျိုးသား၊ အမျိုးသမီး၊ ကလေး အစရှိသည့် စကားလုံး ၅၀ ခန့်ကို ရိုအင်ဂါ၊ ရိုဆဝန် (အာရကန်မှ ဟိန္ဒူများ) နှင့် ဘန်ဂေါ ဘာသာစကားများနှင့် နှိုင်းယှဉ်ပြထားသည်။ အဆိုပါ နှိုင်းယှဉ်ချက်များအရ ရိုအင်ဂါ ဘာသာစကားနှင့် ဘန်ဂေါ ဘာသာစကားမှာ မတူညီကြောင်း တိတိကျကျ သိရမည်ဖြစ်သည်။ ဤအချက်များသည် ဖရန်စစ် ဘူချာနန်၏ စာတမ်းတွင် ပါရှိသော ရိုဟင်ဂျာ လူမျိုးစုများနှင့် ပတ်သက်သည့် ဖော်ပြချက်များဖြစ်သည်။ အထက်ပါအချက်များတွင်ပါဝင်သည့် အာရကန် (ရခိုင်ဒေသ)၊ မဟာမက်ဒင်ဆိုသည့် အစ္စလာမ်ဘာသာဝင်များကို ထိုစဉ်က ရည်ညွှန်းသော ခေါ်ဆိုမှုနှင့် ရိုအင်ဂါဆိုသည့် အချက်များသည် ယနေ့ ရိုဟင်ဂျာ လူမျိုးများအား ရည်ညွှန်းထားသည့် အချက်များပင်ဖြစ်ကြောင်း သိသာထင်ရှားလျက်ရှိသည်။[32]

ထို့အပြင် ရိုဟင်ဂျာ ဘာသာစကားနှင့် ပတ်သက်သည့် အချက်အလက်များကို Ethnologue Languages of the World ဆိုသည့် website[33] တွင်လည်း လေ့လာနိုင်ပါသည်။ အဆိုပါ websiteတွင် ဘာသာစကားအမျိုးကွဲပေါင်း ၇၀၀၀ ကျော်၏ အချက်အလက်များကို ရရှိနိုင်ပါသည်။ ဘာသာစကား တခုခြင်းစီလိုက် မျိုးတူစုစုခြင်း၊ အုပ်စုခွဲခြားခြင်း၊ အသုံးပြုသည့် လူဦးရေ အရေအတွက်၊ သုံးစွဲသည့်ဒေသများ၊ ဒေသိယစကား၊ စာအရေးအသား စနစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ဖော်ပြပေးထားသည်။ ထို့အပြင် ဘာသာစကားမြေပုံများကိုလည်း လေ့လာနိုင်ပါသည်။ Ethnologue website တွင် ရိုဟင်ဂျာ ဘာသာစကားနှင့် ပတ်သက်ပြီး ISO 639–3 ကုဒ်နှင့် ရိုဟင်ဂျာ ဘာသာစကားကို ကိုယ်စားပြုသည့် [rhg] ဆိုသည့် ဖော်ပြချက်ရှိပြီး တခြားအမည်အနေနှင့် Rohinja ဟူ၍ ဖော်ပြထားပါသည်။ ကိုယ်ပိုင်အမည်သတ်မှတ်ချက် (autonym) သည် Ruwainggya ဖြစ်သည်။ ဘာသာစကား သုံးစွဲသူများသည် ဗမာပြည်ထဲတွင် နေထိုင်လျက်ရှိသည့် လူဦးရေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်အဖြစ် နေထိုင်နေရသည့်ဦးရေနှင့် ကမ္ဘာအရပ်ရပ်တွင်ရှိသည့် ပျံ့နှံ့နေထိုင်မှုများကို ဖော်ပြထားပြီး လူဦးရေ ၂ သန်းခွဲကျော် သုံးစွဲသည်ဟု သိရှိရသည်။ ဗမာပြည်အတွင်း၌ ရိုဟင်ဂျာ ဘာသာစကားပြောဆိုသော လူမျိုးစု အများစုသည် ရခိုင်ပြည်အတွင်းရှိ ဘူသီးတောင်၊ မောင်တော၊ ရသေ့တောင်နှင့် စစ်တွေ့မြို့နယ်များတွင် ပျံ့နှံ့နေထိုင်သည်ဟု ဖော်ပြထားသည်။[34]

32 ရဲဟိန်းအောင်။ (၂၀၂၂)။ ရိုဟင်ဂျာဆိုတာ ဘယ်သူတွေလဲ (၃)၊ ရိုဟင်ဂျာဆိုတာ တစ်ခါမှ မကြားဖူးဘူး။ တူမီးတော်လှန်ရေး စာစဉ်အမှတ် (၄၆)။

33 https://www.ethnologue.com/language/rhg

34 ရဲဟိန်းအောင်။ (၂၀၂၂)။ ရိုဟင်ဂျာဆိုတာ ဘယ်သူတွေလဲ (၅)၊ နိုင်ငံတကာ အသိအမှတ်ပြု ရိုဟင်ဂျာဘာသာစကား။ တူမီးတော်လှန်ရေးစာစဉ်အမှတ် (၄၉)။


LANGUAGES OF THE BURMA EMPIRE. 237

fight, and the language of one race is totally unintelligible to the others; yet I can perceive in them all fome coincidences, and a knowledge of the languages, with their obfolete words, their phrafes, their inflections of words; and elifions, *euphoniæ caufa*, would, perhaps, fhew many more. Thofe that have the greateft affinity are in Tab. I. IV. and V. Mr. GILCHRIST, whofe knowledge of the common dialects in ufe on the banks of the *Ganges* is, I believe, exceeded by that of no *European*, was fo obliging as to look over thefe vocabularies, but he could not trace the fmalleft relation between the languages.

I fhall now add three dialects, fpoken in the *Burma* empire, but evidently derived from the language of the *Hindu* nation.

The firft is that fpoken by the *Mohammedans*, who have been long fettled in *Arakan*, and who call themfelves *Rooinga*, or natives of *Arakan*.

The fecond dialect is that fpoken by the *Hindus* of *Arakan*. I procured it from a *Bráhmen* and his attendants, who had been brought to *Amarapura* by the king's eldeft fon, on his return from the conqueft of *Arakan*. They called themfelves *Roffawn*, and, for what reafon I do not know, wanted to perfuade me that theirs was the common language of *Arakan*. Both thefe tribes, by the real natives of *Arakan*, are called *Kulaw Yakain*, or ftranger *Arakan*.


The laft dialect of the *Hinduftanee* which I fhall mention is, that of a people called by the *Burmas Aykobat*, many of whom are flaves at *Amarapura*. By one of them I was informed, that they called themfelves *Banga*; that formerly they had kings of their own, but that, in his father's time, their kingdom had been overturned by the king of *Munnypura*, who carried away a great part of the inhabitants to his refidence. When that

P 3 was

Digitized by Google

**ပုံ (၃၂)။ ဖရန်စစ် ဘူချာနန် (Francis Buchanan) ၏ 'ဗမာပြည်အတွင်း ပြောဆိုကြသည့် တချို့သော ဘာသာစကားများ၏ ဝေါဟာရများအား နှိုင်းယှဉ်လေ့လာခြင်း' စာတမ်းပါ ရိုဟင်ဂျာဘာသာစကားနှင့် ပတ်သက်သော ဖော်ပြချက်။**

ထို့အပြင် လွတ်လပ်ရေး ရရှိပြီးနောက်တွင်လည်း ရိုဟင်ဂျာလူမျိုးစုများအား ဗမာပြည်၏ တိုင်းရင်းသား လူမျိုးစုအဖြစ် အသိအမှတ်ပြုဖော်ပြခဲ့သည်။ ပါလီမန် ဒီမိုကရေစီခေတ် ဝန်ကြီးချုပ်ဦးနု၊ ပထမဆုံး ဗမာပြည်၏ သမ္မတဖြစ်သူ စဝ်ရွှေသိုက်နှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ဦးဗဆွေတို့မှ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာ ကိုးကွယ်သူ ရိုဟင်ဂျာများသည် ဗမာပြည်မှ တိုင်းရင်းသားလူမျိုးများဖြစ်ကြောင်း အသီးသီး ထုတ်ဖော် ပြောဆိုခဲ့ကြသည်။[35] ရိုဟင်ဂျာလူမျိုးများသည် မေယုနယ်ခြားခရိုင်တွင် နေထိုင်သူများဖြစ်ပြီး လူဦးရေ (၇၅ ရာခိုင်နှုန်း) ခန့် ရှိသည်ဟု မြန်မာ့စွယ်စုံကျမ်းတွင်လည်း ဖော်ပြထားသည်။[36] မြန်မာ့အသံ၏ တိုင်းရင်းသား ဘာသာအစီအစဉ်များတွင်လည်း ရိုဟင်ဂျာဘာသာစကား အစီအစဉ်ကို ၁၉၆၁ ခုနှစ် မေလ ၁၅ ရက်နေ့မှ စတင်၍ မွန်ဘာသာ၊ ပအိုဝ်ဘာသာ၊ လားဟူဘာသာတို့နှင့်အတူ တိုးချဲ့ထုတ်လွှင့်မှုများကို ပြုလုပ်ခဲ့သည်။[37] ထိုတိုင်းရင်းဘာသာ အစီအစဉ်အဖြစ် ရိုဟင်ဂျာဘာသာစကားထုတ်လွှင့်မှုအား ၁၉၆၅ ခုနှစ် အထိ ထုတ်လွှင့်ခဲ့ပြီးနောက် ရပ်ဆိုင်းခဲ့သည်။ ဤအချက်အလက်များသည် ရိုဟင်ဂျာလူမျိုးစုများ၏ တည်ရှိမှုနှင့် ပတ်သက်သည့် များစွာသော အချက်အလက် များထဲမှ ထုတ်နုတ်တင်ပြခြင်းဖြစ်သည်။


| | |
|---|---|
| ၇ ၁၀ သတင်းများ။ | ၇ ၀၀ သတင်းများ |
| ၇ ၁၅ သီချင်းကြိုး | ၇ ၁၅ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း။ |
| ၈ ၅၀ နောက်တနေ့အစီအစဉ်။ | ၇ ၅၇ နောက်တနေ့အစီအစဉ် |
| ၉ ၀၀ အစီအစဉ်ပြီး၏။ | ၈ ၀၀ အစီအစဉ်ပြီး၏ |

မြန်မာ့အသံ ဒုတိယပိုင်း

| ဇူလိုင်လ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | ဇူလိုင်လ ၂၉ ရက်၊ ကြာသပတေးနေ့ |
|---|---|
| နာရီ၊ မိနစ် | နာရီ၊ မိနစ် |
| ညနေပိုင်း။ | ညနေပိုင်း |
| ၅ ၃၀ တိုင်းရင်းသားအစီအစဉ်။ ကချင်ဘာသာအစီအစဉ်။ | ၅ ၃၀ တိုင်းရင်းသားအစီအစဉ်။ ကချင်ဘာသာအစီအစဉ်။ |
| ၅ ၄၀ ကရင်ဘာသာအစီအစဉ်။ | ၅ ၄၀ ကရင်ဘာသာအစီအစဉ်။ |
| ၆ ၀၀ ချင်းဘာသာ အစီအစဉ်။ | ၆ ၀၀ ချင်းဘာသာအစီအစဉ်။ |
| ၆ ၁၀ ပအိုဝ်ဘာသာအစီအစဉ်။ | ၆ ၁၀ ပအိုဝ်ဘာသာအစီအစဉ်။ |
| ၆ ၂၀ ရိုဟင်ဂျာဘာသာ အစီအစဉ် | ၆ ၂၀ မွန်ဘာသာအစီအစဉ် |
| ၆ ၃၀ ရှမ်းဘာသာအစီအစဉ် | ၆ ၃၀ ရှမ်းဘာသာအစီအစဉ်။ |
| ၆ ၅၀ လားဟူးဘာသာ အစီအစဉ် တိုင်းရင်းသား အစီအစဉ်ပြီး၏ | ၆ ၅၀ လားဟူး ဘာသာအစီအစဉ်။ တိုင်းရင်းသားအစီအစဉ်ပြီး၏ |
| ၇ ၀၀ ကာလပေါ် သီချင်း | ၇ ၀၀ ပညာရေးသင်ခန်းစာ။ |
| ၇ ၁၅ သူတို့အမြင် | ၇ ၂၀ ကာလပေါ် သီချင်း |
| ၇ ၃၀ ခေတ်ဟောင်းသီချင်း | ၇ ၃၀ လူမှုရေးရာအဖြာဖြာ |
| ၇ ၄၅ ကာလပေါ် သီချင်း | ၇ ၄၅ ကာလပေါ် သီချင်း။ |
| ၈ ၀၀ သတင်းများ။ | ၈ ၀၀ သတင်းများ။ |
| ၈ ၁၅ စစ်မြေကချစ်ဆွေများသို့ | ၈ ၁၅ ကျေးလက်ပဒေသာ သီချင်း။ |
| ၈ ၄၅ ကာလပေါ် | ၈ ၄၅ ကာလပေါ် |
| ၉ ၀၀ နိုင်ငံခြားသတင်း။ | ၉ ၀၀ နိုင်ငံခြားသတင်း။ |
| ၉ ၁၅ အစီအစဉ်ပြီး၏။ | ၉ ၁၅ အစီအစဉ်ပြီး၏။ |

**ပုံ (၃၃)။ မြန်မာ့အသံ တိုင်းရင်းဘာသာအစီအစဉ်မှ ထုတ်လွှင့်ခဲ့သော ရိုဟင်ဂျာဘာသာအစီအစဉ်**

35 Lee, Ronan. (2021). Myanmar's Rohingya Genocide: Identity, History and Hate Speech. London: I. B. Tauris

36 ။ (၁၉၆၄)။ မေယုနယ်ခြားခရိုင်။ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၉)။ ရန်ကုန်၊ စာပေဗိမာန်။

37 ဦးကျော်ညိန်း။ (၁၉၇၉)။ နှစ် ၃၀ မြန်မာ့အသံ။ ရန်ကုန်၊ စာပေဗိမာန်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရသည် ၁၉၈၂ အောက်တိုဘာလ ၁၅ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် (၄)၊ မြန်မာနိုင်ငံသား ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ၁၉၈၂ နိုင်ငံသား ဥပဒေသည် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍သော်လည်းကောင်း၊ နိုင်ငံသားများ၏ နိုင်ငံရေးဆိုင်ရာ ပါဝင်ခွင့်နှင့် ကိုယ်စားပြုခွင့်တို့နှင့် ပတ်သက်၍သော်လည်းကောင်း ခွဲခြားဆက်ဆံမှုများနှင့် ကန့်သတ်မှုများကို ရည်ရွယ်ချက်ရှိရှိ ပြဋ္ဌာန်းထားသော ဥပဒေတရပ်ဖြစ်သည်။[38] ထိုဥပဒေကို အသုံးပြုလျက် ၁၉၉၀ ပြည့်နှစ်တွင် နဝတအစိုးရမှ နိုင်ငံသား စိစစ်ရေးလုပ်ငန်းများ ပြုလုပ်ရာတွင် ရိုဟင်ဂျာ လူမျိုးများအပါအဝင် အစ္စလာမ်ဘာသာ ကိုးကွယ်သူများနှင့် လူနည်းစုဘာသာဝင်များအပေါ် ခွဲခြားကန့်သတ်မှုများ ပြုလုပ်လာခဲ့သည်။ ထို့အပြင် ၁၉၉၂ တွင် နဝတအစိုးရမှ ပြည်သာယာစစ်ဆင်ရေးဖြင့် ရိုဟင်ဂျာလူမျိုးစုများကို ဒုတိယအကြိမ် ဗမာပြည်အတွင်းမှ မောင်းနှင်ထုတ်ပြီးနောက်ပိုင်းတွင် ၎င်းတို့အား နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်မပေးခြင်း၊ ယခင်ကိုင်ဆောင်ထားသော မှတ်ပုံတင်များအပါအဝင် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများကို သိမ်းဆည်းယူခြင်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ ရိုဟင်ဂျာများ အပါအဝင် တခြားသော လူနည်းစုများအား ယာယီသက်သေခံလက်မှတ် (ဝိုက်ကတ်)များကို ထုတ်ပေးခဲ့ပြီး ဝိုက်ကတ်ကိုင်ဆောင်ထားသူဦးရေမှာ ၅၉၀,၀၁၆ ဦးခန့် ရှိကြောင်း သမ္မတဦးသိန်းစိန်လက်ထက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီမှ ပြောကြားခဲ့သည်။[39] အဆိုပါ ဝိုက်ကတ်များ၌ လူမျိုးနေရာတွင် ရိုဟင်ဂျာအမည်ကို ထည့်သွင်းခွင့်မပြုဘဲ ဘင်္ဂါလီဟုသာ ထည့်သွင်းခွင့်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ဝိုက်ကတ်များ၏ သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ပြန်လည်အပ်နှံရန် အစိုးရမှ အသိပေးကြေညာခဲ့သည်။[40]



ပုံ (၃၄)။ ယာယီသက်သေခံလက်မှတ် (Whit ard) တွင် ရိုဟင်ဂျာဟူသော အမည်ကို ဖော်ပြရန် လက်မခံဘဲ ဘင်္ဂါလီဟုသာ ဖော်ပြခွင့်ပြုခဲ့သည်။ (ပုံ The rrawaddy Media)

အဆိုပါ ဝိုက်ကတ်များ၏ နေရာတွင် အစိုးရမှ နိုင်ငံသားစိစစ်ခြင်း ခံယူမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification) ကို အစားထိုးထုတ်ပေးခဲ့သည်။ ဤသို့ နိုင်ငံသားအဖြစ် အသိအမှတ်မပြုဘဲ ရိုဟင်ဂျာလူမျိုးစုများ၏ နိုင်ငံသား အဆင့်အတန်းကို အစိုးရအဆက်ဆက်မှ ရည်ရွယ်ချက်ရှိရှိ စနစ်တကျ လျှော့ချလာခဲ့သည်။ မူရင်း ရိုဟင်ဂျာလူမျိုးဟူသော မိမိကိုယ်ပိုင် သတ်မှတ်ချက်နေရာတွင် ဘင်္ဂါလီဟူ၍ အစိုးရမှ သတ်မှတ်ခေါ်ဆိုမှုများကို ဆယ်စုနှစ်များစွာ ခံခဲ့ရပြီး ဤဘင်္ဂါလီဟူသော ဝေါဟာရနောက်ကွယ်တွင် နိုင်ငံခြားသား ဟူသော အမြင်ကိုပါ တစ်ပါတည်း ကပ်လျက် ပါလာစေသည်ကို တွေ့ရှိရသည်။

ထိုသို့ နိုင်ငံသားဖြစ်မှု အထောက်အထားများ(သို့) လက်မှတ်များနှင့် ပတ်သက်၍သာ ရိုဟင်ဂျာလူမျိုးများကို ခွဲခြားမှု၊ နှိမ့်ချမှုများ လုပ်ဆောင်ခဲ့သည် မဟုတ်ပေ။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူရာတွင်လည်း ရိုဟင်ဂျာအမည်ဖြင့် သန်းခေါင်စာရင်းတွင် ထည့်သွင်းခွင့်မပြုဘဲ ဘင်္ဂါလီဟုသာ ဖော်ပြခွင့်ပြုခဲ့သည်။ ရိုဟင်ဂျာ လူမျိုးအများကမူ ထိုသို့ လူမျိုးနေရာတွင် ဘင်္ဂါလီအမည် ထည့်သွင်းဖော်ပြ

38 ရဲဟိန်းအောင်။ (၂၀၂၀)။ ခွဲခြားကန့်သတ်မှု၏ ရင်းမြစ်များ (မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂)၊ နိုင်ငံသားဥပဒေအား ဆန်းစစ်ခြင်း)။ ပဋိပက္ခလေ့လာမှုစာတမ်း အမှတ် (၄)။ ရန်ကုန်၊ မြန်မာ့ယဉ်ကျေးမှု သုတေသနအသင်း။


39 ဝိုက်ကတ်ကိုင်သူ အရေအတွက် ၆ သိန်းခန့်သာရှိဟု အစိုးရပြော။ http://burmese.dvb.no/archives/82201


40 ဝိုက်ကတ် အပ်နှံမှုလုပ်ငန်းစဉ်များ စတင်။ https://burma.irrawaddy.com/news/2015/04/02/73487.html

ခြင်းကို လက်မခံနိုင်သောကြောင့် သန်းခေါင်စာရင်းကောက်ယူမှုအပေါ် ငြင်းဆန်မှုများ ပြုလုပ်ခဲ့သည်။[41]

ထို့အပြင် ၂၀၁၂ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ ဖြစ်ပွားရသည့်အကြောင်းအရင်းများနှင့် အနာဂတ်တွင် ထိုပဋိပက္ခမျိုး ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရန်နှင့် လုပ်ဆောင်ရမည့် အချက်များကို သိရှိနိုင်ရန်အတွက် ထိုအချိန်ကာလ၌ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးသိန်းစိန်မှနေ၍ ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။[42] ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင်လည်း ရိုဟင်ဂျာလူမျိုးစုများအား ဘင်္ဂါလီများဖြစ်ပြီး ဘင်္ဂါလားဒေ့ရှ်နိုင်ငံမှ ရွှေ့ပြောင်းဝင်ရောက်လာသောသူများအဖြစ်သာ ဖော်ပြထားသည်ကို တွေ့ရှိခဲ့ရသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းတွင်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပန်ကြားချက်အရ ကိုဖီအာနန်ကော်မရှင်နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးတို့မှ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပန်ကြားချက်အရ 'ရိုဟင်ဂျာ' ဟူသော အသုံးအနှုန်းကို ခေါ်ဝေါ်သုံးစွဲခြင်း မပြုခဲ့ဘဲ ၎င်းအစား 'မွတ်ဆလင်' (သို့) 'ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင်လူ့အဖွဲ့အစည်း'[43] ဟု သုံးစွဲခဲ့သည်။ ဤသို့ ဆောင်ရွက်ခြင်းသည်လည်း ရိုဟင်ဂျာလူမျိုးစုများ၏ မိမိကိုယ်ကို မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော် သုံးစွဲမှုအပေါ် ကန့်သတ်ခြင်းဖြစ်ပြီး ရိုဟင်ဂျာလူမျိုးစုများ၏ တည်ရှိမှုကို ငြင်းပယ်သည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း သုံးသပ်မိပါသည်။ ထိုသို့ အမည်ပြောင်းသုံးစွဲမှုအတွက် မည်သည့် ရိုဟင်ဂျာလူမျိုးစုများထံမှ သဘောတူညီချက် ယူခဲ့ခြင်းမဟုတ်ဘဲ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ဆုံးဖြတ်ချက်ဖြင့်သာ သတ်မှတ်သုံးစွဲခဲ့ခြင်းဖြစ်သည်။




**ပုံ (၃၅၊ ၃၆) ။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ထုတ်ဝေခဲ့သော 'မြန်မာ့နိုင်ငံရေးနှင့် တပ်မတော် အပိုင်း (၁)' စာအုပ်။**

---

41 သူဇာ။ (၂၀၁၄)။ ဘူးသီးတောင်၊ မောင်တော သန်းခေါင်စာရင်းကောက်ယူမှု ဘင်္ဂါလီလူမျိုးများ ငြင်းဆန်။ https://burma.irrawaddy.com/news/2014/04/02/57106.html

42 - ။ (၂၀၁၃)။ ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။ လျှို့ဝှက်။

43 - ။ (၂၀၁၇)။ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူလူထုများအတွက် ငြိမ်းချမ်းမျှတ၍ သာယာဝပြောသော အနာဂတ်ပေါ်ထွန်းလာနိုင်ရေးကို ဦးတည်လျက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာ။ Advisory Commission on Rakhine State။

ရိုဟင်ဂျာလူမျိုးစုများသည် ဘင်္ဂါလီလူမျိုးများ ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းသို့ ကိုလိုနီခေတ် ရောက်ရှိချိန်မှသာ ဝင်ရောက်လာခဲ့ခြင်း၊ အစဉ်တစိုက် ဘင်္ဂါလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ရောက်ရှိလာခဲ့သူများဖြစ်ပြီး ဗမာပြည် (သို့) မြန်မာနိုင်ငံ၏ တိုင်းရင်းသားနှင့် နိုင်ငံသားများ မဟုတ်ကြောင်းကို သက်သေပြနိုင်ရန်အတွက် မြန်မာစစ်တပ်၊ ထိုစဉ်က ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ အစိုးရနှင့် လွှတ်တော်များတွင်လည်း ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ကြသည်။ မြန်မာစစ်တပ်အနေဖြင့် ရိုဟင်ဂျာလူမျိုးစုများကို အိမ်နီချင်းနိုင်ငံနှင့် ဒေသမှ တရားမဝင်ဝင်ရောက်လာသော ဘင်္ဂါလီများအဖြစ် ပုံဖော်နိုင်ရန်အတွက် 'မြန်မာ့နိုင်ငံရေးနှင့် တပ်မတော် အပိုင်း (၁)' အမည်ရှိ စာအုပ်တစ်အုပ်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၈ ခုနှစ်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ထုတ်ဝေခဲ့သည်။[44] အဆိုပါစာအုပ်တွင် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်အမှားများ၊ အတုများကို ထည့်သွင်းဖော်ပြခဲ့သည်။ ၎င်းစာအုပ်တွင် ရိုဟင်ဂျာလူမျိုးစုများကို ခိုးဝင်လာသူများ၊ အကြမ်းဖက်သမားများအဖြစ် ဖော်ပြရာတွင် အသုံးပြုခဲ့သော ဓာတ်ပုံများမှာ နိုင်ငံတကာမီဒီယာများတွင် ဖော်ပြခဲ့သည့် တခြားသော နိုင်ငံများတွင် ဖြစ်ပွားခဲ့သော ဓာတ်ပုံများသာဖြစ်ကြောင်း ရိုက်တာသတင်းဌာနမှ ဖော်ထုတ်တင်ပြနိုင်ခဲ့သည်။[45]

ထို့အပြင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ အစိုးရလက်ထက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်တိုင်ညွှန်ကြားချက်အရ မြန်မာတိုင်းရင်းသားလူမျိုးများထဲတွင် ရိုဟင်ဂျာ မရှိကြောင်း ကမ္ဘာကို သက်သေအခိုင်အမာပြနိုင်ရန် သမိုင်းမှုကြမ်းရေးဆွဲထားပြီးဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး သူရဦးအောင်ကိုမှ ထုတ်ဖော်ပြောကြားခဲ့သည်။[46] ထို့အပြင် ယဉ်ကျေးမှုနှင့် သာသာနာရေးဝန်ကြီးဌာန website နှင့် အဆိုပါဝန်ကြီးဌာန၏ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန facebook page ရိုဟင်ဂျာလူမျိုးစုများသည် ဘင်္ဂါလီများ ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံမှ တရားမဝင် ရောက်ရှိလာသူများ ဖြစ်ကြောင်း ဖော်ပြထားသည့် သမိုင်းသုတေသနလုပ်ဆောင်မှုများ လုပ်ကိုင်နေကြောင်း ၎င်းတို့၏ အမြင်ကိုဖော်ပြသည့် အချက်အလက်များကို တင်ပြခဲ့ကြသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဖြစ်သူ သူရဦးအောင်ကိုသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်ခဲ့သည် မြို့င်ကြီးငူဆရာတော်၏ ဈာပနအခမ်းအနားတွင် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအား ဆရာတော်ကြီးများထံ လျှောက်ထားရာတွင် 'အစွန်းရောက် ဘာသာတရား' ဟူသော အသုံးအနှုန်းကို ထည့်သွင်းအသုံးပြုခဲ့သည်။[47] နောက်ပိုင်းတွင် အဆိုပါဝေါဟာရသည် ဘင်္ဂါလီများကို ရည်ညွှန်းကြောင်း ပြောကြားခဲ့သည်။[48] ဤသို့ ပြောဆိုလုပ်ဆောင်မှုများသည် ရိုဟင်ဂျာလူမျိုးစုများအား အစိုးရမှ ဘင်္ဂါလီအဖြစ် ဖော်ပြခြင်းနှင့် အစွန်းရောက်သူများအဖြစ် ပြည်သူများ အထင်ရောက်စေရန် ရည်ရွယ်ချက်ရှိရှိ ပြောဆိုသုံးစွဲလုပ်ကိုင်ခြင်းဖြစ်ကြောင်း သုံးသပ်နိုင်သည်။

44 (၂၀၁၈)။ မြန်မာ့နိုင်ငံရေးနှင့် တပ်မတော် အပိုင်း (၁)။ ရန်ကုန်၊ မြဝတီစာပေတိုက်။

45 McPherson, PoppyK (2018). Exclusive: Fake photos in Myanmar army's 'True News' book on the Rohingya Crisis. https://www.reuters.com/article/us-myanmar-rohingya-photos-exclusive/exclusive-fake-photos-in-myanmar-armys-true-news-book-on-the-rohingya-crisis-idUSKCN1LF2LB?fbclid=IwAR3D6wbohvfDinQIVwxe5V5_VsSgYEuCpJvl9x0yDd-SCuxfNvFhChiWu2o

46 ရိုဟင်ဂျာမရှိကြောင်း ကမ္ဘာကို သက်သေအခိုင်အမာပြနိုင်ရန် သမိုင်းမူကြမ်း ရေးဆွဲပြီးစီး။ http://burmese.dvb.no/archives/252680

47 မိုးမိုး။ (၂၀၁၈)။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး သူရဦးအောင်ကို သတိပေးခံရ။ https://burma.irrawaddy.com/news/2018/12/08/176790.html

48 အစွန်းရောက် ဘာသာတရားဆိုသည်မှ ဘင်္ဂါလီများကို ရည်ညွှန်းခဲ့ခြင်းဟု သူရဦးအောင်ကို ပြော။ https://burma.irrawaddy.com/news/2018/12/08/176790.html



mora.gov.mm Done


MORA

# မြန်မာ့သမိုင်းနှင့် တိုင်းရင်းသားလူမျိုးများတွင် ရိုဟင်ဂျာ မရှိပါ

News 03/11/2016 Admin

၁။ ရှေးမြန်မာ့သမိုင်းရာဇဝင်များအရ အေဒီ ၁၅ ရာစု ခေတ်ကာလက ရခိုင်ဘုရင်အဆက်ဆက်၏ လက်အောက်တွင် သုံ့ပန်းအဖြစ် ဖမ်းဆီး ခေါ်ယူလာသည့် အိန္ဒိယ နွယ်ဖွားများကို လယ်ယာလုပ်ငန်းနှင့် အခြား လုပ်ငန်းများတွင် အသုံးပြုရန် ခေါ်ယူခဲ့ကြောင်း အထောက်အထားများ အရ လေ့လာတွေ့ရှိရပါသည်။ ၂။ အေဒီ(၁၆၅၂-၁၆၇၄)တွင် ရခိုင် ဘုရင် စန္ဒသုဓမ္မဂျာထံသို့ သျှားရှုဂျာမင်းသား ခိုလှုံရောက်ရှိလာပြီး ၎င်း နှင့်အတူ မွတ်စလင် လေးသည်တော် ကမန်များ ပါရှိလာခဲ့ပါသည်။ ရခိုင်ဘုရင် စန္ဒိဝိဇယမင်း အေဒီ(၁၇၁၀-၁၇၃၁)လက်ထက်တွင် မွတ်စလင်လေးသည်တော် ကမန်များ တော်လှန်ပုန်ကန်သဖြင့် စစ်တွေ နှင့်ရမ်းဗြဲဒေသများသို့ နယ်နှင်ဒဏ်ပေးခဲ့ပါသည်။ ၃။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားခဲ့ပြီးနောက် မြန်မာတို့ အရေးနိမ့်ကာ ၂၄-၂-၁၈၂၆ ခုနှစ်တွင် စစ်ပြေငြိမ်းခဲ့ရာ ရခိုင်ကမ်းမြောင်ဒေသနှင့် တနင်္သာရီကမ်းမြောင်ဒေသတို့ အင်္ဂလိပ်လက်အောက် ကျရောက်သည့်မှ စ၍ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ ဝင်ရောက်လာပြီး စပါးတိုးချဲ့စိုက်ပျိုး ရန်အတွက် အိန္ဒိယအမျိုးသားများကို ရခိုင်ပြည်နယ်အတွင်းသို့ တံခါးမ ရှိ ဓားမရှိ ခေါ်ဆောင်လာခဲ့ပါသည်။ ၄။ ရှေးမြန်မာ့သမိုင်းရာဇဝင်များ တွင် လူမျိုးတစ်ရာ့တစ်ပါးရှိကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့ရာ ရိုဟင်ဂျာ လူမျိုးလည်း မပါရှိခဲ့ပါ။ ရိုဟင်ဂျာ ဟူသော စကားလုံး တစ်လုံးတစ်ပါဒ မျှ ဖော်ပြခဲ့ခြင်း မရှိပါ။ ၅။ ရိုဟင်ဂျာဆိုသည်မှာ တိုင်းရင်းသားမျိုးနွယ် စုအမည်၊ လူမျိုးအမည် မဟုတ်ဘဲ ဘင်္ဂလီဘာသာ စကားအဓိပ္ပါယ် အရ"ရိုဟင်"၏အဓိပ္ပါယ်မှာ "အိမ်ရာမဲ့"ဖြစ်ပြီး "ဂျာ"၏ အဓိပ္ပါယ်

ပုံ (၃၇) ။ မြန်မာ့သမိုင်းနှင့် တိုင်းရင်းသားလူမျိုးများတွင် ရိုဟင်ဂျာမရှိပါ ဟူသော ခေါင်းစဉ်ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရေးသားဖော်ပြချက်။[49]



သမိုင်းသုတေသန နှင့်အမျိုးသားစာကြည့်တိုက် ဦးစီးဌာန •••
58 mins ·

ရခိုင်ပြည်နယ်အတွင်းသို့ မွတ်ဆလင်များ ဝင်ရောက်လာခြင်းသမိုင်း သုတေသနပြုဆောင်ရွက်နေမှု
=============================================
=
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုး သားစာကြည့်တိုက်ဦးစီးဌာန၏ လုပ်ငန်းစဉ်များအနက်မှ လုပ်ငန်းစဉ်တစ် ခုဖြစ်သော တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းဖြစ်ပေါ်လာရေး အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ၏သမိုင်း လေ့လာရေး၊ နိုင်ငံအတွင်းဖြ စ်ပေါ်လေ့ရှိသော ထူးခြားအခြေအနေများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသမိုင်းများအား သုတေသနပြု ရေးသားထုတ်ဝေလျက်ရှိပါသည်။
သမိုင်းရေးသားပြုစုရာတွင် မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီး များ၏ သုတေသနပြုလေ့လာ ရှာဖွေတွေ့ရှိချက်များဖြင့် သမိုင်းစစ် သမိုင်းမှန်ဖြစ်ရေး လွတ်လပ်စွာရေးသားပြုစုနိုင်ရေးတို့ကို ကူညီဆောင်ရွက် ပေးလျက်ရှိပါသည်။
ရခိုင်ပြည်နယ်အတွင်းသို့ မွတ်ဆလင်များဝင်ရောက်လာခြင်း သမိုင်းနှင့်ပ တ်သက်၍ သမိုင်းသုတေသန ဌာနအနေဖြင့် သုတေသနပြုလေ့လာ မှတ် တမ်းတင်နိုင်ရေး ဆောင်ရွက်နေသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ထိုသ မိုင်းကိုရေးသားရန်အတွက် နိုင်ငံတကာပညာရှင်များ ပြုစုသော အထော က်အထားများ၊ ဗြိတိသျှလက် ထက် စစ်တမ်းများ၊ အမိန့်တော်များ၊ အစိုးရအဆက်ဆက် မှတ်တမ်းများ စသည်ဖြင့် အထောက်အထား အခိုင် အမာပြည့်စုံစွာ ရရှိရေး၊ ရရှိသော အထောက်အထားများမှ သုတေသနပြု ၍ သမိုင်းမှန် ဖြစ်ရပ်မှန် အခြေအနေ ဖော် ထုတ်ရေးသားနိုင်ရေး ပညာ ရှင်များမှ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။
ယခုလည်းရှာဖွေဆဲ သုတေသနပြုဆဲ ဖြစ်သကဲ့သို့ ဆက်လက်၍လည်း အချက်အလက် အထောက် အထားများ ရှာဖွေနေပြီး ပိုမိုပြည့်စုံခိုင်မာ လာအောင် ဆောင်ရွက်လျက်ရှိနေပါသည်။ အထောက်အထားခိုင်မာ ပြ ည့်စုံပြီး ထုတ်ဝေရန်သင့်လျော်သည့် အချိန်မှသာ အမျိုးသားအကျိုးစီးပွား ကာကွယ်နိုင်ရန်အတွက် သမိုင်း အချက်အလက် အမှန်တိုင်းသာထု တ်ဝေနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

=========================================

ပုံ (၃၈) ။ ရခိုင်ပြည်နယ်အတွင်းသို့ မွတ်ဆလင်များ ဝင်ရောက်လာခြင်းသမိုင်း သုတေသနပြု ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန facebook page မှ ဖော်ပြချက်။

မြန်မာစစ်တပ်နှင့် အစိုးရတို့မှ ရိုဟင်ဂျာလူမျိုးစုများ၏ ဖြစ်တည်မှုကို ဖျောက်ဖျက်နိုင်ရန်အတွက် ထိုသို့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုများကို ဆောင်ရွက်ရာတွင် ဥပဒေပြုရေး အခန်းကဏ္ဍမှလည်း တစ်တပ်တစ်အား ပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။ ထင်ရှားသည့် ဥပမာ တစ်ရပ်အနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် 'ရိုဟင်ဂျာ မရှိကြောင်း' ကမ္ဘာသိအောင်လုပ်ဖို့ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။[50] ထို့အပြင် ပြည်သူ့လွှတ်တော်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဖြန့်ဝေခဲ့သော 'ရခိုင်ပြည်နယ် ပဋိပက္ခဆိုင်ရာ စာတမ်းတို' တွင်လည်း ရိုဟင်ဂျာလူမျိုးစုများသည် ဘင်္ဂါလီများဖြစ်ကြ

49 မြန်မာ့သမိုင်းနှင့် တိုင်းရင်းသားလူမျိုးများတွင် ရိုဟင်ဂျာ မရှိပါ။ https://www.mora.gov.mm/post/3915?fbclid=IwAR1MG0v4nnDit0zTsPuQV7FoQN3xKrIG3mR1zc1ooiXPXzoauzm2ohggPc

50 ရိုဟင်ဂျာ မရှိကြောင်း ကမ္ဘာသိအောင်လုပ်ဖို့ လွှတ်တော်မှာ ဆွေးနွေး။ https://www.bbc.com/burmese/burma-42951145

ပြီး ကိုလိုနီခေတ်တွင် အလုံးအရင်းလိုက် ဝင်ရောက်လာသူများဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။[51] ဤအချက်များကို လေ့လာရခြင်းအားဖြင့် ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ အစိုးရ၊ မြန်မာစစ်တပ်နှင့် လွှတ်တော်ကဏ္ဍများအထိ တူညီသော ရပ်တည်ချက် အမြင်များရှိကြောင်း သုံးသပ်နိုင်ပါသည်။

ထို့အပြင် ဗမာပြည် နိုင်ငံရေးလောက ခေါင်းဆောင်များအဖြစ် လူသိများ ထင်ရှားသူများဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နာယက သူရဦးတင်ဦး၊ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ဟံသာ၊ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသည့် ကိုကိုကြီး၊ မင်းကိုနိုင်၊ ကိုမြအေး တို့သည်လည်း ရိုဟင်ဂျာများသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် မပါမဝင်ကြောင်း၊ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ခိုးဝင် ရောက်လာသူများဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဿနာဖြစ်ကြောင်း အသီးသီး တူညီသော အမြင်များရှိသည်ကိုလည်း တွေ့ရသည်။[52]

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး ယခုအခါတွင် ပြည်သူ့ပါတီဥက္ကဋ္ဌအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသူ ကိုကိုကြီးမှ ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ "နိုင်ငံတကာ နိုင်ငံကြီးတွေ အနေနဲ့လည်း မြန်မာနိုင်ငံရဲ့အခြေအနေ၊ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားတွေ ပြဿနာကို ကောင်းစွာ နားလည်သိကျွမ်းခြင်း မရှိဘဲနဲ့ ရိုဟင်ဂျာအရေးနဲ့ ပတ်သက်ပြီးတော့ ပြောဆို နေကြတာတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို တိုက်ရိုက် ထိခိုက်တယ်လို့ပဲ ကျွန်တော်တို့ သတ်မှတ်ပါတယ်။ မျိုးရိုးဗီဇ အရရော၊ ယဉ်ကျေးမှု အရရော ဘာသာစကားဓလေ့ ထုံးစံများ အရရော ကျွန်တော်တို့ နိုင်ငံအတွင်းမှာ နေထိုင်တဲ့ တိုင်းရင်းသား မျိုးနွယ်စုများနဲ့ လုံးဝ ပတ်သက်ခြင်း မရှိပါဘူး။" ဟု ၎င်း၏အမြင်ကို ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ရခိုင်အရေး သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။[53]

၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း) မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခု၌လည်း "ကျွန်တော်တို့ရဲ့ ၁၃၅ မျိုးသော တိုင်းရင်းသားတွေ့ထဲမှာ သူတို့ (ရိုဟင်ဂျာ) မပါဘူး။ အခုဖြစ်နေတဲ့ ကိစ္စတွေက လူမျိုးရေး၊ ဘာသာရေး ပြဿနာ မဟုတ်ဘူး။ လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ ကျူးကျော် ဝင်ရောက်လာတဲ့သူတွေရယ်၊ အကြမ်းဖက်ရယ် အဲဒီနှစ်ခုက အခြေခံပဲ ဖြစ်တယ်" ဟု မင်းကိုနိုင်မှ ရိုဟင်ဂျာလူမျိုးစုများနှင့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။[54]




**ပုံ (၃၉)။ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း) မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲမှ မင်းကိုနိုင်**

51　ရခိုင်ပြည်နယ် ပဋိပက္ခဆိုင်ရာ စာတမ်းတို။ https://www.rohingyanewsbank.com/2020/07/blog-post_97.html

52　ရိုဟင်ဂျာ ရှိ၊ မရှိ နိုင်ငံရေးသမားများနှင့် ခေါင်းဆောင်များ၏ ပြောဆိုချက်။ https://burma.irrawaddy.com/opinion/interview/2017/09/15/142732.html

53　အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုမြအေးတို့၏ ပြောကြားချက်များ ရုပ်သံဖိုင်ကို အောက်ပါ link တွင် ကြည့်ရှုနိုင်ပါသည်။ http://karenyouthgroup.blogspot.com/2012/06/blog-post_9802.html

54　ကျော်ခ။ (၂၀၁၇)။ သမ္မတ ဦးထင်ကျော်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ ရပ်တည်မည်ဟု ၈၈ အဖွဲ့ပြော။ https://burma.irrawaddy.com/news/2017/09/13/142547.html



**ပုံ (၄၀)။ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) မှ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ရခိုင်အရေး သတင်းစာရှင်းလင်းပွဲမှ ကိုကိုကြီးနှင့် ကိုမြအေး**

အဆိုပါပြောကြားချက်များတွင် ပါဝင်သော တိုင်းရင်းသား ၁၃၅ဟူသည့် အမြင်သည် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ ပေါ်ထွက်ပြီးနောက်ပိုင်းတွင် ဗမာအစိုးရ အဆက်ဆက်မှ လက်ခံကိုင်စွဲထားသော သတ်မှတ်ချက် ဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သော နဝတအစိုးရသည် ဗမာပြည်၌ တိုင်းရင်းသား ၁၃၅ မျိုး ရှိသည်ဟု ဖော်ပြထားသည်။[55] ထိုဖော်ပြချက်အရ လူမျိုးစုများ၏အမည်ကို ဖော်ပြထားသော်လည်း မည်ကဲ့သို့ စနစ်တကျ သတ်မှတ်ထားသည်ဆိုသော စံသတ်မှတ်ချက်မှာမူ ယခုတိုင် မည်သူကမျှ တရားဝင် ထုတ်ဖော်ပြောနိုင်ခြင်း မရှိပေ။ သို့သော်လည်း တိုင်းရင်းသား ဟူသော သတ်မှတ်ချက်နှင့် ပတ်သက်၍မူ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ အခန်း(၂) ပုဒ်မ (၃) တွင် နိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခု၌ ဗမာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှ စ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်သည် ဟူသော ဖော်ပြချက်ရှိခဲ့သည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ ဤတိုင်းရင်းသားအဖြစ် ဖော်ပြခြင်းခံရသူများသည် ၁၈၂၃ မတိုင်မီကတည်းကပင် ဗမာပြည်နယ်နိမိတ်အတွင်း အမှန်တကယ်ရှိကြောင်း မည်ကဲ့သို့ ဖော်ထုတ်သတ်မှတ်ခဲ့သည်ဆိုသော အချက်မှ စိတ်ဝင်စားစရာကောင်းသည့် အခြေအနေတစ်ခု ဖြစ်သည်။ အကယ်စင်စစ်မူ မြန်မာစစ်တပ်နှင့် အစိုးရ အဆက်ဆက်မှ လူမျိုးကြီးဝါဒလွှမ်းမိုးသော တစ်ပြည်ထောင် တိုင်းပြည်ကို တည်ဆောက်ရန်အတွက် လူမျိုးစုများ အကြား ကွဲပြားခြားနားမှုများပြားနိုင်စေရန်အတွက် ဤကဲ့သို့သော သတ်မှတ်မှုများကို ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ဟု သုံးသပ်မိသည်။

ရိုဟင်ဂျာလူမျိုးစုများသည် ဘင်္ဂါလီများ (သို့) ဘင်္ဂါလားဒေ့ရှ်နိုင်ငံမှ ဗမာပြည်အတွင်း တရားမဝင် ရောက်ရှိလာသူများ၊ ကျူးကျော်လာသူများ၊ အစ္စလာမ် ဘာသာဖြင့် တိုင်းပြည်ကို ဝါးမျိုးရန် ကြိုးပမ်းနေသူများ၊ အကြမ်းဖက်သမားများအဖြစ် ပုံဖော်မှုအမြင်များကို ထိုကဲ့သို့ အစိုးရ၊ မြန်မာစစ်တပ်၊ လွှတ်တော်နှင့် နိုင်ငံရေး သမားများက ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ချိမှုများ ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ သဘောထားအမြင်များသည် ပင်မ မီဒီယာများမှတစ်ဆင့် လူမှုမီဒီယာများအထိ ပျံ့နှံ့ရောက်ရှိလာခဲ့သည်။ ထို့နောက် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှတစ်ဆင့် အဆိုပါ သတင်းစကားများကို ထပ်မံ

55 တိုင်းရင်းသား ၁၃၅ မျိုး စာရင်းအား စက်တင်ဘာလ ၂၆ ရက် ၁၉၉၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ဖော်ပြခဲ့သည်။

တင်ဆက်ခြင်းဖြင့် လူမျိုးရေးနှင့် ဘာသာရေး အမုန်းတရားများကို ဆက်လက် တည်ဆောက်ကြသည်ကို တွေ့ရှိရသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ မကွေးတိုင်း ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာ အောင်မိုးညိုမှ ၎င်း၏ facebook account တွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် တင်ပြထားသော ဓာတ်ပုံ၌ ရခိုင်ပြည်နယ်ရောက်ရှိနေချိန်အတွင်း ရိုဟင်ဂျာ လူမျိုးစုများအား ဘင်္ဂါလီအဖြစ်လည်းကောင်း၊ အစ္စလာမ် ဘာသာအား လှောင်ပြောင်လိုသောသဘောဖြင့်လည်း ကောင်း တင်ထားခဲ့သည့် ပို့စ်တွင် ထိုအချိန်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင် လျက်ရှိသော နိုင်ငံရေးသမားများ၏ အမြင်ကိုလည်း မှန်းဆနိုင်မည်ဖြစ်သည်။ အဆိုပါပို့စ်တွင် စစ်ကိုင်းတိုင်း ဝန်ကြီးချုပ်ဖြစ်သူ ဒေါက်တာမြင့်နိုင်နှင့် မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်ဖြစ်သူ ဒေါက်တာဇော်မြင့်မောင်တို့ နှင့်အတူ ရိုက်ကူးထားခြင်းဖြစ်သည်။ စာသားအနေဖြင့် 'ဘူးသီးတောင်ရောက် အောင်မိုးညိုနဲ့ ဘင်္ဂါလီနှစ်ဦး၊ သူတို့ နဲ့ အဆင်ပြေအောင် ညီအစ်ကိုလိုသဘောထား လူရာသွင်း မှ၊ (မဟုတ်လျှင် အလာဟ် ရိုက်တော့မယ်ဆိုပြီး ခြောက်တာ' ဟု ရေးသားထားခြင်းဖြစ်သည်။ အဆိုပါပုံတွင်ပါဝင်သော ဝန်ကြီးချုပ် ၃ ဦးစလုံးအား အာဏာသိမ်းရန် ကြိုးစားနေ သော မြန်မာစစ်တပ်မှ ဖမ်းဆီးထားသည်။




**ပုံ (၅၁)။ ဒေါက်တာအောင်မိုးညို၏ facebook account မှ ဖော်ပြချက်။**

ထိုကဲ့သို့ ပင်မမီဒီယာများနှင့် လူမှုမီဒီယာများ(အထူးသဖြင့် facebook) တွင် ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ ဦးတည်တိုက်ခိုက်မှုများ၊ အမုန်းစကားဖြန့်ဝေမှုများ အပါအဝင် ပြည်သူများမှ ပိုမိုနားလည်မှုလွဲစေရန် နှင့် အမုန်းတရားပွားများစေရန် တင်ပြမှုများနှင့် လှုံ့ဆော်မှုများကို ထင်ရှား ကျော်ကြား လွှမ်းမိုးနိုင်သူများဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော် များနှင့် တခြားသော နယ်ပယ်အသီး သီးမှ ပုဂ္ဂိုလ်များမှလည်း ပါဝင်လုပ်ဆောင် ခဲ့ကြသည်။ တချို့သော ဖြစ်စဉ်များ တွင် သီးသန့်စင်မြင့်များမှ ပြောဆို လုပ်ဆောင်ခဲ့ကြသော်လည်း လူမှုမီဒီယာ များတွင် ပြန်လည်မျှဝေခြင်းဖြင့် အဆို ပါ သတင်းစကားများမှာ ပြည်သူများ ထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိခဲ့ သည်ကို တွေ့ရသည်။

ဥပမာအားဖြင့် ၂၀၁၁ ခုနှစ် တွင် ပြုလုပ်ခဲ့သော ပြေတီဦးပညာရေး ဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲမှ မုဒိတာလွင်ပြင်အငြိမ့်တွင် ပါဝင်သော ပြက်လုံးခွင် တစ်ခု၌ ရိုဟင်ဂျာလူမျိုးစု

များအား ဘင်္ဂါလားဒေ့ရှ်နိုင်ငံမှ ခိုးဝင် လာသူများ၊ နိုင်ငံသားစိစစ်ရေးကတ်အတွက် ငွေပေး လုပ်ကိုင်ထားသူများ၊ ဗမာမိန်းကလေးများအား သိမ်းပိုက်ရန် လုပ်ဆောင်နေသူများ၊ မိန်းမ အများအပြားယူရန် ဆောင်ရွက်နေသူများအဖြစ် ပုံဖော်ထားသည့် ပြက်လုံးများကို ထည့်သွင်းထားခဲ့သည်။ အဆိုပါ မုဒိတာလွင်ပြင် အငြိမ့်၏ ဒါရိုက်တာမှ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ဖြစ်ပြီး ထင်ရှားကျော်ကြားသော သရုပ်ဆောင်များမှ အငြိမ့်မင်းသမီးများအဖြစ်လည်းကောင်း၊ လူရွှင်တော်များအဖြစ်လည်းကောင်း ပါဝင်ကြသည်။ အဆိုပါ ပြက်လုံးခွင်တွင် လူကုန်ကူးမှုတားဆီးရေး အစီအစဉ် တိုက်ရိုက်ထုတ်လွှင့်မှုအဖြစ် ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။ ထို ရန်ပုံငွေပဒေသာကပွဲ အစီအစဉ်အား တက်ရောက်ကြည့်ရှုသူ ထောင်ဂဏန်းနီးပါး ရှိနိုင်ပြီး MRTV 4 ရုပ်သံလိုင်းမှလည်း တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသခဲ့သည်ဟု သိရသည်။ ထို့အပြင် အင်တာနက် အသုံးပြုမှု များပြားလာသည့် အချိန်တွင် youtube ၌လည်းကောင်း facebook ၌လည်းကောင်း ထပ်မံဖြန့်ဝေမှုများ ပြုလုပ်ခဲ့ရာ ပြည်သူလူထုထံသို့ အဆိုပါ သတင်းအချက်အလက်အမှားများ ရောက်ရှိနိုင်သည့် ပမာဏကို ခန့်မှန်းရန်ပင် ခက်ခဲမည်ဖြစ်သည်။[56]




**ပုံ (၄၂)။ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲမှ မုဒိတာလွင်ပြင်အငြိမ့်တွင် ရိုဟင်ဂျာလူမျိုးစုများအပေါ်တွင် ပြည်သူများ နားလည်မှုလွဲစေရန်နှင့် အမုန်းတရားပွားများစေနိုင်သည့် ပြောဆိုချက်များကို ထည့်သွင်းပြောဆိုနေသည့် နေမင်းနှင့် မင်းမော်ကွန်း**

ရုပ်ရှင်သရုပ်ဆောင် နေမင်းနှင့် မင်းမော်ကွန်းတို့မှ တင်ဆက်ထားခြင်းဖြစ်ပြီး အထက်တွင်ဖော်ပြထားသော ရိုဟင်ဂျာလူမျိုးစုများအပေါ်တွင် ပြည်သူများ နားလည်မှုလွဲစေရန်နှင့် အမုန်းတရား ပွားများစေနိုင်သည့် ပြောဆိုချက်များကို

ထိုသို့ အငြိမ့်များ ပျက်လုံးခွင်များတွင် ရိုဟင်ဂျာလူမျိုးစုများအပေါ်တွင် ပြည်သူများ နားလည်မှုလွဲစေရန်နှင့် အမုန်းတရားပွားများစေနိုင်သည့် ပြောဆိုချက်များကို ထည့်သွင်းပြောဆိုသကဲ့သို့ပင် ဂီတလောကမှ

56 ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲမှ မုဒိတာလွင်ပြင်အငြိမ့် အစအဆုံးအား အောက်ပါ link တွင် ကြည့်ရှုနိုင်ပါသည်။ မင်းမော်ကွန်းနှင့် နေမင်းတို့၏ ရိုဟင်ဂျာလူမျိုးများနှင့် ပတ်သက်သော ပြောကြားချက်များပါရှိသည့် ပြက်လုံးခွင်အား ၎င်းဗီဒီယိုဖိုင် ၁း ၃၂း ၀၀ မှ ၁း ၃၄း ၀၀ အတွင်း ကြည့်ရှုနိုင်ပါသည်။
https://www.youtube.com/watch?v=-SOM_rpJXTY

သီချင်းများတွင်လည်း ထည့်သွင်းစပ်ဆိုမှုများ ပြုလုပ်ခဲ့ကြ သည်။ ဤနေရာတွင် ဥပမာအဖြစ် အဆိုတော်လွှမ်းပိုင် ရေးသား၊ သီဆိုသော Hip Hop Rohingya[57] သီချင်းကို ဖော်ပြချင်ပါသည်။ အဆိုပါသီချင်းကို youtube video တွင် တင်ပြထားမှုအရ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၆ရက်ဟု သိရှိရသည်။ အဆိုပါ သီချင်း၏ စာသားများထဲတွင် ရိုဟင်ဂျာလူမျိုးစုများသည် နေရာတနေရာသို့ ခိုးဝင်လာသူများအဖြစ် ပုံဖော်သီဆိုထားခြင်း ဖြစ်သည်။[58]





**ပုံ (၄၃)။ ရိုဟင်ဂျာလူမျိုးစုများသည် တစ်နေရာမှ တစ်နေရာသို့ ခိုးဝင်လာသူများအဖြစ် ထည့်သွင်း သီဆိုထားသော လွှမ်းပိုင်၏ Hip Hop Rohingya သီချင်းစာသား။**

ထိုသို့ ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ ဖော်ပြရာတွင် ခိုးဝင်လာသူများအဖြစ် ပုံဖော်မှုများရှိသကဲ့သို့ အကြမ်းဖက်သမားများအဖြစ် ပုံဖော်မှုများလည်း ရှိခဲ့ကြသည်။ လူမှုမီဒီယာ (အထူးသဖြင့် facebook)တွင် ပျံ့နှံ့လာသည့် ဖော်ပြချက်များတွင် ရခိုင်ပြည်နယ်အတွင်း၌ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ အမျိုးသားရေး အစွန်းရောက်များနှင့် တချို့သော ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှ မြေပြင်တွင် ပြုလုပ်ခဲ့သော ဆန္ဒပြပွဲများတွင် ထိုသို့ စွပ်စွဲမှုများကိုလည်း ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရသည်။

57 လွှမ်းပိုင်၏ Hip Hop Rohingya သီချင်းအား အောက်ပါ link တွင် ကြည့်ရှုနိုင်ပါသည်။ https://www.youtube.com/watch?v=QWKFobeKrJg

58 ရဲဟိန်းအောင်။ (၂၀၂၁)။ ရိုဟင်ဂျာလူမျိုးစုတွေအပေါ် ခွဲခြားဖိနှိပ်တဲ့ စာသားတွေနဲ့ အဆိုတော်လွှမ်းပိုင်ရဲ့ Hip Hop Rohingya။ https://www.facebook.com/pho.thagyan.7/posts/pfbid037WA9k52hJhEgWigVpNNXgZm6sjUTDebigbnMMWiowFJBksJTHQ3g6jGcgXjj1Kqnl



ပုံ (၄၄)။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားပေါ်တွင် ပြုလုပ်ခဲ့သော ဆန္ဒပြပွဲတစ်ခုတွင် ရိုဟင်ဂျာလူမျိုးစုများအား အကြမ်းဖက်သမားများအဖြစ် စွပ်စွဲဖော်ပြထားသော ဆန္ဒပြဆိုင်းဘုတ်တစ်ခု




ပုံ (၄၅)။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမအရှေ့တွင် ပြုလုပ်ခဲ့သော ဆန္ဒပြပွဲတစ်ခုတွင် စာရေးဆရာ သရဝဏ် (ပြည်)အား ရိုဟင်ဂျာလူမျိုးစုများအား အကြမ်းဖက်သမားအဖြစ် စွပ်စွဲဖော်ပြထားသော ဆန္ဒပြဆိုင်းဘုတ်တစ်ခုဖြင့် တွေ့ရစဉ်


ကမ္ဘာပေါ်ရှိ လူအဖွဲ့အစည်းတိုင်း လူမျိုးစုတိုင်းတွင် လူဆိုး၊ လူကောင်း၊ အကြမ်းဖက်သမား၊ သူတော်ကောင်း၊ ပရဟိတသမား အစရှိသဖြင့် မျိုးစုံ တည်ရှိနိုင်ပါသည်။ ဤဖော်ပြချက်များကို ဤအစီရင်ခံစာတွင် ထည့်သွင်းလေ့လာပြီး ဖော်ပြရသည့် အဓိကအချက်မှာ လူမျိုးစု တစ်ခုလုံးအား အယ်လ်ကိုင်ဒါနွယ်ဖွားများ ဟူ၍လည်းကောင်း၊ အကြမ်းဖက်သမားများအဖြစ် လည်းကောင်း ထပ်တူပြု ဖော်ပြခြင်းသည် အဆိုပါလူမျိုးစု တစ်ခုလုံးနှင့် ပတ်သက်၍ အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့မုန်းတီးမှုများ ပိုမို ဖြစ်ပေါ်စေရန် ရည်ရွယ်လုပ်ဆောင်မှုအဖြစ် သုံးသပ်မိပါသည်။

ထို့အပြင် ရိုဟင်ဂျာလူမျိုးစုများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ခိုးဝင်လာသူများဖြစ်ကြောင်းနှင့် ၎င်းတို့ကို ဆန့်ကျင်ရန် (သို့) ပစ်ခတ်သတ်ဖြတ်မှုများ ပြုလုပ်ရန်အထိ အမုန်းတရား ပျံ့နှံ့စေမှုနှင့် လှုံ့ဆော်မှုများ ပါဝင်သည့် ရေးသားဖြန့်ချိမှုများကို လူမှုမီဒီယာ (အထူးသဖြင့် facebook) ပေါ်၌ ဖြန့်ဝေမှု အမြောက်အများကို ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ပြုလုပ်ခဲ့ကြသည်။

ဥပမာများအနေဖြင့် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများအနက်မှ တစ်ဦးဖြစ်သူ မောင်မောင်အေး၏ တင်ပြချက်များကို ဖော်ပြလိုပါသည်။ မောင်မောင်အေးသည် အခမ်းအနားများ၊ ရုပ်မြင်သံကြား အစီအစဉ်များ အပါအဝင် အများပြည်သူ ကြည့်ရှုမှုများပြားသည့် ဖျော်ဖြေရေးကဏ္ဍများတွင် အစီအစဉ် တင်ဆက်သူအနေဖြင့်လည်းကောင်း၊ ပရဟိတလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်သူဖြင့်လည်းကောင်း လူသိများထင်ရှားသူတစ်ဦးဖြစ်သည်။

ရခိုင်ပြည်နယ် အခြေအနေများနှင့် ပတ်သက်၍. . . မောင်မောင်အေး facebook account တွင် တင်ပြမှုတစ်ခုအဖြစ် ‘အခုနေ ရခိုင်မှာ စပီကာ အကြီးကြီးတွေကို တင့်ကားတွေပေါ်တင် . . . နိုင်ငံတော်သီချင်းဖွင့်ပြီး လိုက်မဆိုနိုင်တဲ့ကောင် အကုန်ပစ်သတ်တမ်း ကစားစေချင်မိ. . .’ ဟု post တင်ခဲ့သည်။ အဆိုပါ post အရ ရိုဟင်ဂျာများသည် မြန်မာစာ၊ မြန်မာစကားမတတ်သော တစ်ဖက် နိုင်ငံမှ ခိုးဝင်လာသူများဖြစ်သဖြင့် နိုင်ငံတော်

သီချင်း မဆိုတတ်ပါက သတ်ပစ်ရမည် ဆိုသည့် လှုံ့ဆော်မှုများအထိ ပါဝင်သည်ကို တွေ့ရှိရသည်။ **(ထိုသို့ သဘောထားမိခဲ့ခြင်းနှင့် post တင်ခဲ့ခြင်းများနှင့် ပတ်သက်၍ မောင်မောင်အေးမှ ပြန်လည် တောင်းပန်ခဲ့သည်။)**




**ပုံ (၄၆)။ သတ်ဖြတ်ရန် လှုံ့ဆော်မှုအထိ ပါဝင်သော မောင်မောင်အေး၏ facebook post။**

နောက်ထပ် ဥပမာတစ်ခုအနေဖြင့် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူ တစ်ဦးဖြစ်သူ မျိုးရန်နောင်သိမ်း၏ facebook တွင် တင်ပြချက်များကို ဖော်ပြမည် ဖြစ်ပါသည်။ နိုင်ငံရေး အကျဉ်းသားဟောင်းတစ်ဦးဖြစ်သူ မျိုးရန်နောင်သိမ်းသည် Bayda Institute ကို ထူထောင်ခဲ့သူ တစ်ဦးဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတွင် ဗဟိုသုတေသနအဖွဲ့၌ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦး ဖြစ်သည်။ မျိုးရန်နောင်သိမ်း၏ facebook တွင် ပြုလုပ်ခဲ့သော တင်ပြချက်များတွင် ရိုဟင်ဂျာဆိုသည်မှာ OIC နိုင်ငံများမှ ငွေကြေးရယူပြီး လုပ်ကြံထားသည့် အမည်တစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီး၊ ရိုဟင်ဂျာလူမျိုးစုများအား လူလိမ်များအဖြစ်လည်းကောင်း၊ ထို့အပြင် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ စော်ကားမှုအဖြစ် 'အလာလူသတ်သမားကြောင့် ရခိုင်တွေ ပြေးနေရ' ဟူ၍လည်းကောင်း ရေးသားမှုများ ပြုလုပ်ခဲ့သည်။ ဤသည်မှာ ဥပမာအနေဖြင့် ထုတ်နုတ်ဖော်ပြထားခြင်းသာဖြစ်ပြီး ပိုမိုများပြား လွန်ကဲသော ပြောဆိုချက်များကိုလည်း မှတ်တမ်းပြု သိမ်းဆည်းထားပြီးဖြစ်သည်။







**ပုံ (၄၆ နှင့် ၄၇)။ ရိုဟင်ဂျာလူမျိုးစုများအပေါ် နှိမ့်ချစော်ကားမှုများနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ စော်ကားမှုများ ရေးသားထားသည့် မျိုးရန်နောင်သိမ်း၏ facebook post အများ။**

ယခုဖော်ပြပါ အချက်များသည် ရိုဟင်ဂျာ လူမျိုးစုများနှင့် ပတ်သက်၍ အများပြည်သူ ယုံကြည်မှုလွဲမှားစေရန်နှင့် ကြောက်ရွံ့မုန်းတီးစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သော ဖော်ပြချက်များဖြစ်သည်။ ရိုဟင်ဂျာလူမျိုးများနှင့် ပတ်သက်၍ ဤကဲ့သို့ တင်ပြမှုများတွင် အများဆုံးတွေ့ရှိရသည့် ဇာတ်ကြောင်းဖော်ပြချက် (Narrative) များမှာ ရိုဟင်ဂျာဟူသော လူမျိုးဗမာပြည်တွင် လုံးဝမရှိ တိုင်းရင်းသား ၁၃၅ မျိုးတွင် မပါဝင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားမဝင် ရောက်ရှိလာသော ခိုးဝင်များသာဖြစ်သည်၊ ရခိုင်ပြည်နယ်ကို နယ်မြေဖဲ့ထုတ်ရန် ကြိုးစားနေသူများ၊ ဗမာပြည်ကို အစ္စလာမ်ဘာသာ လွှမ်းမိုးဝါးမျိုနိုင်ရန် လုပ်ဆောင်နေသူများ၊ အကြမ်းဖက်သမားများ စသည့်တို့ဖြစ်သည်။ ဤအယူအဆများကို မြန်မာစစ်တပ်၊ အစိုးရအဆက်ဆက်၊ ပါတီဝင်များ၊ ထင်ရှားကျော်ကြားလွှမ်းမိုးနိုင်သူများမှ ပုံစံမျိုးစုံ နည်းလမ်းမျိုးစုံ မီဒီယာမျိုးစုံဖြင့် ဖော်ပြခဲ့ကြခြင်းဖြစ်သည်။ အဆိုပါပြောဆိုချက်များ၏ အဓိက လိုရင်းအချက်မှာ ရိုဟင်ဂျာလူမျိုးစုများ၏ ဖြစ်တည်မှု identity ကိုလည်းကောင်း၊ မြေပြင်တည်ရှိမှု အရကိုလည်းကောင်း ပျောက်ပျက်သွားစေရန် (သို့) လူမျိုးတုန်း ကွယ်ပျောက်သွားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုများဟု သုံးသပ်မိပါသည်။

## (၄-၂)ဂျီနိုဆိုက်ကို ငြင်းဆိုခြင်း

ရိုဟင်ဂျာလူမျိုးစုများသည် လွန်ခဲ့သော ရာစုနှစ်တစ်ဝက်ကျော်ကာလကပင် ပုံစံမျိုးစုံဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်ခံစားခဲ့ရသည်။ မိမိတို့ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်သတ်မှတ်ရာတွင် အရေးအကြီးဆုံး ကိစ္စရပ်တစ်ခုဖြစ်သည့် လူမျိုးအမည်ကို ငြင်းပယ်ခံရပြီး၊ ပြင်ပမှ ဝင်ရောက်လာသူများ သူစိမ်းများအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ထို့အပြင် နိုင်ငံသား အခွင့်အရေးမှစ၍ လွတ်လပ်စွာ သွားလာခွင့်၊ ပညာသင်ယူခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခံယူခွင့်များ ဆုံးရှုံးခဲ့ရသည်။ နိုင်ငံရေးအရ ပါဝင်နိုင်ခွင့်နှင့် နိုင်ငံရေးအရ ကိုယ်စားပြုနိုင်ခွင့်တို့တွင်လည်း ရိုဟင်ဂျာ အများစု၏ ပါဝင်နိုင်မှုအခြေအနေမှ နှစ်ကာလကြာရှည်လာမှုနှင့်အတူ ပိုမိုကန့်သတ်ခံလာခဲ့ရပြီး လွန်ခဲ့သော ၁၀ နှစ်ခန့်အတွင်း လုံးဝဆုံးရှုံးသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

၃ ကြိမ်တိုင်တိုင် အစုလိုက် အပြုံလိုက် မောင်းနှင်ထုတ်ခံရခြင်းသည် ရိုဟင်ဂျာလူမျိုးစု၏ တွေ့ကြုံ ခံစားရနေသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများတွင် အဆိုးဆုံးအခြေအနေဖြစ်ခဲ့သည်။ ထပ်ခါထပ်ခါ ဤသို့ ကျူးလွန်မှုများနှင့် ရင်ဆိုင်နေရခြင်းသည် မြန်မာစစ်တပ်နှင့် အစိုးရတို့၏ ဤလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ပြစ်ဒဏ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်နေခြင်းကြောင့်ဖြစ်ပြီး ဆက်လက်ကျူးလွန်ခွင့်များကို လမ်းဖွင့်ပေးသလို ဖြစ်နေခဲ့သည်။ ပထမဆုံးအကြိမ် မောင်းနှင်ထုတ်ခံရပြီးနောက်တွင် လူမျိုးရေးဆိုင်ရာ ဖြစ်တည်မှုများ ပိုမိုဆုံးရှုံးလာခဲ့ပြီး နိုင်ငံသားဖြစ်ခွင့်နှင့် ပတ်သက်၍ ကန့်သတ်ပိတ်ပင်တာဆီးမှုများ ရင်ဆိုင်လာခဲ့ရသည်။ ဒုတိယအကြိမ် မောင်းနှင်ထုတ်ခံရမှုများနောက်ပိုင်းတွင် ရိုဟင်ဂျာများ၏ ဖြစ်တည်မှု သမိုင်းကြောင်းနှင့် ထိခိုက် ခံစားရမှုများနှင့် ပတ်သက်၍ ဗမာပြည်အတွင်းရှိ ပြည်သူအများစု လက်လှမ်းမမီနိုင်သည့် သတင်းအမှောင်ချခံရမှုများကြောင့် အဆိုပါအဖြစ်အပျက်များကို သိရှိသူပင် နည်းလှသည့် ပမာဏကို ရောက်ရှိလာသည်။ ထို့အပြင် ၁၉၉၂ ခုနှစ် နောက်ပိုင်းတွင် ရိုဟင်ဂျာလူမျိုးစုတို့၏ နိုင်ငံသားအခွင့်အရေး အခြေအနေမှာ လုံးဝဆုံးရှုံးခဲ့ရသည်အထိ မြန်မာစစ်တပ်နှင့် အစိုးရတို့၏ ဖိနှိပ်ခြင်းကို ခံခဲ့ရသည်။ ထိုအပြင် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ရောက်ရှိနေသော ခိုးဝင်ဘင်္ဂါလီ ဟူသည့်အမည်ဖြင့် အတင်းအဓမ္မ သတ်မှတ်ချက်မျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာစစ်တပ်နှင့် အစိုးရတို့မှ ယနေ့အချိန်ထိပင် ဘင်္ဂါလီအဖြစ် တရားဝင် စာရွက်စာတမ်းများတွင် အသုံးပြုနေခဲ့ကြသည်။ ဒုတိယအကြိမ် မောင်းနှင်ထုတ်ခြင်းနှင့် ရင်ဆိုင်ခဲ့ရသော ၁၉၉၃ ပြည်သာယာစစ်ဆင်ရေးနှင့် ၂၀၁၇ မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးအတွင်းကြားကာလအချိန်၌ ဒေသတွင်း၌ ရိုဟင်ဂျာ လူမျိုးစုများ၏ အခြေခံရပိုင်ခွင့်များကို ကန့်သတ်ဖိနှိပ်ထားသော ဥပဒေများ၊ ဒေသန္တရအမိန့်များကို ရိုဟင်ဂျာလူမျိုးစုတစ်ခုတည်းအတွက်သာ ဦးတည်ပစ်မှတ်ထား ထုတ်ပြန်ခဲ့သည်။ အဆိုပါ အမိန့်များထဲတွင် လက်ထပ်ခွင့်၊ ကလေးမွေးခွင့်၊ နာမည်ပေးခြင်း၊ လွတ်လပ်စွာ သွားလာခွင့်တို့အထိ အသေးစိတ် ပိတ်ပင်မှုများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြသည်။

၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း၌ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များအတွင်းရှိ ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်း၌ာနချုပ် (၁) တို့အား ဘင်္ဂါလီအကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများက ဖော်ပြခဲ့ကြသည်။[59] အဆိုပါ တိုက်ခိုက်မှုများကို ARSA (Arakan Rohingya Salvation Army) အဖွဲ့မှ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။[60] ထိုသို့ ARSA ၏ တိုက်ခိုက်မှုများကို ပြန်တုံ့ပြန်နိုင်ရန် အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်အားကို လက်ရှိရှိသည့် အင်အားထက် တိုးမြှင့်ချထားရေးနှင့် တပ်မတော်တပ်ဖွဲ့ အင်အားဖြည့်တင်းကာ ဒေသခံပြည်သူတို့၏ လုံခြုံရေးကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးရန် အစီအမံများ ပြုလုပ်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ပြုလုပ်သော အစည်းအဝေးတွင် စီမံချမှတ်ခဲ့သည်။[61]

အဆိုပါ အခြေအနေတွင် နှစ်ပေါင်း ၇၀ ကျော် အတွင်း ပြည်တွင်းစစ်ပွဲများနှင့် နိုင်ငံရေးဆိုင်ရာ အရေးအခင်းများတွင် နိုင်ငံတကာအဆင့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့။ ကျူးလွန်ဆဲဖြစ်သော မြန်မာစစ်တပ်သည် နယ်မြေရှင်းလင်းရေး ခေါင်းစဉ်ဖြင့် ကျူးလွန်သူများအပြင် ရိုဟင်ဂျာ ပြည်သူများကိုပါ ဦးတည်ချက် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ တရားဝင်ထုတ်ပြန်သော သေဆုံးမှုကိန်းဂဏန်းများမှာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၄ ဦး၊ အရာရှိ ၁ ဦးနှင့် အစိုးရမှ စစ်သွေးကြွဟု သတ်မှတ်သူ ၃၇၁ ဦးသာဖြစ်သည်။[62]

အဆိုပါ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးအတွင်း မြန်မာစစ်တပ်သည် ရိုဟင်ဂျာလူမျိုးစုများအပေါ် ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးသည် အစိုးရမှ ပြီးစီးခဲ့ပြီဟု ကြေညာခဲ့သော ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ထက် ပိုမို၍ နှစ်လနှင့်အထက် ကြာမြင့်ခဲ့သည်။ ၎င်းစစ်ဆင်ရေးအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်မှ တစ်စိတ်တစ်ပိုင်းနှင့် လုံးဝဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ စစ်ဆင်ရေးကာလ၏ ပထမသုံးပတ်အတွင်း အပြင်းထန်ဆုံး ဖြစ်ပွားခဲ့ပြီး ဖော်ပြပါ ဖျက်ဆီးမှုများ၏ ၈၀ ရာခိုင်နှုန်းခန့်ကို ထိုအချိန်တွင် ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ရလဒ်အရ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ရိုဟင်ဂျာလူမျိုး ၇၂၅,၀၀၀ ကျော်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ပြေးဝင်ခိုလှုံခဲ့ရသည်။[63] ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးကြောင့် ရိုဟင်ဂျာလူမျိုး ဒုက္ခသည် ခြောက်သိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ရခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရားဝင် အသိအမှတ်ပြုခံထားရသည့် ရိုဟင်ဂျာလူမျိုး ဒုက္ခသည်အရေအတွက်မှာ ရှစ်သိန်းကျော်ခန့်အထိ မြင့်တတ်သွားခဲ့သည်။ ဒုက္ခသည်အဖြစ် အမည်စာရင်းပေးသွင်းထားခြင်း မရှိသည့်သူများကိုပါ ထည့်တွက်မည်ဆိုပါက တစ်သန်းနီးပါးရှိကြောင်း[64] သိရှိရသည်။

ဒုက္ခသည်အဖြစ်ရောက်ရှိလာသော ရိုဟင်လူမျိုးများ၏ ထုတ်ဖော်ပြောကြားချက်များအရ လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုနှင့် မုဒိမ်းကျင့်မှုများ ကျယ်ပြန့်စွာ ကျူးလွန်ခြင်း၊ ရာနှင့်ချီသော ရိုဟင်ဂျာရွာများ တစ်စိတ်တစ်ပိုင်းနှင့် ရွာလုံးပြုတ် ဖျက်ဆီးခံရခြင်း၊ သတ်ဖြတ်ခြင်း၊ တရားမဝင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နှိပ်စက်ညှဉ်းပန်းမှုများ ကြီးမားကျယ်ပြန့်စွာ ကျူးလွန်ခြင်း၊ သေနှုန်းထောင်နှင့်ချီ၍ရှိကြောင်း ခန့်မှန်းနိုင်ခြင်း၊ ထွက်ပြေးသူများကို ပစ်ခတ်ခြင်း၊ မွေးကင်းစ ကလေးသူငယ်များကို

59 ကြေးမုံသတင်းစာ (၂၆ သြဂုတ်လ ၂၀၁၇)။ စာ - ၈။

60 - ။ (၂၀၁၇)။ မြန်မာနိုင်ငံမှ ရိုဟင်ဂျာ ပြဿနာသည် အန္တရာယ်ရှိသော နောက်ထပ်အဆင့်တစ်ခုသို့ ချဉ်းနင်းဝင်ရောက်။ International Crisis Group. Asia Report N. 292. စာ - ၉။

61 ကြေးမုံသတင်းစာ (၂၆ သြဂုတ်လ ၂၀၁၇)။ စာ - ၁ နှင့် ၈။

62 - ။ (၂၀၁၇)။ မြန်မာနိုင်ငံမှ ရိုဟင်ဂျာ ပြဿနာသည် အန္တရာယ်ရှိသော နောက်ထပ်အဆင့်တစ်ခုသို့ ချဉ်းနင်းဝင်ရောက်။ International Crisis Group. Asia Report N. 292. စာ - ၉။

63 - . (2018). Report of the detail findings of the Independent International Fact-Finding Mission on Myanmar. P – 178.

64 - ။ (၂၀၁၈)။ မြန်မာ _ ရိုဟင်ဂျာ လူမျိုးများအတွက် လူ့အခွင့်အရေး။ Burma Campaign UK ။ စာ - ၄။

အရှင်လတ်လတ် မီးရှို့ သတ်ဖြတ်ခြင်းများကို ကြုံတွေ့ခဲ့ရခြင်းများရှိကြောင်း သိရှိခဲ့ရသည်။[65] အဆိုပါအခြေအနေတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ရောက်ရှိနေသော ရိုဟင်ဂျာ ဒုက္ခသည်များကို ပြန်လည် လက်ခံရန်အတွက် မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့အကြား စာချုပ်စာတမ်းတစ်ခုအား ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ နေပြည်တော်တွင် လက်မှတ်ရေးထိုးခဲ့သည်။[66] မြန်မာအစိုးရဘက်မှ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေမှ လက်မှတ်ရေးထိုးခဲ့သည်။ ထိုသို့ ပြန်လည်လက်ခံမှု အစီအစဉ်များသည်လည်း ယနေ့တိုင်အောင် အကောင်အထည် ဖော်နိုင်သေးခြင်း မရှိသေးပေ။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ သတင်းဌာနများမှ ရခိုင်ပြည်နယ်၏ စိုးရိမ်ဖွယ်ကောင်းသော အခြေအနေများနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်များ ပြုလုပ်ခဲ့ကြသည်။ ရခိုင်ပြည်နယ်အတွင်း မြန်မာစစ်တပ်နှင့် အစိုးရတို့၏ လုပ်ဆောင်ချက်များသည် ရိုဟင်ဂျာ အရပ်သားများအပေါ် ဦးတည်ပစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေမှုများကြောင့် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်နေသည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့သည်။ ထိုသို့သော အခြေအနေတွင် ဗမာပြည်အတွင်း (အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း) အခြေအနေများနှင့် ပတ်သက်၍ ပိုမိုပြည့်ပြည့်စုံစုံ သိရှိနိုင်ရန်အတွက် စုံစမ်းမှုများ အချက်အလက် စုဆောင်းမှုများကို ပြုလုပ်ခဲ့ကြသည်။

အချက်အလက် ရှာဖွေရေးလုပ်ငန်းစဉ်အဖြစ် ၂၀၁၇ ခုနှစ်အတွင်း ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (The International Independent Fact-Finding Mission – FFM) ကို ဖွဲ့စည်းခဲ့သည်။ FFM ၂၀၁၁ ခုနှစ်နောက်ပိုင်း ဗမာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည်ဆိုသော စွပ်စွဲမှုများအတွက် အချက်အလက်များ စုဆောင်းခဲ့သည်။ အထူးသဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဗမာအစိုးရ၏ လုံခြုံရေးတပ်ဖွဲ့များနှင့် တခြားတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများ ပြုလုပ်ခဲ့ပြီး အစီရင်ခံစာများ ထုတ်ပြန်ခဲ့သည်။ FFM သက်တမ်းသည် ၂၀၁၉ ခုနှစ်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီး၊ ၎င်းတို့မှ စုဆောင်းထားသော အချက်အလက်များကို မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး ယန္တရား (The Independent Investigative Mechanism for Myanmar – IIMM) သို့ လွှဲပြောင်းပေးခဲ့သည်။[67] IIMM ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်း စတင်လည်ပတ်ခဲ့သည်။ IIMM သည် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ သက်သေအထောက်အထားများ စုဆောင်းခြင်း၊ ကျူးလွန်မှုများကို တရားစွဲရန် ပြင်ဆင်ခြင်းနှင့် အနာဂတ်တွင် ထိုရာဇဝတ်မှုများအပေါ် တရားစီရင်မည့် (သို့) စီရင်ပိုင်ခွင့်ရှိမည့် ပြည်တွင်း၊ ဒေသတွင်း (သို့) အပြည်ပြည်ဆိုင်ရာတရားရုံးများ (သို့) ခုံရုံးများ၏ လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။[68]

တရားရေးဆိုင်ရာ လုပ်ငန်းစဉ်များအဖြစ် ရိုဟင်ဂျာလူမျိုးစုများအပေါ်တွင် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးများကို ပိတ်ပင်ကန့်သတ်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အင်အားသုံး အစဖျောက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် လုယက်ခြင်း အပါအဝင် အဓမ္မ နေရပ်စွန့်ခွာစေမှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို နိုင်ငံတကာ ရာဇဝတ်တရားရုံး (The International Criminal Court – ICC) အနေဖြင့် စတင်လုပ်ဆောင်နေပြီ ဖြစ်သည်။[69] ထို့အပြင် အပြည်ပြည်ဆိုင်ရာတရားရုံး (The International Court of Justice – ICJ)

65 ၎င်း

66 အဆိုပါ စာချုပ်စာတမ်းအား အောက်ပါ link တွင် download ရယူနိုင်ပါသည်။ https://www.theindependentbd.com/assets/images/banner/linked_file/20171125094240.pdf

67 International Accountability Mechanism for Myanmar Series (FFM). Asia Justice and Rights.

68 International Accountability Mechanism for Myanmar Series (IIMM). Asia Justice and Rights.

69 International Accountability Mechanism for Myanmar Series (ICC). Asia Justice and Rights

တွင်လည်း ဗမာနိုင်ငံသည် လူမျိုးပြုတ်သတ်ဖြတ်မှု ပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ ကွန်ဗန်းရှင်း (**Convention on the Prevention and Punishment of the Crime of Genocide**) ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ဖြင့် တရားစွဲဆိုခြင်း ခံထားရပြီး တရားရုံးကြားနာမှုများကို ဆောင်ရွက်နေပြီ ဖြစ်သည်။[70] နောက်ထပ် တရားစီရင်ရေး ယန္တရားတစ်ခုအနေဖြင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction – UJ) အရ ရိုဟင်ဂျာပြည်သူများအပေါ် လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုန်းသတ်ဖြတ်မှုကို ဗမာနိုင်ငံက ကျူးလွန်ခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံ၌ လူ့အခွင့်အရေးအဖွဲ့များက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တင်သွင်းလျှောက်ထားခဲ့သည်။ ထိုလျှောက်ထားမှုကို လက်ခံ ဆောင်ရွက်မည်ဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်ရာဇဝတ်မှုဆိုင်ရာ တရားရုံးက ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။[71]

အထက်တွင်ဖော်ပြခဲ့သည့် အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှု ယန္တရားများတွင် ဗမာအစိုးရသည် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် အမှုရင်ဆိုင်ခဲ့ခြင်းမှလွဲ၍ ကျန်သော ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့အပြင် နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင်လည်း မြန်မာအစိုးရ၏ ကိုယ်စားလှယ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်မှ သွားရောက်ရင်ဆိုင်ခဲ့ပြီး 'ကနဦးကန့်ကွက်ချက်များ' ကို တင်သွင်းကာ အမှုကို ပလပ်ရန် တရားသူကြီးများကို တောင်းဆိုခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီအထိ မြန်မာစစ်တပ်နှင့် အစိုးရတို့သည် ရိုဟင်ဂျာ လူမျိုးများအပေါ် ကျူးလွန်သည့် လူမျိုးတုန်းသတ်ဖြတ်မှုအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ၌ ဘက်တစ်ဘက်တည်း၌ ရပ်တည်ခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင် နိုင်ငံတကာမှ ရှုံ့ချကန့်ကွက်မှုများကိုလည်းကောင်း၊ ကျူးလွန်မှုများတွင် ပါဝင်ခဲ့သော မြန်မာစစ်တပ်မှ အရာရှိကြီးများအား ပိတ်ဆို့အရေးယူမှုများကိုလည်းကောင်း ပြန်လည်ငြင်းဆန်ကန့်ကွက်မှုများကို ပြုလုပ်ခဲ့ကြသည်။ ထင်ရှားသော အချက်တစ်ခုအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှ အမေရိကန်အစိုးရအနေဖြင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် စစ်ဘက်ခေါင်းဆောင် ၄ ဦးအား ပိတ်ဆို့အရေးယူမှုသည် ဗမာနိုင်ငံ၏ ပကတိအခြေအနေကို နားမလည်၍ဖြစ်ကြောင်း ပြောကြားခဲ့သည်။[72] ထို့အတူ အာဂျင်တီးနားနိုင်ငံတွင် တရားစွဲဆိုမှုနှင့် ပတ်သက်၍လည်း 'ဒီတရားစွဲဆိုမှုဟာ ခိုင်လုံမှုမရှိတဲ့ အကြောင်းအရာတွေပေါ်မှာ မူတည်ပြီး တရားဆွဲဆိုတာ ဖြစ်ပြီး၊ ဗမာနိုင်ငံက ထွက်သွားတဲ့ ဘင်္ဂါလီတွေကို တိုင်းရင်းသားအဖြစ် လက်ခံအသိအမှတ်ပြုဖို့ တွန်းအားပေးနေတာဖြစ်တယ်' လို့ မီဒီယာများကို ၎င်းမှ ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။[73]

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရလက်ထက်တွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဖြစ်သူ ဒေါက်တာ ဝင်းမြတ်အေးသည်လည်း ရိုဟင်ဂျာလူမျိုးစုများ၏ တည်ရှိမှုကို အသိအမှတ် မပြုဘဲ ဤဖြစ်စဉ်များသည် အကြမ်းဖက်သမားများကြောင့် မီးရှို့မှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း BBC နှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ဖြေကြားခဲ့သည်။[74] ထို့အပြင် အယ်လ်ဂျားဇီယား သတင်းဌာနနှင့် ပြုလုပ်ထားသော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင်လည်း ရိုဟင်ဂျာလူမျိုးစုသည် လူမျိုးစုရှင်းလင်းရေး (ethnic cleasing) ဟူသော စွပ်စွဲချက်ပြုလုပ်နိုင်စေရန် အကွက်ဆင်သည့်အနေဖြင့် အလုံးအရင်းဖြင့် ထွက်ခွာသွားခြင်း

70 International Accountability Mechanism for Myanmar Series (ICJ). Asia Justice and Rights

71 International Accountability Mechanism for Myanmar Series (UJ). Asia Justice and Rights

72 မြန်မာ့အခြေအနေကို အမေရိကန် နားမလည်၍ တပ်ချုပ်အပါအဝင် စစ်ဘက်ခေါင်းဆောင် ၄ ဦးကို ပိတ်ဆို့အရေးယူဟု NLD ပြော။ https://www.facebook.com/khitthitnews/posts/pfbid05D2vUhSrKsY2VhXXMq4eRf16uLyafASmv3N3GwuiqEu33KSY2eDAbEuALzEynQxjl

73 ရိုဟင်ဂျာအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်နှင့် ကာချုပ်ကို အာဂျင်တီးနားတရားရုံးတွင် အမှုဖွင့်။ https://burmese.dvb.no/archives/356642

74 BBC interview with Dr Win Myat Aye 20/9/2017. https://www.youtube.com/watch?v=3o5eibSzTfY

ဖြစ်နိုင်ချေရှိကြောင်း ပြောကြားခဲ့သည်။[75] ထိုတွေ့ဆုံမေးမြန်းမှုများတွင် ရိုဟင်ဂျာများကို မွတ်ဆလင်များအဖြစ်သာ ရည်ညွှန်းခဲ့သည်။




**ပုံ (၄၉) ။ ဒေါက်တာဝင်းမြတ်အေးနှင့် အယ်လ်ဂျားဇီးယားရုပ်သံဌာန ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု။**

ရိုဟင်ဂျာလူမျိုးစုများသည် ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများနှင့် မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများကြောင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေး ခိုလှုံခဲ့ရခြင်းဖြစ်သည်။ အဆိုပါအခြေအနေတွင် ဒေါက်တာဝင်းမြတ်အေး ကဲ့သို့ပင် ရိုဟင်ဂျာလူမျိုးစုများမှ မိမိတို့၏ အိုးအိမ်များကို မီးရှို့၍ ထွက်ပြေးသွားကြခြင်းဖြစ်သည်ဟူသော အမြင်မျိုးကို ဆက်လက်ကိုင်စွဲထားပြီး ပြည်သူများအကြား ရိုဟင်ဂျာ မုန်းတီးဆန့်ကျင်ရေး ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်သူတစ်ဦးမှာ မြန်မာစစ်တပ်မှ အရာရှိဟောင်းတစ်ဦးဖြစ်သူ ဇော်ဌေး (မှူးဇော်) ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရလက်ထက်တွင် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူအဖြစ်လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ထို့အပြင် မှူးဇော်ဟူသော ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားခြင်းများကို လုပ်ဆောင်ခဲ့ပြီး ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူတစ်ဦးဖြစ်သည်။ ၎င်းအသုံးပြုသော Hmuu Zaw အမည်ဖြင့် facebook account နှင့် Zaw Htay အမည်ဖြင့် အသုံးပြုသော Twitter account များတွင် ရိုဟင်ဂျာလူမျိုးများအပေါ် အချက်အလက်အမှားများဖြင့် ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

ဇော်ဌေး(မှူးဇော်)သည် ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများမှ မိမိတို့အိမ်ကို မီးရှို့နေပုံဟူ၍ လုပ်ကြံဖန်တီးထားသော သတင်းဓာတ်ပုံများကို တင်ပြခြင်း (ပုံ ၅၀)၊ ရခိုင်ပြည်နယ်အတွင်းသို့ ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေး အဖွဲ့ဝင်များ အမည်ခံ ရိုဟင်ဂျာ အကြမ်းဖက်သမားများမှ လက်နက်များဖြင့် နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာ ဟူသော သတင်းမှား ဖြန့်ချိခြင်းများကို (ပုံ ၅၃) လုပ်ဆောင်ခဲ့သည်။ ထို့အပြင်ဖြင့် ရိုဟင်ဂျာ အမျိုးသမီးများအပေါ် မြန်မာစစ်တပ်မှ မုဒိမ်းပြုကျင့်ခဲ့မှုများနှင့် ပတ်သက်၍လည်း Fake Rape ဟူသော post ဖြင့် ကာကွယ်ငြင်းဆန်မှုများမှာလည်း ထင်ရှားသော အချက်ဖြစ်သည် (ပုံ ၅၁ နှင့် ၅၂)။ အဆိုပါ Fake Rape ဟူသော ဖော်ပြချက်များကို နိုင်ငံတော် အတိုင်ပင်ခံရုံး facebook page တွင်လည်း ဖော်ပြခဲ့သည်ကို တွေ့ရသည်။




**ပုံ (၅၀)။ ဇော်ဌေး (မှူးဇော်)၏ ရိုဟင်ဂျာလူမျိုးများမှ မိမိတို့အိမ်ကို မီးရှို့ပြီး ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သတင်းအတုနှင့် ဝါဒဖြန့်မှု။**

75 Myanmar minister: Rohingya people may have planned the exodus. https://archive.dhakatribune.com/world/south-asia/2017/10/15/myanmar-minister-rohingya-people-may-planned-exodus







ပုံ (၅၁ နှင့် ၅၂)။ ရိုဟင်ဂျာ အမျိုးသမီးများအပေါ် မြန်မာစစ်တပ်မှ မုဒိမ်းပြုကျင့်ခဲ့မှုများနှင့် ပတ်သက်၍လည်း Fake Rape ဟူသော post ဖြင့် ကာကွယ်ငြင်းဆန်မှုများကို ပြုလုပ်ပေးခဲ့သည်။

**Hmuu Zaw** · 5,946 subscribers
Friday at 21:16

Subscribe

(ပုဂ္ဂလိကအမြင် တင်ပြခြင်းသာ ဖြစ်ပါသည်)

ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ဝင်များအမည်ခံ ရိုဟင်ဂျာ အကြမ်းဖက်သမားများ လက်နက်များဖြင့် နယ်စပ်ကို ဖြတ်ကျော်လာကြောင်း သိရှိရပါသည်။
ပြည်ပမှ ရိုဟင်ဂျာများ ဝင်လာခြင်း ဖြစ်ပါသည်။ မီဒီယာများမှ ကြိုတင်သတင်း ရရှိထားပြီး ဖြစ်သောကြောင့် အပြီးတိုင် ချေမှုန်းသွားမည် ဖြစ်ပါသည်။ ချေမှုန်းနေပြီဟု ယူဆပါသည်။

ဤအတွက်တော့ လူသားချင်းစာနာထောက်ထားမှုတွေ၊ လူ့အခွင့်အရေးတွေ လာမပြောစေလိုပါ။ ရွှေပြည်အေးတရားတွေ၊ မေတ္တာရှင်ကြီးလိုလို လာပြီး ဆရာကြီး မလုပ်ကြစေလိုပါ။ အသံကောင်း မဟစ်ကြစေလိုပါ။

(ရခိုင်ပြည်နယ်က ဘူးသီးတောင်၊ မောင်တော ဒေသများကို သွားကြည့်ပါ။
ကျွန်တော်တို့တိုင်းရင်းသားတွေ ကျီးလန့်စာ စားနေရတဲ့အပြင် ကိုယ့်မြေ ကိုယ့်ရေမှာ လုံခြုံမှု မရှိတော့တဲ့ ဘဝရောက်နေကြရပြီ။ ဒီအတွက် ကျွန်တော် ရင်နာမိတယ်။ ဒါ ကျွန်တော်တို့ တိုင်းပြည်ကြီးလေ - ဒါ ကျွန်တော်တို့ မြေလေ။)

(အားလုံးကို ဆိုလိုပါသည်။) နိုင်ငံရေး ပါတီများ၊ လွှတ်တော်အမတ်များ၊ Civil Society များ၊ အမြဲတမ်း အတိုက်အခံလုပ်နေရမှ ကျေနပ်နိုင်သော၊ သမ္မတကြီးနှင့် အစိုးရအပေါ် မကောင်းပြောရမှ စားရင်းအိပ်ပျော်ကြသူများ အားလုံးကို
တိုက်ရိုက်ရည်ညွှန်း ပြောကြားခြင်း ဖြစ်ပါသည်၊

Like · Comment · Share 570

Oo Tay, Win Thaw Nyein, Zaw Myo Lwin and 1,080 others like this.

View previous comments 50 of 211

**Chan Thar** Fight
Yesterday at 02:48 via Mobile · Like

**Kyaw Zayar Thein** I support to your comment. We have to protect our country.
Yesterday at 03:13 · Like

**Kyaw Zaw Win** mhan pa tal bya
Yesterday at 03:18 · Like

**M Zar NI** Totally agreed with you Mr Mhu Zaw
Yesterday at 03:30 via Mobile · Like


**Ko Maung Maung** ဒီတစ်ကြိမ်မှာအပြီးတိုင်ချေမှုန်းရမှာပါ။မြန်မာပြည်ဖွာ
းမွတ်ဆလင်အများစုဟာမြန်မာ့လေ့ထုံးတမ်းစဉ်လာတွေကိုလေးစ
ားတတ်၊သိတတ်သူတွေများပါတယ်။ဘင်္ဂလားနိုးဝင်မျိုးတွေကဘဲအိမ်ရှင်တွေခေါင်းပေါ်တက်ထိုင်
ချင်နေတာပါ။လက်ဖက်ရည်ဆိုင်ထိုင်နေယင်း နမော့ဖ်ဖတ်ရဦးမယ်(သူတိ...
See more

ပုံ (၅၃)။ ရခိုင်ပြည်နယ်အတွင်းသို့ ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ဝင်များအမည်ခံ ရိုဟင်ဂျာ အကြမ်းဖက်သမားများမှ လက်နက်များဖြင့်နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာ ဟူသော သတင်းမှား ဖြန့်ချိခြင်း

ထိုကဲ့သို့ပင် ရိုဟင်ဂျာလူမျိုးစုများကို မြန်မာစစ်တပ်မှ သတ်ဖြတ်ခြင်းနှင့် ပတ်သက်၍ မြန်မာစစ်တပ်နှင့်အတူ ရပ်တည်ကြောင်း ထုတ်ဖော်ပြောဆိုချက်များကိုလည်းကောင်း၊ အရပ်သားများကို သတ်ဖြတ်ခြင်း မဟုတ်ဘဲ ယူနီဖောင်းဝတ်ဆင်ထားခြင်း မရှိသော အကြမ်းဖက်သမားများကိုသာ သတ်ခြင်းဖြစ်ကြောင်း စသည်ဖြင့် လူမျိုးတုန်း သတ်ဖြတ်မှုတွင် ပါဝင်ရပ်တည်ခြင်းနှင့် မြန်မာစစ်တပ်ကို ကာကွယ်၍ လူမျိုးတုန်းသတ်ဖြတ်မှုအပေါ် ငြင်းဆန်ခြင်းများကိုလည်း ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှာ လုပ်ဆောင်ခဲ့ကြသည်။ ဥပမာအားဖြင့် မော်ဒယ်လ်နှင့် သရုပ်ဆောင်တစ်ဦးဖြစ်သူ စံရတီမိုးမြင့်မှ ရခိုင်ကိစ္စတွင် မြန်မာစစ်တပ်နှင့် အတူရပ်တည်ကြောင်း ၎င်း၏ facebook account တွင် ဖော်ပြခဲ့သလို၊ ပန်ဆယ်လိုမှလည်း ၎င်း၏ facebook account တွင် ယူနီဖောင်းဝတ်ဆင်ထားခြင်း မရှိသော အကြမ်းဖက်သမားများကိုသာ သတ်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ **(ပန်ဆယ်လိုမှ ရိုဟင်ဂျာ လူမျိုးစုများအပေါ် ပြန်လည်တောင်းပန်ထားခဲ့သော post တခုကို တင်ခဲ့သည်။)**




**ပုံ (၅၄)။ ရခိုင်ကိစ္စတွင် တပ်မတော် (မြန်မာစစ်တပ်) ဘက်မှာပဲရှိမည်ဟု ဖော်ပြထားသော စံရတီမိုးမြင့်၏ facebook post ။**




**ပုံ (၅၅)။ ယူနီဖောင်းဝတ်ဆင်ထားခြင်း မရှိသော အကြမ်းဖက်သမားများကိုသာ သတ်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည့် ပန်ဆယ်လို၏ facebook post ။**

ရိုဟင်ဂျာလူမျိုးစုများ လူမျိုးတုန်း သတ်ဖြတ်ခံရမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ငြင်းဆန်မှုများ၏ အမြင့်ဆုံးဒီရေသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း၌ ရောက်ရှိခဲ့သည်ကို တွေ့ရှိရသည်။ ဗမာနိုင်ငံမှ လက်မှတ်ရေးထိုး အတည်ပြုထားသော လူမျိုးပြုတ်သတ်ဖြတ်မှု ပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ ကွန်ဗန်းရှင်း **(Convention on the Prevention and Punishment of the Crime of Genocide)** ချိုးဖောက်သည် ဟူသော စွပ်စွဲချက်ဖြင့် စာချုပ်အဖွဲ့နိုင်ငံတစ်ခုဖြစ်သော ဂမ်ဘီယာနိုင်ငံမှ အပြည်ပြည် ဆိုင်ရာတရားရုံး (ICJ) တွင် အမှုဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါအမှုကို ရင်ဆိုင်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်ဆောင်ဆန်းစုကြည်ကိုယ်တိုင် ဦးစီးဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကြေညာခဲ့သည်။ ထိုတရားရုံးသို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သွားရောက် ဖြေရှင်းမည်ဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ တရားစွဲဆိုထားသော ကိစ္စသည် နိုင်ငံရေးနှင့် နိုင်ငံ့အကျိုးစီးပွားဖြစ်၍ 'အရေးကြီးပြီ သွေးစည်းကြစို့' ဟူ၍ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။[76]




**ပုံ (၅၆)။ Myanmar State Counsellor Office facebook page cover photo။**

အဆိုပါ ၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် သွားရောက် အမှုရင်ဆိုင်မည့် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြောင်း ဗမာပြည်အနှံ့အပြားရှိ မြို့များပေါ်တွင် လူထုစည်းရုံးပွဲများကို ကျင်းပခဲ့ကြသည်။ လူမှုမီဒီယာ (အထူးသဖြင့် facebook) ၌လည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြောင်း စာသားများနှင့် ဓာတ်ပုံများ တင်ခြင်း၊ profile များ တင်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဆောင်ပုဒ်အနေဖြင့် “We Stand With Daw Aung San Su Kyi” “We Stand With Our Leader” “အမေစုနှင့်အတူ” တို့ကို သုံးစွဲခဲ့ကြသည်။



**ပုံ (၅၇)။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် အမှုသွားရောက်ရင်ဆိုင်မည့် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးနေသော ပြည်သူများ**

76 ICJ ကိစ္စ 'အရေးကြီးပြီ သွေးစည်းကြစို့' ဟု နိုင်ငံခြားရေး ဝန်ကြီးဌာန ထုတ်ပြန်။ https://www.bnionline.net/mm/news-69455



ပုံ (၅၈)။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် အမှုသွားရောက်ရင်ဆိုင်မည့် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးရန် ရန်ကုန်မြို့ရှိ အများပြည်သူ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းများပေါ်တွင် လွှင့်ဆော်မှုများ




ပုံ (၅၉)။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် အမှုသွားရောက်ရင်ဆိုင်မည့် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးကြောင်း ဆိုင်းဘုတ်များ

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် ထိုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သွားရောက် အမှုရင်ဆိုင်မှုနှင့် ပတ်သက်၍ ထောက်ခံမှုများ၊ ရပ်တည်မှုများကို လုပ်ဆောင်ခဲ့ကြသူများသည် တိုင်းပြည်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် သွားရောက်မှုအပေါ်တွင် ဝိုင်းရန်ထောက်ခံအားပေးခြင်း ဖြစ်ကြောင်း ဖော်ပြမှုများ ရှိခဲ့ကြသည်။ ထိုအချိန်က လူမျိုးတုန်းသတ်ဖြတ်မှုကို ငြင်းဆန်ခြင်းနှင့် ပတ်သက်၍ ဖော်ပြကြသည့် အကြောင်းအရင်းတစ်ခုမှာ မြန်မာစစ်တပ်ကို တရားစွဲဆိုခြင်း မဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာ တရားရုံးမှ မြန်မာတစ်နိုင်ငံလုံးကို တရားစွဲဆိုခြင်း ဖြစ်သောကြောင့် သွားရောက်ဖြေရှင်းပေးမည့် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးခြင်း ဖြစ်သည်ဟုလည်း အကြောင်းပြချက်များ ပေးခဲ့ကြသည်ကိုလည်း တွေ့ရှိရသည်။

ရိုဟင်ဂျာလူမျိုးစုများအပေါ် လူမျိုးတုန်း သတ်ဖြတ်မှုဖြစ်စဉ်သည် ဗမာပြည်သမိုင်းတွင် အလွန်ထင်ရှားသော သမိုင်းဖြစ်ရပ်ဆိုးတစ်ခုအဖြစ် တည်ရှိခဲ့သည်။ ရာစုနှစ်တစ်ဝက်ကျော်ကြာ ရိုဟင်ဂျာလူမျိုးစုများအပေါ် ဦးတည်ရည်ရွယ်သော ဖိနှိပ်မှုများ၊ ကန့်သတ်မှုများ ချမှတ်ခြင်း၊ လူမျိုးစု၏အမည်ကို ဖျောက်ဖျက်ပစ်ရန် စီမံ ဆောင်ရွက်ခြင်း၊ ဥပဒေများ ပြဋ္ဌာန်း၍ ကန့်သတ်ပိတ်ပင်ခြင်း၊ သတ်ဖြတ်



**ပုံ (၆၀)။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် အမှုသွားရောက်ရင်ဆိုင်နေစဉ် နယ်သာလန်နိုင်ငံ၊ သဟိဒ်မြို့အထိ ဒေါ်အောင်ဆန်းစုကြည်ကို သွားရောက် ထောက်ခံအားပေးခဲ့ကြသည်။**

ခြင်း၊ နေထိုင်စရာ ရပ်ရွာ အဆောက်အဦ၊ အိုးအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် မောင်းနှင်ထုတ်ခြင်း ကဲ့သို့သော အလွန်ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လူမျိုးတုန်းသတ်ဖြတ်မှုပြစ်မှုကို ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်များကို ကျူးလွန်ခဲ့ခြင်း မရှိသယောင် သတင်းအမှားများ လိမ်ညာဖုံးကွယ်မှုများကိုလည်းကောင်း၊ ကျူးလွန်ခံခဲ့ရသည့် ရိုဟင်ဂျာလူမျိုးစုများအား လူမျိုးစုအလိုက် ခိုးဝင်လာသူများ၊ အကြမ်းဖက်သမားများ အဖြစ်လည်းကောင်း ပြည်သူများ နားလည်မှုလွဲမှားစေရန်နှင့် မုန်းတီးမှုများ ဖြစ်ပေါ်စေရန် ဝါဒဖြန့်ချိမှုများကို မြန်မာစစ်တပ်နှင့် အစိုးရအဆက်ဆက်တို့မှ ဆောင်ရွက်ခဲ့ကြပြီး ၎င်းတို့၏သတင်းစကားကို ပျံ့နှံ့စေရန် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှလည်း အတူရပ်တည် ပံ့ပိုးပေးခဲ့ကြသည်။ ဤလေ့လာမှုတွင် အမုန်းတရားများ ပိုမိုပျံ့ပွားစေရန် အားထုတ်ခဲ့သော မြန်မာစစ်တပ် အသိုင်းအဝိုင်း၊ သက်ဆိုင်ရာ ဘာသာရေးအသိုင်းအဝိုင်းမှ တာဝန်ရှိသူများ (ဗုဒ္ဓဘာသာတစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်)နှင့် အမျိုးသားရေး အစွန်းရောက်သမားများ၏ အခန်းကဏ္ဍကို သီးသန့်လေ့လာမှုများ ဆက်လက်ဆောင်ရွက်မည် ဖြစ်သောကြောင့် ထည့်သွင်းထားခြင်း မရှိပေ။

77 ကွန်ဗန်းရှင်း အစအဆုံးကို အောက်ပါ link တွင် download ရယူနိုင်ပါသည်။ https://myanmar.un.org/en/27777-myanmar-version-convention-prevention-and-punishment-crime-genocide

ဗမာပြည်သည် ကုလသမဂ္ဂတွင် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့သော လူမျိုးပြုတ် သတ်ဖြတ်မှု ပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ ကွန်ဗန်းရှင်း (**Convention on the Prevention and Punishment of the Crime of Genocide)**[77] ကို ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၃၀ရက်နေ့တွင် လက်မှတ်ထိုးခဲ့သည်။ ၁၉၅၆ ခုနှစ် မတ်လ ၄ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အဆိုပါ ကွန်ဗန်းရှင်းတွင် လူမျိုးတုန်း သတ်ဖြတ်မှုနှင့် ပတ်သက်သော အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အပိုဒ် (၂) တွင် တိတိကျကျ ဖွင့်ဆိုထားခဲ့သည်။ ပြစ်ဒဏ်ကျခံစေမှုအပိုင်းနှင့် ပတ်သက်၍ အပိုဒ် (၃)[78] နှင့် အပိုဒ် (၄)[79] များတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အထက်ပါအချက်များကို ဗမာပြည်၏ အခြေအနေနှင့် အဖြစ်အပျက်များနှင့် နှိုင်းယှဉ်သုံးသပ်မှုများ ပြုလုပ်ရန် လိုအပ်သည်။

■

78 လူမျိုးပြုတ် သတ်ဖြတ်မှု ပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ ကွန်ဗန်းရှင်း (**Convention on the Prevention and Punishment of the Crime of Genocide)** အပိုဒ် (၃)

(က) လူမျိုးပြုတ် သတ်ဖြတ်မှု (Genocide)

( ခ) လူမျိုးပြုတ် သတ်ဖြတ်မှု ကျူးလွန်ရန် လျှို့ဝှက်ပူးပေါင်း ကြံစည်ခြင်း

( ဂ) လူမျိုးပြုတ် သတ်ဖြတ်မှု ကျူးလွန်ရန် တိုက်ရိုက် လူသိရှင်ကြား သွေးထိုးလှုံ့ဆော်ခြင်း

(ဃ) လူမျိုးပြုတ် သတ်ဖြတ်မှု ကျူးလွန်ရန် ကြိုးစားခြင်း

( င) လူမျိုးပြုတ် သတ်ဖြတ်မှု ကျူးလွန်ရာတွင် အလိုတူ အလိုပါ ဖြစ်ခြင်း

79 လူမျိုးပြုတ် သတ်ဖြတ်မှုပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ ကွန်ဗန်းရှင်း (**Convention on the Prevention and Punishment of the Crime of Genocide)** အပိုဒ် (၄)

လူမျိုးပြုတ်သတ်ဖြတ်မှု (သို့မဟုတ်) အပိုဒ် ၃ တွင် ဖော်ပြထားသော အခြားလုပ်ရပ်တစ်ခုခုကို ကျူးလွန်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ရှိသော အုပ်ချုပ်သူများဖြစ်စေ၊ အစိုးရအရာရှိများဖြစ်စေ၊ လူပုဂ္ဂိုလ်များဖြစ်စေ ၎င်းတို့အား ပြစ်ဒဏ်ကျခံစေရပါမည်။

# (၅) တကယ်ပြောင်းလဲပြီလား

ဗမာပြည်နိုင်ငံရေးသမိုင်း၏ အလှည့်အပြောင်း တစ်ခုအနေနှင့် ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်တစ်ခုမှာ မြန်မာစစ်တပ်က နိုင်ငံတော်အာဏာကို သိမ်းယူရန် ကြိုးစားသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင် ပေါ်ပေါက်လာခဲ့သည်။ ပြည်တွင်းစစ်တွင်လည်း ကောင်း၊ လူမျိုးတုန်း သတ်ဖြတ်မှုတွင်လည်းကောင်း ဘက် တစ်ခုတည်းတွင် ရပ်တည်ကြသူများအကြား လက်နက် အင်အားနှင့် စီးပွားရေးအင်အားကို ပိုမိုထိန်းချုပ်ထား သော မြန်မာစစ်တပ်မှ ၂၀၀၈ အခြေခံဥပဒေဟူသည့် ဟန်ပြ ဒီမိုကရေစီဘောင်အတွင်း အာဏာသိမ်းယူရန် ကြိုးစားခဲ့သည်။ ထိုသို့ ဆောင်ရွက်မှုအပေါ် လက်သင့်မခံ တုံ့ပြန်ကြသော ပြည်သူများ၏ လူထုလှုပ်ရှားမှုများမှာ နွေဦးတော်လှန်ရေး ခေါင်းစဉ်အောက်တွင် ပုံသဏ္ဍာန် မျိုးစုံဖြင့် ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ ပြည်သူများ၏ ဆန့်ကျင်ကန့်ကွက်မှုများ ဖြစ်သည့် ငြိမ်းချမ်းစွာ ဆန္ဒ ဖော်ထုတ်မှုများအပေါ်တွင် မြန်မာစစ်တပ် ပစ်ခတ် သတ်ဖြတ်ခြင်း၊ အကြမ်းဖက် ဖြိုခွင်းခြင်းနှင့် ဖမ်းဆီး နှိပ်စက်ခြင်းများကို ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် ပြည်သူများမှ မြန်မာစစ်တပ်၏ သရုပ်မှန်ကို ပိုမိုသိမြင် လာခဲ့ကြသည်။ ထိုအခြေအနေနှင့်အတူ နှစ်ပေါင်း ၇၀

ဤလေ့လာမှုတွင် အဓိကနယ်ပယ် နှစ်ခုအဖြစ် ပြည်တွင်းစစ်နှင့် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ကဏ္ဍ များကို ရွေးချယ် လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ လေ့လာမှုကဏ္ဍ နှစ်ခုစလုံးတွင် မြန်မာစစ်တပ်နှင့် အစိုးရ တို့မှ ၎င်းတို့၏အင်အားနှင့် ဩဇာကို အားပြု၍ ဝါဒဖြန့်ချိ ရေးအတွက် မီဒီယာများ၊ လူမှုမီဒီယာများနှင့် ထင်ရှား ကျော်ကြား လွှမ်းမိုးနိုင်သူများမှတဆင့် ပြည်သူများကို သတင်းအချက်အလက် အမှားများနှင့် အမုန်းတရားများ ကို ဆက်လက်ဖြန့်ဝေခဲ့သည့် ပုံစံနှင့် သမိုင်းကြောင်းများ ကို စုစည်းတင်ပြခဲ့ပါသည်။ ဗမာပြည်၏ နှစ် ၇၀ ကျော် သမိုင်းတွင် ပြည်တွင်းစစ်နှင့် လူမျိုးတုန်း သတ်ဖြတ်မှုတို့နှင့် ပတ်သက်၍ အဓိက တာဝန်ရှိသူများမှာ မြန်မာစစ်တပ် နှင့် အစိုးရအဆက်ဆက် ဖြစ်သည်၊ သို့သော်လည်း ၎င်းတို့မှ မှန်ကန်သော ပြဿနာဖြေရှင်းသည့် နည်းလမ်း များဖြစ်သော အမှန်တရားကို ထုတ်ဖော် ဝန်ခံခြင်းနှင့် နိုင်ငံရေးအရ ဖြေရှင်မှုများကို ဆောင်ရွက်သည်ထက် ဆုပ်ကိုထားသော အာဏာနှင့် ဩဇာကို အသုံးပြု၍ တစ်ဖက်သတ်အမှန်တရားကို တည်ဆောက်နိုင်ရန် မီဒီယာလက်ဝါးကြီးအုပ်မှုကို တည်ဆောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ကျော် ပြည်တွင်းစစ်နှင့် လူမျိုးတုန်း သတ်ဖြတ်ခံရမှုနှင့် ပတ်သက်သော အမြင်များ ပိုမိုရှင်းလင်းလာခဲ့သည်ကို တွေ့ရှိရသည်။

## (၅၊ ၁) ပြည်တွင်းစစ်ကို ပိုမိုနားလည်ခြင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းအတွင်း ပြည်သူများသည် အားကောင်းသော လူထုသပိတ်များဖြင့် စစ်အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ခဲ့ကြသည်။ ဖမ်းဆီးခံရသော ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများ ပြန်လည်လွှတ်ပေးရေးနှင့် ရွေးကောက်ပွဲရလာဒ် အသိအမှတ်ပြုရေး စသော ကြွေးကြော်သံများကြားတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံ ဖျက်သိမ်းရေး စသည့် နိုင်ငံရေးအရ အရေးပါသော ကြွေးကြော်သံများကို အသုံးပြုလာခဲ့ကြသည်။ ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လမှစ၍ မြန်မာစစ်တပ်မှ ပြည်သူများအပေါ် ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွင်းမှုများ ပြုလုပ်လာခဲ့ပြီးသည့်နောက်တွင် လူငယ်များ၊ ကျောင်းသားများနှင့် ပြည်သူများသည် မြို့ပြများမှ စွန့်ခွာ၍ လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများတွင် စစ်ပညာသင်ယူနိုင်ရန် ထွက်ခွာမှုများ စတင်ဖြစ်ပေါ်လာခဲ့သည်။

ထိုအပြင် မြို့ပြများတွင် မြန်မာစစ်တပ်မှ ၎င်းတို့၏ အာဏာသိမ်းယူမှုအပေါ် ဆန့်ကျင်သူများအား ပိုက်စိပ်တိုက် ရှာဖွေ ဖမ်းဆီးခြင်း၊ ဖမ်းဆီးခံရစဉ် ပုံမှန်ကျန်းမာရေးအခြေအနေ ရှိသော်လည်း နောက်တစ်ရက်တွင် အလောင်းသာ ပြန်ပေးခြင်း (သို့) သေဆုံးသွားပြီဟု အကြောင်းကြားသည်အထိ ရက်စက်သည့်နည်းလမ်းများဖြင့် ညှဉ်းပမ်းနှိပ်စက်မှုများ ပြုလုပ်လာခဲ့ခြင်း၊ မြန်မာစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုဘဲ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သော ပြည်သူ့ဝန်ထမ်းများအား လိုက်လံ ဖမ်းဆီးမှုများ ပြုလုပ်ခြင်းတို့ကြောင့် နွေဦးတော်လှန်ရေးတွင် ပါဝင်သူ အများအပြားသည်လည်း လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများတွင် လာရောက်ခိုလှုံနေထိုင်ရမှုများ တိုးပွားများပြားလာခဲ့သည်။ ထိုသူများအတွင်း ကျောင်းသားများ၊ လူငယ်များ၊ တက်ကြွလှုပ်ရှားသူများ၊ CDM နိုင်ငံ့ဝန်ထမ်းများ၊ မြန်မာစစ်တပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ CDM လုပ်ဆောင်လာသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှ ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်အဟောင်းနှင့် အသစ်များ၊ မီဒီယာများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ပန်းချီဆရာများ အပါအဝင် အနုပညာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်၊ ဂီတနှင့် လူမှုမီဒီယာများမှ ထင်ရှားကျော်ကြား လွှမ်းမိုးသူများနှင့် ပြည်သူအများအပြားတို့ ပါဝင်ကြသည်။

လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများတွင် နေထိုင်ရခြင်းကြောင့် လူမျိုးစုများ၏ နှစ်ပေါင်းများစွာ ဖိနှိပ်မှုကို ခံစားခဲ့ရသည့် အခြေအနေများကို နားလည်သဘောပေါက်မှုများ တိုးလာသည်ကို တွေ့ဆုံမေးမြန်းမှုများအရ သိရှိခဲ့ရသည်။ ထို့အပြင် ပြည်သူများမှ မြန်မာစစ်တပ်ကို ခုခံတော်လှန်စစ် ဆင်နွှဲနေမှု စတင်ချိန်မှစ၍ မြန်မာလူမျိုးစုများ အများဆုံးနေထိုင်သည့် အညာဒေသများဖြစ်သော စစ်ကိုင်းနှင့် မကွေးဒေသများတွင် မြန်မာစစ်တပ်၏ ရက်စက်ဆိုးရွားသည့် လုပ်ရပ်များကို သိမြင်ရချိန်တွင် လူမျိုးစုများအပေါ် မြန်မာစစ်တပ်၏ နှစ်ပေါင်းများစွာ ဖိနှိပ်တိုက်ခိုက်မှုများကို နှိုင်းယှဉ်မှုများ ပြုလုပ်လာနိုင်ခဲ့ကြသည်။ ပြည်သူများ၏ ပုံစံမျိုးစုံဖြင့် ဆင်နွှဲခဲ့သော သပိတ်တိုက်ပွဲများတွင်လည်း ပြည်တွင်းစစ်နှင့် ပတ်သက်၍သော်လည်းကောင်း၊ တောင်တန်း ပြည်မ ပူးပေါင်း၍ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးအတွက်လည်းကောင်း ကြွေးကြော်သံများအဖြစ် ပေါ်ထွက်လာခဲ့သည်ကို ကောင်းမွန်သည့် တိုးတက်ပြောင်းလဲမှု အမြင်များအဖြစ် တွေ့ရှိရသည်။

တော်လှန်ရေးဦးဆောင်အဖွဲ့များအဖြစ် ခံယူနေကြသော အဖွဲ့အစည်းများကြားတွင်လည်း ပြည်တွင်းစစ်ကို ပိုမိုသိမြင်နားလည်လာမှု၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးနှင့် လူမျိုးစုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်များအပေါ် မည်မျှ နားလည် သဘောပေါက်ပြီး အတွေးအမြင် ပြောင်းလဲမှု မည်မျှရှိသည်ဆိုသည့် အချက်ကိုမူ ရှင်လင်းစွာ သိရှိနိုင်ရန် ဤလေ့လာမှုတွင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပေ။ လက်ငင်းအခြေအနေအရတွင်မူ တော်လှန်ရေး ဦးဆောင်အဖွဲ့အစည်းများအဖြစ် ရည်ညွှန်းခံရသည့် နွေဦးတော်လှန်ရေးတွင် အသစ်ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw)၊ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Gov-

ernment) နှင့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီတို့ (National Unity Consulative Counicil) နှင့် နှစ်ပေါင်းများစွာ သက်တမ်းရှိ လူမျိုးစု တော်လှန်ရေး အဖွဲ့အစည်းများကြား တွင် ခိုင်မာသည့် ဆွေးနွေးမှုများ၊ ကတိကဝတ်များ၊ ပူးပေါင်းဆောင်ရွက်မှုများ အပိုင်းတွင်မူ အားနည်းလျက်ရှိသည် ကို နွေဦးတော်လှန်ရေး နှစ်နှစ်နီးပါး အချိန်တွင် ထွက်ပေါ်ခဲ့သော ရလာဒ် များအရ သိသာလျက် ရှိသည်ကို တွေ့ရှိ ရသည်။ မြေပြင်သပိတ် ကော်မတီများ နှင့် ပြည်သူများ၏ ပြည်တွင်းစစ် အပေါ် သဘောပေါက် နားလည်မှု အခြေအနေများ တိုးမြင့်လာသော်လည်း နိုင်ငံရေးဦးဆောင် အစုအဖွဲ့များကြား သဘောပေါက် နားလည်မှု အခြေအနေ များနှင့် ပတ်သက်၍မူ သံသယရှိစရာ ကောင်းသည့် အခြေအနေတွင် ရှိနေ သည်ဟု သုံးသပ်မိပါသည်။ ထို့အပြင် အမှန်တကယ်နားလည်မှု တိုးမြင့်လာ သည့် ပြည်သူများအနေနှင့်လည်း အဆိုပါ ဦးဆောင်နေသူများကို ပြန်လည် ထိန်းကျောင်းရန် လိုအပ်သည်ဟု ရှုမြင် မိပါသည်။




ပုံ (၆၁)။ တောင်တန်းမြေပြန် အတူချီတက် ဖက်ဆစ်ဝါဒ အမြစ်ဖြုတ် ကြွေးကြော်သံဖြင့် တိုက်ပွဲဝင်နေသော သပိတ်လှုပ်ရှားမှု




ပုံ (၆၂)။ တောင်တန်းမြေပြန့် အတူချီတက် ဖက်ဆစ်ဝါဒ အမြစ်ဖြုတ် ကြွေးကြော်သံဖြင့် တိုက်ပွဲဝင်နေသော သပိတ်လှုပ်ရှားမှု

## (၅၊ ၂) လူမျိုးတုန်း သတ်ဖြတ်မှုကို ပိုမိုနားလည်ခြင်း

ဗမာပြည်၏ သမိုင်းကြောင်းတစ်လျှောက် အရှက်ရစရာအကောင်းဆုံး ဖြစ်ရပ်ဖြစ်သည့် လူမျိုးတုန်း သတ်ဖြတ်မှု ဖြစ်စဉ်နှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ အခြေအနေများကို အခန်း ၄ တွင် သုံးသပ်ဖော်ပြခဲ့ပါသည်။ လူမျိုးတုန်း သတ်ဖြတ်မှုဖြစ်စဉ်အတွင်း အဓိက ဦးတည်ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရသည့် ရိုဟင်ဂျာလူမျိုးစုများ၏ ဖြစ်တည်မှု ကို ဖျောက်ဖျက်ရန်နှင့် ၎င်းတို့အပေါ် အမုန်းတရား ပွားစေရန်အတွက် မြန်မာစစ်တပ်၊ အစိုးရနှင့် ထင်ရှား ကျော်ကြား လွှမ်းမိုးနိုင်သူများမှ နည်းလမ်းမျိုးစုံ၊ မီဒီယာ မျိုးစုံကို အသုံးပြု၍ သတင်းအချက်အလက်များကို ဖြန့်ချိခဲ့ကြသည်။ နွေဦးတော်လှန်ရေး စတင် ပေါ်ပေါက် လာခြင်းနှင့်အတူ ရိုဟင်ဂျာ လူမျိုးစုများနှင့် ပတ်သက် သော အမြင်များ ပြောင်းလဲလာသည်ကိုလည်း တွေ့ရှိရ သည်။

ရိုဟင်ဂျာလူမျိုးစုများသည်လည်း ဗမာပြည် သမိုင်း အစဉ်အဆက် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှု များတွင် ပါဝင်ခဲ့သူများ ဖြစ်သည်။ ၁၉၈၈ ခုနှစ် လူထု အရေးတော်ပုံအတွင်း၌လည်းကောင်း၊ ယခု နွေဦးတော်လှန်

ရေးတွင်လည်းကောင်း တခြားသော ဖိနှိပ်ခံလူမျိုးစုများ၊ လူထုလူတန်းစားများနှင့်အတူ ရပ်တည် တိုက်ပွဲဝင်ခဲ့ကြသည်ကိုလည်း တွေ့ရှိရသည်။ ပြည်တွင်း ဌာသာမက အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒုက္ခသည်များအဖြစ် ရောက်ရှိနေသူများသည်လည်း နည်းလမ်းမျိုးစုံဖြင့် ၎င်းတို့၏ စစ်အာဏာရှင်ဆန့်ကျင်ရေး အမြင်များကို ဖော်ထုတ်ခဲ့ကြသည်လည်း တွေ့ရှိရသည်။



**ပုံ (၆၃)။ ၁၉၈၈ ခုနှစ် လူထုအရေးတော်ပုံအတွင်း ရိုဟင်ဂျာလူမျိုးစုများ၏ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှု (စက်တင်ဘာလ ၁၀ ရက် ၁၉၈၈ခုနှစ် လုပ်သားပြည်သူ့နေစဉ် သတင်းစာ)**



**ပုံ (၆၄)။ ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေးအတွင်း ရိုဟင်ဂျာလူမျိုးစုများ၏ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှု**



**ပုံ (၆၅)။ မတရားပစ်သတ်ခံရသည့် မမြသွဲ့သွဲ့ခိုင်အတွက် ဝမ်းနည်းကြောင်းနှင့် တရားမျှတမှု ရရှိရန် ဆန္ဒဖော်ထုတ်နေကြသော ကော့စ်ဘားဇား ဒုက္ခသည်စခန်းမှ ရိုဟင်ဂျာ အမျိုးသမီးများ**

နွေဦးတော်လှန်ရေးကာလအတွင်း စစ်အာဏာရှင်ဆန့်ကျင်ရေးအတွက် ပြည်သူများမှ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ရာတွင် တချို့သော ပြည်သူများမှ ၎င်းတို့၏ သပိတ်တိုက်ပွဲများတွင် ရိုဟင်ဂျာ လူမျိုးစုများအား စာနာကြောင်း၊ လျစ်လျူရှုခဲ့မှုနှင့် နားလည်မှု လွဲခဲ့ရခြင်းများ ပိုတောင်းပန်ကြောင်းများကိုလည်း ထည့်သွင်းဖော်ပြခဲ့ကြသည်။ အထူးသဖြင့် တစ်နိုင်ငံလုံးမှ တခြားအမျိုးသမီးများနည်းတူ ရိုဟင်လူမျိုးစု အမျိုးသမီးများ၏ ဖိနှိပ်ခံရမှုများအတွက် ထပ်တူရပ်တည်ကြောင်း ကြွေးကြော်သံဆိုင်းဘုတ်များကိုလည်း အသုံးပြုပြီး ၎င်းတို့၏ အမြင်များကို ဖော်ထုတ်ခဲ့ကြသည်ကို တွေ့ရှိရသည်။




**ပုံ (၆၆)။ နွေဦးတော်လှန်ရေးအတွင်း ရိုဟင်ဂျာလူမျိုးစုများ၏ ဖိနှိပ်ခံရမှုများနှင့် ပတ်သက်၍ ပိုမိုနားလည်လာကြောင်း ဖော်ပြနေသည့် သပိတ်ကြွေးကြော်သံ**




**ပုံ (၆၇)။ နွေဦးတော်လှန်ရေးအတွင်း ရိုဟင်ဂျာလူမျိုးစုများအပါအဝင် အဖိနှိပ်ခံအားလုံးအား ဝန်ချတောင်းပန်ထားသည့် သပိတ်ကြွေးကြော်သံ**




ပုံ (၆၈)။ နွေဦးတော်လှန်ရေးအတွင်း ရိုဟင်ဂျာအမျိုးသမီးများနှင့် အတူရှိကြောင်း ဖော်ပြထားသည့် သပိတ်ကြွေးကြော်သံ





ပုံ (၆၉)။ နွေဦးတော်လှန်ရေးအတွင်း ရိုဟင်ဂျာအမျိုးသမီးများနှင့် အတူရှိကြောင်းဖော်ပြထားသည့် သပိတ်ကြွေးကြော်သံ

ရိုဟင်ဂျာလူမျိုးစုများ လူမျိုးတုန်း အသတ်ခံရမှု အခြေအနေများကို ဤနွေဦးတော်လှန်ရေးအတွင်း ပြည်သူလူထုများ၏ အမြင်များ ပြောင်းလဲလာမှုရှိကြောင်းကို လူထုဆန္ဒပြပွဲများနှင့် သပိတ်လှုပ်ရှားမှုများအရ သိရှိရသည်။ ထို့အပြင် လူမျိုးတုန်းသတ်ဖြတ်ခံရမှု အထိမ်းအမှတ်ရက်များတွင်လည်းကောင်း၊ ရိုဟင်ဂျာလူမျိုးစုများအပေါ် စာနာ နားလည် ထောက်ခံအားပေးကြောင်း အွန်လိုင်း လူထုလှုပ်ရှားမှုများတွင်လည်းကောင်း နွေဦးတော်လှန်ရေး ကာလအတွင်း ယခင်ကထက် ပြည်သူများ ပိုမို ပါဝင်လာခဲ့သည်ကို တွေ့ရှိရသည်။ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်းဆန္ဒအရ လူမှုမီဒီယာ (အထူးသဖြင့် facebook) တွင် တောင်းပန်သော post များ တင်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ထင်ရှားပြီး အရေးပါလှသည့် လှုပ်ရှားမှုတစ်ခုအနေဖြင့် ရိုဟင်ဂျာလူမျိုးစုများ၏ လူမျိုးတုန်းသတ်ဖြတ်ခံရမှုနှင့် ပုံစံမျိုးစုံဖြင့် ကျူးလွန်ခြင်းခံခဲ့ရသော လူအခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် ကျောင်းသားသမဂ္ဂများမှ ဝန်ချတောင်းပန်သည့် ကြေညာချက်များ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ဆေးတက္ကသိုလ် (၁) ကျောင်းသားသမဂ္ဂ၊ ဆေးတက္ကသိုလ်-၂ ရန်ကုန်ကျောင်းသားကော်မတီ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ-ရရတကသ၊ ဆေးတက္ကသိုလ်-မကွေး ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂဆဋ္ဌမအကြိမ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်ကျောင်းသားများသမဂ္ဂနှင့် သွားဆေးမိသားစုဝင်များ၊ သန်လျင်နည်းပညာ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ ဆေးတက္ကသိုလ်-၂ ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ (လှိုင်နယ်မြေ)၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) ကျောင်းသားများသမဂ္ဂ၊ ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ် (မန္တလေး) ကျောင်းသားများသမဂ္ဂ၊ ဆေးဝါးတက္ကသိုလ် ကျောင်းသားသမဂ္ဂများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းသားသမဂ္ဂ၊ မန္တလေးနည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂ ဒုတိယအကြိမ် ဗဟိုအလုပ်အမှုဆောင် ကော်မတီတို့မှ ကြေညာချက်များ ထုတ်ပြန်တောင်းပန်ခဲ့သည်ကို တွေ့ရသည်။

လူမျိုးတုန်းသတ်ဖြတ်မှုအတွင်း မြန်မာစစ်တပ်နှင့်အစိုးရတို့နှင့်အတူ ထပ်တူအမြင်များဖြင့် ရပ်တည်ခဲ့ကြသော ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများကြားတွင်လည်း အမြင်ပြောင်းလဲမှုများ ရှိလာသည်ကို တွေ့ရှိရခဲ့ရသည်။ မောင်မောင်အး၊ ပန်ဆယ်လို၊ ဒေါက်တာဖြိုးသီဟ၊ ပိုးဖြူသန့်တို့ကဲ့သို့သော ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှလည်း ၎င်းတို့၏ facebook account များတွင် ရိုဟင်ဂျာလူမျိုးစုများအပေါ် ၎င်းတို့ရပ်တည်ချက်များနှင့် ပတ်သက်၍ တောင်းပန်သည့် post များ တင်ခဲ့ကြသည်ကို တွေ့ရှိရသည်။






**ပုံ (၇၀)။ ပန်ဆယ်လို၏ ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ တောင်းပန်ထားသည့် Post**



**Mg Mg Aye**
31 Dec 2021 ·

“ အိမ်ပြန်ချင်တယ် ” ဆိုတဲ့စကားလုံးက အိမ်နဲ့ ၁၁ လလောက်ဝေးနေရလို့ စိတ်ထဲမှာ နင့်နင့်နဲနဲလွမ်းမိနေတော့မှ ကိုယ့်နိုင်ငံထဲမှာ ခေတ်အဆက်ဆက် စခတွေပေးတဲ့ စစ်ဘေးဆိုးတွေကြောင့် အိုးပစ်အိမ်ပစ်ခဲ့ရတဲ့ တိုင်းရင်းသားတွေ / ရိုဟင်ဂျာမိသားစုတွေ သိန်းပေါင်းများစွာ အိမ်ပြန်ခွင့်မရှိတော့တဲ့အဖြစ်တွေအတွက် ရှက်ရွံ့ အားနာ သိမ်ငယ်စွာနဲ့ သေချာကိုယ်ချင်းစာတတ်လာခဲ့ရတယ်... ရန်ကုန်မြို့ကွက်ကွက်လေးမှာပဲ ရှင်သန်ကြီးပြင်းလာရရင်း online ကတွေ့တာ ကြားတာလောက်လေးနဲ့ ARSA တွေအများကြီး ငါတို့နိုင်ငံသားတွေကို ဒုက္ခပေးနေပါတယ်ဆိုတဲ့သတင်းတွေမှာ ဒေါသတွေထွက် ဖီးလ်တွေတက်ရင်း မဆီမဆိုင် ရိုဟင်ဂျာတွေကိုပါ စိတ်ထိခိုက် နစ်နာသွားစေနိုင်တဲ့ အရေးအသားတခုအတွက် အခုထိ နောင်တရ အရှက်ရ နေရတုန်းပဲ... အဲ့ဒီအတွက် ဒီနေရာကနေ ညှိုးငယ်စွာတောင်းပန်ရင်း ဒီလို အမှားမျိုးကို နောက်ဘယ်တော့မှ မရှိစေရတော့အောင် ဆင်ခြင်သွားဖို့ သင်ခန်းစာယူ ဆုံးဖြတ်ထားတယ်...online မှာ ရေးမိလို့ online မှာတင် တောင်းပန်ယုံ မဟုတ်ဘဲ “ ခင်ဗျားကို ဒီကိစ္စကြောင့် အတော်ကိုစိတ်ဆိုးမိတယ် ” လို့ မျက်နှာချင်းဆိုင်လာပြောဖူးတဲ့သူတယောက်ကိုပါ သေသေချာချာ လေးလေးနက်နက်တောင်းပန်ခဲ့ဖြစ်တယ်... ကိုယ့်တဘဝလုံး လူပေါင်းများစွာကို ဘယ်လောက်ပဲကူညီပေးခဲ့ ပေးခဲ့ အမှားတခုလုပ်ခဲ့မိရင်ကို ကိုယ့်အပေါ် မကောင်းမြင်သူတွေက ဒီအမှားကိုပဲ လာ




**ပုံ (၇၁၊ ၇၂၊ ၇၃)။ မောင်မောင်အေး၊ ဒေါက်တာဖြိုးသီဟနှင့် ပိုးဖြူသန့်တို့၏ ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ တောင်းပန်ထားသည့် post များ။**

တော်လှန်ရေးဦးဆောင်အဖွဲ့အစည်းများအနက် အဖွဲ့အစည်းတစ်ခုဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ တာဝန်ရှိသူ ၂ ဦးမှလည်း ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ တောင်းပန်မှုများ ပြုခဲ့ကြသည်။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး နော်စူစန်နာလှလှစိုး[80] နှင့် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇော်[81]တို့မှ တောင်းပန်ကြောင်း ထုတ်ပြန်ချက်နှင့် ထုတ်ဖော်ပြောဆိုမှုများ ပြုခဲ့ကြသည်ကို တွေ့ရသည်။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ 'ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ၏ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူများဆိုင်ရာ မူဝါဒသဘောထား' တစ်ရပ်ကိုလည်း ၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရှိရသည်။[82] ဤအချက်များသည် ဗမာပြည်

80 NUG ဝန်ကြီး တိုင်းရင်းသားတွေနဲ့ ရိုဟင်ဂျာတွေကို တောင်းပန် https://www.mizzimaburmese.com/article/79246

81 ရိုဟင်ဂျာတွေကို တောင်းပန်ကြောင်း NUG သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူပြော https://www.rfa.org/burmese/news/nug-president-office-said-that-he-apologized-to-the-rohingya-09142022040558.html

82 ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ၏ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူများဆိုင်ရာ မူဝါဒသဘောထား https://gov.nugmyanmar.org/my/2021/06/03/%e1%80%95%e1%80%bc%e1%80%8a%e1%80%ba%e1%80%91%e1%80%b1%e1%80%ac%e1%80%84%e1%80%ba%e1%80%85%e1%80%af%e1%80%9e%e1%80%99%e1%80%b9%e1%80%99%e1%80%90%e1%80%99%e1%80%bc%e1%80%94%e1%80%ba%e1%80%99%e1%80%ac/

အတွင်းရှိ ရိုဟင်ဂျာလူမျိုးစုများနှင့် ပတ်သက်၍ ပြည်သူများ၊ ကျောင်းသားသမဂ္ဂများ၊ ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများနှင့် တော်လှန်ရေးဦးဆောင် အဖွဲ့အစည်းများတွင် ပါဝင်သူတချို့၏ ပြောင်းလဲလာသော အချက်များဖြစ်သည်။

တရားမျှတမှုရှာဖွေရေး လုပ်ငန်းစဉ်များတွင်လည်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) နှင့် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) တို့နှင့် ပူးပေါင်းလုပ်ကိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများ ရှိလာသည်ကို တွေ့ရှိရသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် '၂၀၁၁ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့နောက်ပိုင်းမှစပြီး မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း ကျူးလွန်ခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာရာဇဝတ်တရားရုံး (ICC)၏ လုပ်ပိုင်ခွင့်ကို သဘောတူကြောင်း ကြေညာချက်တစ်စောင်ကို တရားရုံး၏ မော်ကွန်းဌာနသို့ တင်သွင်းခဲ့ပြီး ဖြစ်သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ICC ၏ မှတ်ပုံတင်အရာရှိနှင့် တရားစွဲအရာရှိမှ NUG ၏ ကြေညာချက်အပေါ်တွင် လက်ခံ၊ လက်မခံ ဆုံးဖြတ်ရန် လိုအပ်ပါသည်။[83] အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) နှင့် ပတ်သက်၍လည်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ၎င်း၏ ကိုယ်စားလှယ်ကို အသိအမှတ်ပြုလက်ခံရန်နှင့် ကနဦး ကန့်ကွက်ချက်များကို ရုပ်သိမ်းကြောင်း ICJ ကို တင်ပြခဲ့သော်လည်း၊ ICJ က လက်ခံခြင်း မရှိခဲ့ပါ။[84] ထို့အပြင် မြန်မာစစ်တပ်သည် ၂၀၁၇ နှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း ၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်အား ကြိုဆိုကြောင်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) တို့မှ ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါအချက်များအရ အမြင်ပြောင်းလဲမှုများ ရှိလာသည်ကို သိမြင်နိုင်သော်လည်း တစ်တိုင်းပြည်လုံး အနေအထားအရမူ နားလည်သဘောပေါက်မှု အခြေအနေနှင့် ပမာဏကိုမူ ခန့်မှန်းရန် ခက်ခဲသည့် အနေအထားတွင် ရှိနေဆဲ ဖြစ်သည်။ ထိုသို့ တောင်းပန်ကြောင်း အမြင်များ၊ ထုတ်ဖော်ရေးသားမှုများ၊ ထုတ်ပြန်ကြေညာချက်များတွင် မည်သည့်အကြောင်းပြချက်များဖြင့် ထုတ်ဖော်ပြောဆိုသည်ဖြစ်စေ ပြောင်းလဲလာသော အမြင်များအပေါ် လက်ခံကြိုဆိုရမည်ဟု သုံးသပ်မိပါသည်။ သို့ရာတွင် လူမျိုးတုန်းသတ်ဖြတ်မှု အပါအဝင်၊ ပုံစံမျိုးစုံဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ရင်ဆိုင်ခဲ့ရသော ရိုဟင်ဂျာလူမျိုးစု၏ တရားမျှတမှု ပြန်လည်ရှာဖွေရေး အတွက် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရဦးမည်သာ ဖြစ်ပါသည်။ ကျူးလွန်ခံခဲ့ရသော သူများ၏ နစ်နာမှုများအတွက် ပြင်ပမှ မည်သူကမျှ ကြားဝင်ခွင့်လွှတ်ပေးခြင်းနှင့် လွတ်ငြိမ်းခွင့်ပေးခြင်းတို့ကို လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ ထို့အပြင် ရာဇဝတ်မှု ကျူးလွန်ခြင်းသည် ဥပဒေနည်းလမ်းများအတိုင်း ပြစ်ဒဏ်ချမှတ်နိုင်ရန် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ဤသို့ တောင်းပန်မှုများသည် ပြောင်းလဲလာသော အမြင်များကို ကိုယ်တိုင်ထုတ်ဖော်ဝန်ခံရဲသော ကောင်းမွန်သည့် လုပ်ရပ်တစ်ခုဖြစ်ပြီး၊ ကျူးလွန်ခဲ့မှုများနှင့် ပတ်သက်၍ နိုင်ငံတကာ ဥပဒေများအရလည်းကောင်း၊ ပြည်တွင်းဥပဒေများအရလည်းကောင်း ရာဇဝတ်မှုအဆင့် ကျူးလွန်မှုများတွင် ပါဝင်ခဲ့ပါကလည်း တရားမျှတမှု ရှာဖွေရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သည်။

83 International Accountability Mechanism for Myanmar Series (ICC). Asia Justice and Rights

84 International Accountability Mechanism for Myanmar Series (ICJ). Asia Justice and Rights

# သုံးသပ်ချက်

ဗမာပြည်၏ နှစ်ပေါင်း ၇၀ ကျော် သမိုင်းကြောင်း တစ်လျှောက် လူထုလှုပ်ရှားမှုများ၊ လူမျိုးရေးနှင့် ဘာသာရေး ပဋိပက္ခများ၊ လွတ်လပ်ရေးနှင့် တစ်ပါတည်း ဖြစ်ပွား လာသော ပြည်တွင်းစစ်နှင့် လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်စဉ် အထိ အလွန်ဆိုးရွားလှသည့် သမိုင်းဖြစ်ရပ်ဆိုးများ ကြုံတွေ့ဖြစ်ပွားခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ အစဉ်အဆက် အုပ်ချုပ်ရေး အာဏာရယူခဲ့သော အရပ်သားအစိုးရများနှင့် စစ်အာဏာရှင်အစိုးရများ သည် ဤဖြစ်စဉ်များနှင့် ပတ်သက်၍ ခိုင်မာမှန်ကန်သော ဖြေရှင်းမှုများ ချမှတ်နိုင်ခြင်းမရှိခဲ့သလို၊ ထိခိုက်နစ်နာခဲ့သူများအတွက် မှန်ကန်၍ လက်တွေ့ကျသည့် တရားမျှတမှု ကိုလည်း ဖော်ဆောင်နိုင်ခဲ့ခြင်း မရှိပေ။ ဤဖြစ်စဉ်များတွင် ဗမာပြည်အတွင်းရှိ လူများစု မြန်မာလူမျိုးများ အပါအဝင် တခြားသော လူမျိုးစုများနှင့် လူအဖွဲ့အစည်း များမှာ ထိခိုက်ခံစားခဲ့ရသည်ကို တွေ့ရှိရသည်။ အစိုးရအဆက်ဆက်သည် အဆိုပါ အဖြစ်အပျက်များနှင့် ပတ်သက်၍ အမှန်အတိုင်း ထုတ်ဖော်ပြောဆိုခြင်း၊ ပြဿနာများ အရင်းအမြစ်များကို ဖြေရှင်းရန် ကြိုးစားရမည့် အစား ၎င်းတို့၏ အုပ်ချုပ်ရေး အာဏာ (သို့) တချို့ အခြေအနေများတွင် လူထုထောက်ခံမှုများကို အသုံးချပြီး မီဒီယာ လက်ဝါးကြီးအုပ်မှုများ အသုံးပြုပြီး ပြည်သူများအား အချက်အလက်အမှားများနှင့် အမုန်းတရားများ ဖြန့်ချိခြင်း၊ ပျံ့နှံ့စေခြင်းများဖြင့် ၎င်းတို့၏ လုပ်ရပ်သာမှန်ကန်ကြောင်းတရားကို တည်ထောင်ခဲ့ကြသည်။

ဤလေ့လာမှုတွင် ဗမာပြည်တွင် ဖြစ်ပွားခဲ့သော သမိုင်းဖြစ်ရပ်ဆိုးများထဲမှ ပြည်တွင်းစစ်နှင့် လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်စဉ်များနှင့် ပတ်သက်ပြီး အဆင့်ဆင့် ဝါဒဖြန့်ချိမှုများကို မည်သို့မည်ပုံ လုပ်ဆောင်ခဲ့ကြောင်းကို လေ့လာဖော်ပြခဲ့ပြီး၊ နေ့ဦးတော်လှန်ရေးတော်လှန်ရေး ကာလအတွင်း အဆိုပါကိစ္စရပ်များနှင့် ပတ်သက်ပြီး အမြင်များ ပြောင်းလဲလာခြင်း ရှိ၊ မရှိ ကို သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ ပြည်တွင်းစစ်နှင့် လူမျိုးတုန်း သတ်ဖြတ်မှု ဖြစ်စဉ်များတွင် မြန်မာစစ်တပ်နှင့် အစိုးရများသည် ၎င်းတို့ချမှတ်ထားသော အမြင်များကို ၎င်းတို့ထိန်းချုပ်ထားသော မီဒီယာများမှ ဖြန့်ချိခြင်းနှင့် ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများကို တစ်ဆင့်ခံအဖြစ် အသုံးပြု၍ ဖြန့်ချိခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများကို အသုံးပြုရာတွင် အကြောက်တရားအဖြစ် အသုံးပြုခြင်းများရှိသလို၊ ထင်ရှားကျော်ကြား လွှမ်းမိုးနိုင်သူများမှလည်း အာဏာ၊ ဩဇာရှိသူများနှင့် ပူးပေါင်း

လုပ်ဆောင်ခြင်းကြောင့် ရရှိလာနိုင်သော အကျိုးအမြတ်များကို မျှော်ကိုးလုပ်ကိုင်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ဤနေရာတွင် အကျိုးအမြတ်ဆိုသည်မှာ ငွေကြေးတစ်ခုတည်းကို ရည်ညွှန်းလိုခြင်း မဟုတ်ပေ။ ဥပမာ ရုပ်ရှင်လောကတွင် ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ကဲ့သို့လည်း ဖြစ်နိုင်သည်။ တချို့သော ဖြစ်စဉ်များတွင် ၎င်းတို့ကိုယ်တိုင် မြန်မာစစ်တပ်နှင့် အစိုးရ၏ အမြင်များနှင့် ထပ်တူကြပြီး ကိုယ်တိုင်ယုံကြည်မှုအရ အချက်အလက်အမှားများနှင့် အမုန်းတရားများ ဖြန့်ချိမှုများကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ နိုင်ငံတော်အာဏာကို သိမ်းယူရန် ကြိုးစားခဲ့သည့် အချိန်မှစ၍ ပြည်သူများမှ စစ်အာဏာရှင်ဆန့်ကျင်တော်လှန်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ပြည်သူများ၏ ပြည်တွင်းစစ်နှင့် လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ အမြင်များ ပြောင်းလဲလာသည်ကို တွေ့ရှိရသည်။ တချို့သော ပြည်သူများ၊ ကျောင်းသားသမဂ္ဂများ၊ ထင်ရှားကျော်ကြားလွှမ်းမိုးနိုင်သူများမှ ၎င်းတို့၏ အမြင်ပြောင်းလဲမှုများကို ထုတ်ဖော်ပြောကြားခဲ့ကြပြီး ဝန်ချတောင်းပန်မှုများလည်း လုပ်ဆောင်ခဲ့ကြသည်။ သို့သော်လည်း ဤသို့အမြင်များ ပြောင်းလဲခြင်းသည် မည်မျှကျယ်ပြန့်ပြီး မည်မျှစစ်မှန်သည်ကိုလည်း ဆက်လက်စောင့်ကြည့်ရန် လိုအပ်ပါသည်။ နိုင်ငံရေးအရ လိုအပ်ချက်တစ်ခုအနေဖြင့် ဤသို့ ဆောင်ရွက်ခြင်းဖြစ်သည်ဆိုပါက စစ်မှန်မှုနှင့် ပတ်သက်၍ မေးခွန်းထုတ်စရာများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် အမှန်တကယ် အမြင်ပြောင်းလဲမှုများ ရှိပါက ပြည်တွင်းစစ်နှင့် လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်စဉ်များအတွင်း ထိခိုက် နစ်နာခဲ့သူများနှင့် အတူရပ်တည်၍ တရားမျှတမှု ရှာဖွေရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပါဝင်ခြင်းဖြင့် သက်သေပြနိုင်ရန် တိုက်တွန်းပါသည်။ ထို့အပြင် ဤဖြစ်စဉ်များတွင် ပါဝင်ရေးသားဖြန့်ချိမှုများသည် ရာဇဝတ်မှုမြောက်သော အခြေအနေများဖြစ်ပါက ကိုယ်တိုင်ရင်ဆိုင်ခြင်းအားဖြင့် မိမိတို့၏ ပြောင်းလဲလာသော အမြင်များ၏ တန်ဖိုးကို ဆက်လက်မြှင့်တင်ရန် လိုအပ်ပါသည်။ အမှန်တရားကို ထုတ်ဖော်ပြောဆိုခြင်း၊ မိမိတို့၏ အမှားများကို ဝန်ချတောင်းပန်ခြင်းများသည် တရားမျှတမှု ဖော်ဆောင်ရန်အတွက် ကောင်းမွန်သော ခြေလှမ်းအစဖြစ်ပါသည်။ ဤနေရာတွင် ထပ်မံဖော်ပြလိုသော အချက်မှာ တရားမျှတမှုနှင့် ပတ်သက်၍ အဓိကအကျဆုံးသူများမှာ ထိခိုက်နစ်နာခဲ့ရသူများဖြစ်ပြီး ၎င်းတို့၏ တရားမျှတမှုရရှိရေး ဖြစ်စဉ်များအတွက် မည်သူကမျှ ဝင်ရောက်လွှမ်းမိုးနိုင်ခြင်း ရှိမည် မဟုတ်ပေ။

ဤလေ့လာမှုအရ သုံးသပ်သိရှိရသည့် အချက်တစ်ချက်မှာ ပညာရေးကဏ္ဍတွင် ဖြစ်သည်။ မြန်မာစစ်တပ်နှင့် အစိုးရအဆက်ဆက်သည် ဗမာပြည်အတွင်း ဖြစ်ပွားခဲ့သော အထက်ပါ သမိုင်းဖြစ်ရပ်ဆိုးများနှင့် ပတ်သက်၍ အမှန်တရားကို အခြေပြုသည့် အချက်အလက်များကို ပြည်သူများ သိရှိမည်ကို မလိုလားပေ။ ထို့ကြောင့် အခြေခံပညာရေးမှအစ အဆင့်မြင့်ပညာရေးအထိ ဤဖြစ်ရပ်ဆိုးများနှင့် ပတ်သက်၍ ထိရောက်သော လေ့လာမှုများပြုနိုင်သည့် အခြေအနေများကို ထည့်သွင်းထားခြင်းမရှိပေ။ မြန်မာဘာသာစကား၊ မြန်မာလူမျိုးများ၏ သမိုင်းကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာကို ဦးစားပေးသည့် ပညာရေးစနစ်ကိုသာ ဖန်တီးထားပြီး တခြားသော လူမျိုးစုများနှင့် လူအဖွဲ့အစည်းများကို ကန့်သတ်ထားသည့် လူမျိုးကြီးဝါဒအခြေပြု ပညာရေးစနစ်သာဖြစ်သည်။ ထိုပညာရေးစနစ်သည် ပြည်တွင်းစစ်၏ အဓိက အခြေခံကြသည့် လူမျိုးစုများ၏ တန်းတူမှုနှင့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်အတွက် အတားအဆီးတစ်ခု ဖြစ်နေပေသည်။ မှန်ကန်သော သမိုင်းကြောင်း အချက်အလက်များ၊ လူမျိုးစုများ၏ စုံလင်ကွဲပြားမှုများနှင့် မတူညီသော ကိုးကွယ်ယုံကြည်မှုများ၏ အခြေခံအချက်များကို လေ့လာစေရန်နှင့် သင်ကြားပေးရန် ပျက်ကွက်မှုကြောင့် မြန်မာစစ်တပ်နှင့် အစိုးရအလိုကျ အချက်အလက်အမှားများနှင့် အမုန်းတရားများကို ဖြန့်ဝေနိုင်ရန်အတွက် ရေခံမြေခံကောင်းကို ဖြစ်ပေါ်စေခဲ့သည်ဟု သုံးသပ်မိပါသည်။

ထို့အပြင် အနာဂတ် ဗမာပြည်ကို ပြန်လည်ထူထောင်ရာတွင်လည်း ဤကဲ့သို့ အချက်အလက်အမှားများနှင့် အမုန်းတရားများကို ကျော်လွှားနိုင်ရန် အရေးကြီးပါသည်။ အမှန်တကယ် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရာတွင် မြန်မာမဟုတ်သော လူမျိုးစုများ၏ အမြင်၊ ရှုထောင့်နှင့် လိုလားချက်များအပေါ်တွင် လေးစားမှုပြုရန် လိုအပ်ပေသည်။ ယခုဖြတ်သန်းနေရသော နွေဦးတော်လှန်ရေးကာလအတွင်း ပါဝင်နေသော တော်လှန်ပြည်သူများနှင့် တော်လှန်ရေးအစုအဖွဲ့များအတွက်

သတိပြုသင့်သည့်အချက်မှာ အနာဂတ် လူ့အဖွဲ့အစည်းကို ထူထောင်ရာတွင် အရေအတွက်ကို အခြေမခံဘဲ၊ တည်ရှိမှု သမိုင်းကြောင်းနှင့် အတိတ်ဖြစ်ရပ်ဆိုး များကိုပါ လေ့လာ သိရှိပြီး မှန်ကန်သော ချဉ်းကပ်မှုများ ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ထို့အပြင် အတိတ်က လွဲမှားခဲ့သော ရပ်တည် ချက် အမှားများ၊ အမြင်အမှားများနှင့် ပတ်သက်၍ အပြန်အလှန်နားလည်မှု တည်ဆောက်ရန် လိုအပ်ပါ သည်။ ထိုကြောင့် ပြည်တွင်းစစ်နှင့် လူမျိုးတုန်း သတ်ဖြတ် မှု ကိစ္စရပ်များတွင်သာမက လူ့အဖွဲ့အစည်း၏ မှားယွင်း သော ဦးတည်ချက်များကို ဖြစ်ပေါ်စေခဲ့သော အခြေ အနေများအတွက် ခိုင်မာပြီး အနှစ်သာရရှိသော ဝန်ချ တောင်းပန်သော လုပ်ရပ်များကို ဖော်ထုတ်နိုင်ရန် တိုက်တွန်း ပါသည်။ ထို့အပြင် လူမျိုးစုများနှင့် လူ့အဖွဲ့အစည်းများ ကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးမြင့်စေ သော ဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်းဖြင့်လည်း ကောင်း၊ အတိတ်တွင် ကျူးလွန်ခဲ့မှုများအတွက် ဥပဒေ အရ အပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေမှုများကို အဆုံးသတ်၍ ထိခိုက်နစ်နာသူများ အားလုံးအတွက် တရားမျှတမှုဖော်ဆောင်ရန် လွန်စွာ အရေးကြီးကြောင်း တင်ပြအပ်ပါသည်။

■

# အကိုးအကားများ


Aiden Moe ။ (၂၀၂၁)။ Facebook ကို အသုံးပြု၍ စနစ်တကျ ချိတ်ဆက်ဆောင်ရွက်သော ဝါဒဖြန့်ချိမှုများအား လေ့လာချက်။ Independent Journal of Burmese Scholarship. Vol 1.

CT။ (၂၀၂၀)။ စစ်တပ်အာဏာသိမ်းဝါဒဖြန့် 'အဖေနှင့်သားများ' ရုပ်ရှင် တပ်မတော်က ထုတ်လွှင့်မည်။ https://myanmar-now.org/mm/news/4901.

Martin Smith။ (၂၀၂၀)။ အာရကန် (ရခိုင်ပြည်နယ်) မြန်မာနိုင်ငံ အနောက်ဘက်ဒေသမှ ပဋိပက္ခမြေ။ Transnational Institute ။

ကြယ်နီသစ်။ (၂၀၁၇)။ ဗမာပါလီမန် အစိုးရရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး ဝါဒဖြန့်ပုံနှင့် အမေရိကန် ပါဝင်မှု။ ဆေးမင်တံ စာစောင်။ အတွဲ (၂)၊ အမှတ် (၂)။

ကျော်ခ။ (၂၀၁၇)။ သမ္မတ ဦးထင်ကျော်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် အတူရပ်တည်မည်ဟု ၈၈ အဖွဲ့ပြော။ https://burma.irrawaddy.com/news/2017/09/13/142547.html

ဖူးစကောလယ်တော။ (      )။ ကရင့်တော်လှန်ရေး သမိုင်း။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (ဗဟို) စည်းရုံးရေးနှင့် ပြန်ကြားရေးဌာန (သမိုင်းကော်မတီ)။

မောင်မောင်စိုး။ (၂၀၂၀)။ ရခိုင်စစ်ပွဲနှင့် သူ၏ ဇာတ်ကောင်များ (အပိုင်း ၁)။ https://burma.irrawaddy.com/article/2020/06/11/224399.html

မိုးမိုး။ (၂၀၁၈)။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး သူရဦးအောင်ကို သတိပေးခံရ။ https://burma.irrawaddy.com/news/2018/12/08/176790.html

ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့။ (၁၉၇၈)။ ဟသ်ာစီမံချက်နှင့် ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့သို့ တင်ပြချက်။ (၁၉၇၈ ခု ဇူလိုင်လ ၂၄ ရက်)။ လျှို့ဝှက်။ လက်နှိပ်စက်မူ။

ရဲဘော်သစ်မောင်။ (၁၉၉၁)။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း (၁)၊ (လွတ်လပ်ရေး

မရမီကာလများ)။ ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး။

ရဲဟိန်းအောင်။ (၂၀၂၀)။ ခွဲခြားကန့်သတ်မှု၏ ရင်းမြစ်များ [မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂ခုနှစ်၊ နိုင်ငံသားဥပဒေ) အား ဆန်းစစ်ခြင်း]။ ရန်ကုန်၊ မြန်မာ့ ယဉ်ကျေးမှု သုတေသနအသင်း။

ရဲဟိန်းအောင်။ (၂၀၂၂)။ ရိုဟင်ဂျာဆိုတာ ဘယ်သူတွေလဲ (၃)၊ ရိုဟင်ဂျာဆိုတာ တစ်ခါမှ မကြားဖူးဘူး။ တူမီးတော်လှန်ရေးစာစဉ်အမှတ် (၄၆)။

ရဲဟိန်းအောင်။ (၂၀၂၂)။ ရိုဟင်ဂျာဆိုတာ ဘယ်သူတွေလဲ (၅)၊ နိုင်ငံတကာ အသိအမှတ်ပြု ရိုဟင်ဂျာဘာသာစကား။ တူမီးတော်လှန်ရေး စာစဉ် အမှတ် (၄၉)။

ရဲဟိန်းအောင်။ (၂၀၂၁)။ ရိုဟင်ဂျာလူမျိုးစုတွေ အပေါ် ခွဲခြားဖိနှိပ်တဲ့ စာသားတွေနဲ့ အဆိုတော်လွှမ်းပိုင် https://www.facebook.com/pho.thagyan.7/posts/pfbid037WA9k52hJhEgWigVpNNXgZm6sjUTDebigbnMMWiowFJBksJTHQ3g6jGcgXjj1Kqnl

ဝင်းတင်ထွန်း။ (၂၀၁၀)။ ဗမာပြည်နိုင်ငံရေးပါတီ အဖွဲ့အစည်း အသင်းအပင်းများ အညွှန်း။ နေ့သစ် အင်အားစုမှ ထုတ်ဝေဖြန့်ချိသည်။

ဝင့်ထည်။ (၂၀၀၇)။ မင်းသားကြီး ဦးထွန်းဝေတို့ ထုံး နှလုံးမူကြစေချင်။
http://drlunswe.blogspot.com/2007/09/blog-post_8174.html

သူဇာ။ (၂၀၁၄)။ ဘူးသီးတောင်၊ မောင်တော သန်းခေါင်စာရင်းကောက်ယူမှု ဘင်္ဂါလီလူမျိုးများ ငြင်းဆန်။
https://burma.irrawaddy.com/news/2014/04/02/57106.html

ဦးကျော်ညိန်း။ (၁၉၇၉)။ နှစ် ၃၀ မြန်မာ့အသံ။ ရန်ကုန်၊ စာပေဗိမာန်။

- ။ ကိုးကန့်တိုက်ပွဲဝင် တပ်မတော်သားများကို ရုပ်ရှင်သရုပ်ဆောင်များ အားပေး။
https://burmese.dvb.no/archives/81873

- ။ 'ကြယ်စင်မော်ကွန်း' ရုပ်ရှင်ဇာတ်ကား ပေါ်လစီကားလား။
http://blog.irrawaddy.com/2014/12/blog-post_9.html

- ။ 'စစ်ကို မုန်း၍ တိုက်ခဲ့သည်' ဇာတ်ကားနဲ့ ပတ်သက်ပြီး ပြောလာတဲ့ စိုးမြတ်နန္ဒာ။
https://old.mmload.com/news/16402

- ။ (၂၀၁၄)။ ခွဲခြားဖိနှိပ်သော မူဝါဒများ (မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာမူဆလင်များအပေါ် မတရားဖိနှိပ်သော နိုင်ငံတော်၏ မူဝါဒများကို အဆုံးသတ်ခြင်း)။ Fortify Rights ။

- ။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အမျိုးသား ညီညွတ်ရေးအစိုးရ၏ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ ပြည်သူများဆိုင်ရာ မူဝါဒ သဘောထား။ https://
gov.nugmyanmar.org/my/2021/06/03/
%e1%80%95%e1%80%bc%e1%80%8a%e1
%80%ba%e1%80%91%e1%80%b1%e1
%80%ac%e1%80%84%e1%80%ba%e
1%80%85%e1%80%af%e1%80%
9e%e1%80%99%e1%80%b9%e1
%80%99%e1%80%90%e1%80%99%e1%80%bc%
e1%80%94%e1%80%ba%e1%80%99%e1%80%ac/

- ။ (၂၀၀၂)။ မုဒိမ်းကျင့်ခွင့်လိုင်စင်- မြန်မာ နိုင်ငံ၊ ရှမ်းပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲအတွင်း မြန်မာစစ်အစိုးရ အသုံးပြုလျက်ရှိသည့် လိင်အကြမ်းဖက်မှု။ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်နှင့် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဖလှယ် လှုပ်ရှားဆောင်ရွက်ရေးအသင်း။ ချင်းမိုင်။

- ။ (၁၉၄၉)။ မြန်မာနိုင်ငံတော်နှင့် ဆူပူသောင်းကျန်းမှုများ။ ရန်ကုန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ။

- ။ (၂၀၁၈)။ မြန်မာ့နိုင်ငံရေးနှင့် တပ်မတော် အပိုင်း (၁)။ ရန်ကုန်၊ မြဝတီစာပေတိုက်။

- ။ မြန်မာ့သမိုင်းနှင့် တိုင်းရင်းသားလူမျိုးများတွင် ရိုဟင်ဂျာမရှိပါ။ https://www.mora.gov.mm/post/3915?fbclid=IwAR1MG0v4nnDit0zTsPuQV7FoQN3xKrIG3mR-1zc1ooiXPXzoauzm2ohggPc

- ။ (၂၀၁၇)။ မြန်မာနိုင်ငံမှ ရိုဟင်ဂျာ ပြဿနာသည် အန္တရာယ်ရှိသော နောက်ထပ်အဆင့်တစ်ခုသို့ ချဉ်းနင်းဝင်ရောက်။ International Crisis Group. Asia Report N. 292 ။

- ။ (၂၀၁၈)။ မြန်မာ - ရိုဟင်ဂျာ လူမျိုးများအတွက် လူ့အခွင့်အရေး။ Burma Campaign UK ။

- ။ မြန်မာ့အခြေအနေကို အမေရိကန် နားမလည်၍ တပ်ချုပ်အပါအဝင် စစ်ဘက်ခေါင်းဆောင် ၄ ဦးကို ပိတ်ဆို့အရေးယူဟု NLD ပြော။ https://www.facebook.com/khitthitnews/posts/pfbid05D2vUhSrKsY2VhXXMq4eRf16uLyafASmv3N3GwuiqEu33KSY2eDAbEuALzEynQxjl

- ။ (၁၉၆၄)။ မေယုနယ်ခြားခရိုင်။ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၉)။ ရန်ကုန်၊ စာပေဗိမာန်။

- ။ (၁၉၉၂)။ ရိုဟင်ဂျာ ပြဿနာနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒုက္ခသည်များ ပြဿနာအပေါ် လေ့လာချက်စာတမ်း။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ဗဟိုကော်မတီဌာနချုပ် (သုတေသနဌာနခွဲ)။။

- ။ ရိုဟင်ဂျာမရှိကြောင်း ကမ္ဘာကို သက်သေအခိုင်အမာပြနိုင်ရန် သမိုင်းမှုကြမ်း ရေးဆွဲပြီးစီး။ http://burmese.dvb.no/archives/252680

- ။ ရိုဟင်ဂျာ မရှိကြောင်း ကမ္ဘာသိအောင် လုပ်ဖို့ လွှတ်တော်မှာ ဆွေးနွေး။ https://www.bbc.com/burmese/burma-42951145

- ။ ရိုဟင်ဂျာ ရှိ၊ မရှိ နိုင်ငံရေးသမားများနှင့် ခေါင်းဆောင်များ၏ ပြောဆိုချက်။ https://burma.irrawaddy.com/opinion/interview/2017/09/15/142732.html

- ။ ရိုဟင်ဂျာအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်နှင့် ကာချုပ်ကို အာဂျင်တီးနားတရားရုံးတွင် အမှုဖွင့်။ https://burmese.dvb.no/archives/356642

- ။ ရိုဟင်ဂျာတွေ့ကို တောင်းပန်ကြောင်း NUG သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူပြော https://www.rfa.org/burmese/news/nug-president-office-said-that-he-apologized-to-the-rohingya-09142022040558.html

- ။(၂၀၁၃)။ ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။ လျှို့ဝှက်။

- ။ (၂၀၁၇)။ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူလူထုများအတွက် ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ်ပေါ်ထွန်းလာနိုင်ရေးကို ဦးတည်လျက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာ။Advisory Commission on Rakhine State ။

- ။ ရခိုင်ပြည်နယ် ပဋိပက္ခဆိုင်ရာ စာတမ်းတို။ https://www.rohingyanewsbank.com/2020/07/blog-post_97.html

- ။ ဗိုက်ကတ်ကိုင်သူ အရေအတွက် ၆ သိန်းခန့်သာရှိဟု အစိုးရပြော။ http://burmese.dvb.no/archives/82201

ဗိုက်ကတ် အပ်နှံမှုလုပ်ငန်းစဉ်များ စတင်။ https://burma.irrawaddy.com/news/2015/04/02/73487.html

- ။ အစွန်းရောက် ဘာသာတရားဆိုသည်မှာ ဘင်္ဂါလီများကို ရည်ညွှန်းခဲ့ခြင်းဟု သူရဦးအောင်ကို ပြော။ https://www.facebook.com/theirrawaddyburmese/videos/2061085283934980

- ။ ICJ ကိစ္စ 'အရေးကြီးပြီ သွေးစည်းကြစို့' ဟု နိုင်ငံခြားရေး ဝန်ကြီးဌာန ထုတ်ပြန်။ https://www.bnionline.net/mm/news-69455

- ။ NUG ဝန်ကြီး တိုင်းရင်းသားတွေ့နဲ့ ရိုဟင်ဂျာတွေ့ကို တောင်းပန် https://www.mizzimaburmese.com/article/79246

Buchanan, Francis (1799). A Comparative Vocabulary of Some of the Languages Spoken in the Burma Empire. Asiatic Researches 5. 219 - 240.

Lee, Ronan. (2021). Myanmar's Rohingya Genocide: Identity, History and Hate Speech. London: I. B. Tauris.

McPherson, PoppyK (2018)K Exclusive: Fake photos in Myanmar army's 'True News' book on the Rohingya Crisis. https://www.reuters.com/article/us-myanmar-rohingya-photos-exclusive/exclusive-fake-photos-in-myanmar-armys-true-news-book-on-the-rohingya-crisis-idUSKCN1LF2LB?fbclid=IwAR3D6wbohvfDinQIVwxe5V5_VsSgYEuCpJvl9x0yDd-SCuxfNvFhChiWu2o

Prasse-Freeman, Elliott. (2021). Hate Bait, Micro-publics, and National (ist) Conversations on Burmese Facebook. Independent Journal of Burmese Scholarship. Vol 1.

Smith, Martin. (1999). Burma: Insurgency and the Politics of Ethnicity. Bangkok: White Lotus.

- International Accountability Mechanism for Myanmar Series (FFM). Asia Justice and Rights.
- International Accountability Mechanism for Myanmar Series (IIMM). Asia Justice and Rights.
- International Accountability Mechanism for Myanmar Series (ICC). Asia Justice and Rights
- International Accountability Mechanism for Myanmar Series (ICJ). Asia Justice and Rights
- International Accountability Mechanism for Myanmar Series (UJ). Asia Justice and Rights
- (2018). Report of the detail findings of the Independent International Fact-Finding Mission on Myanmar.
- (1996). The Rohingya Muslims. Ending a Cycle of Exodus? Human Rights Watch, September 1996.

■

